www.burmeseclassic.com

PUBLISHING GROUP

# လင်းညိုသွေး

## အနမ်းစက်ဝိုင်း

BURMESE CLASSIC .com



Linn Nyout Thway

KISSCYCLE

(Strange Love Story)

www.burmeseclassic.com

www.burmeseclassic.com



## လင်းသို့သွေး၏ ထွက်ရှိပြီးစာအုပ်များ


၁။ အသည်းခွဲဖက်ရှင်

၂။ တိမ်တိုက်တို့ရဲ့ အသွင်ကွဲရာသီ

၃။ ကိုယ်တိုင်ရိုက်ချိုးတဲ့ ပန္နမ်နံရိုး

၄။ ဒဏ်ရာစက်လက် ဒိုင်ယာရီ

၅။ ရွှေမင်းသမီးရဲ့ပျော်တော်ဆက်
(မျက်ခြယ်ဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)

၆။ ဂျစ်ပစီ သင်ခန်းစာ

၇။ မာယာကစားပွဲ
(မပော်ဂနီဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)

၈။ ရင်ခုန်သံစီးချင်း

၉။ နတ်သမီးချည်တိုင်
(နယ်သစ်ဦးဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)

၁၀။ အလင်းဖျောက်ကြယ်
(မာန်ထက်ချိုဗီဒီယိုထုတ်လုပ်ရေးမှ ဇာတ်ကားရိုက်ကူးရန် ဝယ်ယူထား)

၁၁။ ရည်းစားရဲ့ရည်းစား

၁၂။ ချစ်သူခိုင်းဖတ်

၁၃။ ရင်ပွက်တမ်းကဗျာ
(မာန်ထက်ချိုဗီဒီယိုထုတ်လုပ်ရေးမှ ဇာတ်ကားရိုက်ကူးရန် ဝယ်ယူထား)

၁၄။ အနမ်းစက်ဝိုင်း




### စာဖတ်သူမိတ်ဆွေများသို့ မေတ္တာရပ်ခံချက်

ဤစာအုပ် နောက်ဆုံးစာမျက်နှာတွင် ပါရှိသော ရုပ်ပုံအား မဖျက်ဆီးရန်နှင့် စုတ်ဖြဲယူငင်ခြင်းမပြုရန် ကြိုတင်တောင်းပန်အပ်ပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမှာ ကြောက်စရာအကောင်းဆုံးအနမ်းက ဘာလဲ ... ? ...
အနမ်းဟာ အဘယ်ကဲ့သို့ အကျိုးအပြစ်တွေ ရှိပါသလဲ ... ? ...
အနမ်းဆိုတာ ကောင်းတဲ့အရာလား ဆိုးတဲ့အရာလား ... ? ...

? ? ?
? ?
?



BURMESE CLASSIC .com



အနမ်းဆိုတာ
သံယောဇဉ် ဝတ်မှုန်ကူးခြင်းပါပဲ။

အချစ်နဲ့အလွမ်းမှာ
အရောင်တွေ အမျိုးမျိုးရှိသလိုပဲ
အနမ်းမှာလည်း
အရောင်အမျိုးမျိုးရှိပါတယ်။

အဲ့ဒါကြောင့်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

အဆိုတော်မလေးတစ်ယောက် ...

စာရေးဆရာမတစ်ယောက် ...

ရုပ်ရှင်မင်းသမီးတစ်ယောက် ...

သူတို့သုံးယောက်သည် အနမ်းနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုနေကြပါသည်။ ရေးကြီးခွင်ကျယ်သဖွယ်ပေါ့လေ ... ။

ဤပြဿနာ အစမှာ ...

အပျော်ဖတ်အချစ်ဝတ္ထုရေးဆရာမက သူမ၏ဝတ္ထုထဲတွင် 'မလွမ်းဖူးတဲ့ချစ်သူတွေ မရှိသလို၊ မနမ်းဖူးတဲ့ ချစ်သူတွေလည်း မရှိပါဘူး' ဟု ရေးထားသည်။

ဒါကိုဖတ်မိတော့ အဆိုတော်မလေးက စောဒကတက်၏။

''မလွမ်းဖူးတဲ့ ချစ်သူတွေရှိသလို မနမ်းဖူးတဲ့ ချစ်သူတွေလည်း ရှိပါတယ်ဟာ။ ငါနဲ့ ငါ့ဂတ်ဂတ်နဲ့ဆို လုံးဝမနမ်းဖူးဘူး။ တစ်ခါတစ်ရံ သတိရတာကလွဲလို့ သူ့ကိုငါ လွမ်းလည်း မလွမ်းဖူးဘူး ...''

''အဲ့ဒါ တကယ်မချစ်လို့ ဖြစ်မှာပါဟာ။ တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ရင် မနမ်းဖူးရင်တောင်မှ လွမ်းတော့ လွမ်းဖူးရမယ်''

''အလဲ့ကွယ် ... တယ်ဆိုတဲ့စာပါလား။ တစ်ခါမှ ရည်းစားမထားဖူးဘဲနဲ့ အချစ်ဝတ္ထုတွေရေးနေတဲ့ စာရေးဆရာမက အချစ်





အကြောင်း ဒိုင်တွေ လွှတ်နေပါလားဟေ့''

အဆိုတော်မလေးက ခပ်ဟာဟာရယ်၍ ပြောသည်။ စကားလုံးသုံးစွဲပုံက နှိမ်သလိုလို ဘာလိုလို ... ။

''ရည်းစားမထားဖူးပေမယ့် ငါ့မှာ ခံစားတတ်တဲ့ အသည်းနှလုံးရှိတယ်လေဟာ။ အနုပညာဆိုတာ ခံစားတတ်ရင် ဖန်တီးလို့ရပါတယ်''

စာရေးဆရာမကလည်း အနုပညာနှင့် ကိုင်ပေါက်သည်။ ဒါပဲ နိုင်ကွက်ရှိတာကိုး ... ။ ထိုအခါ ရုပ်ရှင်မင်းသမီးက ပြုံးပြုံး ...

''အလွမ်းနဲ့ သတိရမှုဆိုတာ မတူဘူး။ အချစ်ရှက်လာရင် သတိရမှုဟာ အလွမ်းဖြစ်သွားတော့တာပဲ''

''အိုးဟိုးဟိုး ... လာပြန်ပြီ နောက်တစ်ယောက်။ အတွေ့အကြုံအကြွယ်ဝဆုံးဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးက လင်းစမ်းပါဦး။ အလွမ်းပြီးတော့ အနမ်းနဲ့ ပတ်သက်တဲ့ ခံစားချက်ကလေး''

ရုပ်ရှင်မင်းသမီးမျက်နှာ ရှုံ့မဲ့သွားပြီး ...

''အနမ်းဆိုတာ ငါ့အတွက်တော့ အခုအချိန်မှာ တဖြည်းဖြည်းနဲ့ အရောင်မှိန်ဖျော့လာတဲ့ ဆေးဆိုးပန်းရိုက် အဝတ်တစ်ထည်လိုပါပဲဟာ။ တကယ်တော့ လူတစ်ယောက်နဲ့တစ်ယောက် နမ်းတယ်ဆိုတာ ခံစားချက်အရရော၊ ယဉ်ကျေးမှုဓလေ့ထုံးစံအရပါ ချစ်ခင်နှစ်လိုခြင်းဆိုတဲ့ သက်ရောက်မှုကို ဖွင့်ဆိုတာပါ။ လူတစ်ယောက်ကို နမ်းပြီဆိုရင် နမ်းတဲ့လူက အနမ်းခံရတဲ့လူကို ချစ်ပါတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့။

ရုပ်ရှင်မင်းသမီးစကားဆုံးတော့ အဆိုတော်မလေးက မျက်မှောင်တွန့်၍ ...

''ချစ်သူချင်းနမ်းတာဟာ ကျန်းမာရေးကို အထောက်အကူပြုတယ်ဆိုတာကော သိကြရဲ့လား''

''ဘယ်လို ... နမ်းတာက ကျန်းမာရေးအတွက် အထောက်



www.burmeseclassic.com

www.burmeseclassic.com

အကူပြုတယ် ... ဟုတ်လား ...''

စာရေးဆရာမကော ရုပ်ရှင်မင်းသမီးပါ ပြုံးသွားသည်။ (မျက်လုံး)

''ဘာပဲဖြစ်ဖြစ် အနမ်းဆိုတာ သိမ်မွေ့နူးညံ့တဲ့ ချိုမြိန်ဖွယ် ဆက်သွယ်ချက်တစ်ခုပါပဲဟာ''

အနမ်း၏အကျိုးကျေးဇူးနှင့် Definition တွေ ဆုံးသောအခါ စာရေးဆရာမက ...

''အဲဒီစကားမှန်ရင်မှန်လိမ့်မယ် ... ဒါပေမဲ့ တစ်ခါတစ်ရံမှာ အနမ်းဆိုတာ အရမ်းကြောက်စရာကောင်းတဲ့ လုပ်ဆောင်မှုတစ်ခုဖြစ်သွားတတ်တယ်ဟ''

''ဘယ်လို ... အနမ်းက ကြောက်စရာကောင်းတယ် ဟုတ်လား ...''

''နင်က ဘာကြောင့် အဲဒီလို ပြောရတာလဲ''

ရုပ်ရှင်မင်းသမီးက မေးငေါ့ပြီး မေးတော့ ... စာရေးဆရာမ နှုတ်ခမ်းနှစ်လွှာ တဖျတ်ဖျတ် ပွင့်အာလာသည်။

''သာကေတစ်ခုရှိတယ်ဟ။ ကမ္ဘာမှာ ကြောက်စရာကောင်းတဲ့ အနမ်းတစ်ခု ပေါ်ပေါက်ဖူးတယ်။ အဲဒီဖြစ်ရပ်ဟာ ထူးဆန်းလွန်းလို့ ဒဏ္ဍာရီပုံပြင်လို့တောင် ထင်မှတ်ရတယ်။ ကြားဖူးသူတချို့ဆို ယုံတောင်မယုံကြဘူး''

''ဘယ်လိုအနမ်းမို့လို့လဲ''

''ဒါတို့ကို ပြောပြစမ်းပါဦး''

''ဂါလီလဲပြည် ဘုရင်တက်ထရပ်ချ် လက်ထက်မှာပေါ့ ...။ ဟီရောဒီယပ်စ်ဆိုတဲ့ အမျိုးသမီးကို မိဖုရားမြှောက်တယ်။ အဲဒီမှာ ...





မြင်သူတကာငေးလောက်အောင်လှပြီး အကမှာ ပငေးလို့ ဆိုရလောက်တဲ့ မယားပါသမီးလေး ဆလိုမီ အဆစ်ပါလာတယ်''

''အင်း''

''တစ်နေ့ ... နန်းတော်တွင်း ညှော်ခံပွဲတစ်ခုကျင်းပတော့ ... ဘုရင်ရဲ့ ပရောဟိတ်ဂျွန်က ဆလိုမီရဲ့မိခင် ဟီရောဒီယပ်စ်ကို အသားရောင် နီးမြန်းတာကြောင့် မိန်းမပြတ် ကြန်အင်လက္ခဏာနဲ့ မညီဘူးဆိုပြီး ပြစ်တင်ရှုတ်ချတယ်။ အဲဒီမှာ ဘုရင်က သူ့ရဲ့မိဖုရားအသစ်စက်စက်ကိုမှ ပြစ်တင်ရှုတ်ချရပ်မလားဆိုပြီး ဂျွန်ကို ရေတွင်းပျက်တစ်ခုထဲ အကျဉ်းချထားလိုက်တယ်''

''ဪ''

''ဆလိုမီဟာ အဲဒီသတင်းကြားတော့ သူ့မိခင်ကို စော်ကားဝံ့တဲ့လူကို တွေ့မြင်ချင်စိတ် ပြင်းထန်လာတာကြောင့် ... သူ့ကို တစ်ဖက်သတ်ကြိုက်နေတဲ့ စစ်ဗိုလ်လေး ချာလီကို အကူအညီတောင်းတယ်။ စစ်ဗိုလ်လေးချာလီကလည်း သူချစ်ရတဲ့လူက အကူအညီတောင်းတာကြောင့် ချက်သူ့ရဲ့အလိုကျ ဂျွန်ကို အကျဉ်းချထားတဲ့ ရေတွင်းပျက်ဆီခေါ်သွားတယ်''

''အင်း''

''ရေတွင်းပျက်ထဲမှာ မှောင်နေတာကြောင့် ဆလိုမီဟာ ဂျွန်ကို သဲသဲကွဲကွဲမမြင်ရဘူး။ အဲ့ဒါကြောင့် ချာလီကိုပြောပြီး ဂျွန်ကို ကုန်းပေါ်တင်ခိုင်းတယ်''

''အနမ်းက မလာသေးဘူးလား''

''လာတော့မှာ ခဏစောင့်။ ဂျွန် ကုန်းပေါ်ရောက်တာနဲ့ ... အရင်ဘဝက ပဋ္ဌာန်းဆက်ကြောင့်လား ဘာလားတော့ မသိဘူး။ ဆလိုမီ


www.burmeseclassic.com

www.burmeseclassic.com



ဟာ ဗွန်ကို မြင်မြင်ချင်း အရူးအမူး စွဲလမ်းသွားတယ်။ ချစ်မိပြီဆိုတာနဲ့ အပြစ်လည်း မမြင်တော့ဘူး။ မိခင်ကို စော်ကားထားတဲ့ နာကြည်းမှုတွေလည်းပျောက်ပြီး ဟန်မဆောင်နိုင်လောက်အောင် အငမ်းမရဖြစ်သွားတယ်။ အိန္ဒြေတောင် မဆည်နိုင်တော့ဘဲ ဗွန်ကိုချစ်တဲ့အကြောင်း နှုတ်ကပါ ဖွင့်ပြောတယ်''

''ဟင်''

''အဲဒီအဖြစ်ကို ရင်နာနာနဲ့ ကြည့်နေရတာက စစ်ဗိုလ်လေးချာလီ''

''သနားပါတယ်''

''ဆလိုမီဟာ အရူးအမူးဖြစ်နေပေမယ့် ဗွန်ကတော့ ဆလိုမီကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်ဘူး။ တစ်စက်ကလေးမှ အဖက်ပြန်မလုပ်ဘူး။ ဆလိုမီရဲ့ အမူအရာကိုကြည့်ပြီး အော့နလုံးနာလွန်းလို့ သူ့ကို ရေတွင်းပျက်ထဲ မြန်မြန်ပြန်ချပေးပါလို့တောင် တောင်းဆိုတယ်''

''ဩော်''

''ဗွန်ကို ရေတွင်းပျက်ထဲ ပြန်ချလိုက်တဲ့အခါမှာ ဆလိုမီဟာ အချစ်ဆိပ်တက်ပြီး မျက်ရည်စက်လက်နဲ့ မြေမှာလူးနေတယ်။ အဲဒီအဖြစ်ကို ကြည့်ပြီး မခံစားနိုင်တော့တဲ့ စစ်ဗိုလ်လေးချာလီဟာ ဓားနဲ့ သူ့ရင်ဝ သူ ထိုးစိုက်ပြီး အဲဒီနေရာမှာတင် သေပွဲဝင်သွားတယ်''

''ဟယ် ... ရူးလိုက်တာ''

''အဲဒီထက်ရူးတာ လာဦးမယ်။ အဲဒီအချိန် နန်းတော်ထဲမှာ စားသောက်ပွဲပြီးလို့ ကပွဲဆက်ရမယ့်အလှည့်။ ဘုရင်ကြီး တက်ထရပ်ချ်က အင်မတန်ချောမောလှပပြီး အင်မတန်အကကောင်းတဲ့ သူ့ရဲ့မယားပါ သမီးလေး ဆလိုမီကို သံတမန်များရှေ့မှောက်မှာ ဖျော်ဖြေကပြစေပြီး





ဂုဏ်ယူဝင့်ကြွားဖို့ စီစဉ်ထားတာ။ ဒါကြောင့် ဆလိုမီကို ကပြဖျော်ဖြေရန် အချိန်တန်ပြီဖြစ်ကြောင်း မိန့်ကြားစေခိုင်းတော်မူတယ်''

''အင်း''

''အဲဒီအချိန်မှာ အစောင့်စစ်သားတွေ ပြန်ခေါ်လာလို့ ဆလိုမီဟာ နန်းတော်ထဲ ပြန်ရောက်နေပြီ။ ဆလိုမီ စိတ်ဖောက်နေတာကို ဘုရင်ကြီးက မသိရှာဘူး။ ကဖို့ပြောတာ ဆလိုမီက ငြင်းတယ်။ အဲဒီအခါ နိုင်ငံခြားသံတမန်တွေရှေ့မှာ အရှက်ရတော့မှာမို့ ဘုရင်ကြီးဟာ ဆလိုမီကို ကဖို့ အမျိုးမျိုးချော့ပြောတယ်။ ဆုတော်အဖြစ် ကျောက်မျက်ရတနာတွေ များစွာပေးပါမယ်ဆိုတာလည်း မရဘူး''

''ဟိုစိတ်က ငယ်ထိပ်ရောက်နေတာကိုး''

''နောက်ဆုံး ... တိုင်းပြည်တစ်ဝက် ခွဲပေးမယ်။ ဧည့်သည်တွေရှေ့မှာတော့ အရှက်မကွဲပါရစေနဲ့လို့ အနူးအညွတ်တောင်းပန်ပြီးပြောတော့မှ ဆလိုမီဟာ ပထွေးဘုရင်ရဲ့အလိုကျ ကပြပါတယ်။ ဧည့်ပရိသတ်တွေက ဆလိုမီရဲ့အက ဆလိုမီရဲ့အလှမှာ နစ်မြောယစ်မူးသွားကြတယ်။ အဲဒီအဖြစ်ကိုကြည့်ပြီး ဘုရင်ကြီးဟာ ကျေနပ်နေတယ်။ ရှေ့လျှောက်နိုင်ငံခြားသံတွေကို သူ ဩဇာလွှမ်းမိုးနိုင်တော့မှာကိုး''

''အင်း''

''ဆလိုမီရဲ့အက ပြီးဆုံးသွားတော့ အသက်ပြင်းရှူသံတွေ၊ လက်ခုပ်သံတွေ၊ ချီးကျူးသံတွေ၊ ဩဘာသံတွေ ဆူညံနေတာပဲ။ အဲဒီအချိန်မှာပဲ ဆလိုမီဟာ ဘုရင်ကြီးထံ အပြေးအလွှားခစားပြီး က,ကြေးအတွက် ဆုပေးပါရန် တောင်းဆိုတယ်။ အဲဒီအဖြစ်ကြောင့် ဆူညံနေတဲ့အသံတွေလည်း ရုတ်ချည်း တိတ်ဆိတ်သွားတယ်။ ဆလိုမီရဲ့တောင်းဆိုမှုကြောင့် ဘုရင်ကြီးလည်း အံ့ဩတုန်လှုပ်သွားတယ်''

''ဘာဖြစ်လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"တိုင်းပြည်တစ်ဝက်ကို ပေးရမှာစိုးလို့လား"

"မဟုတ်ဘူး။ ဆလိုမီတောင်းတာက တိုင်းပြည်တစ်ဝက်မဟုတ်ဘဲ ပုရောဟိတ်ဂျွန်ရဲ့ဦးခေါင်းပြတ်ဖြစ်နေလို့ပဲ"

"ဟင်"

"ဆလိုမီဟာ ငိုငိုယိုယိုနဲ့ ညည်းသည်တော်တွေရှေ့မှာ ထပ်ကာထပ်ကာ တောင်းဆိုတော့ ဘုရင်ကြီးလည်း မနေသာတော့ဘူး။ ဆလိုမီဟာ သူ့မိခင်ကို စော်ကားထားတဲ့ ဂျွန်ကို ကလဲ့စားချေလိုတာကြောင့်ပဲ ဖြစ်ရမယ်ဆိုပြီး ဂျွန်ရဲ့ဦးခေါင်းကို ဖြတ်ယူခဲ့ဖို့ အမိန့်ပေး စေခိုင်းလိုက်တယ်"

"ဟယ်"

"ခဏအကြာမှာ စစ်ဗိုလ်တစ်ဦးက သွေးစိမ်းရှင်ရှင်နဲ့ မျက်တောင်ခတ်ပင် မပျက်သေးတဲ့ ဂျွန်ရဲ့ ဦးခေါင်းပြတ်ကို ငွေလင်ပန်းထဲမှာ ထည့်ပြီး ယူဆောင်လာတယ်။ ဆလိုမီဟာ ဂျွန်ရဲ့ဦးခေါင်းပြတ်ကို မြင်တာနဲ့ ငွေလင်ပန်းထဲကနေ မယူပြီး ... 'ဂျွန်ရယ် ... ဂျွန့်ကို ချစ်လွန်းလို့ ခေါင်းကိုဖြတ်ခိုင်းရတယ်။ ခွင့်လွှတ်တော့ကွယ် ... ' ဆိုပြီး ငိုကြွေးမြည်တမ်းတယ်။

အားလုံးပဲ ခဏတာ ငြိမ်သက်သွားကြပါ၏။ ပြီးမှ ...

"အင်မတန် ချောမောလှပတဲ့ ကချေသည် မင်းသမီးတစ်ယောက်ကတောင် အရူးအမူးဖြစ်ရတယ်ဆိုတော့ ... အဲဒီ ဂျွန်ဆိုတဲ့လူက ... အရမ်းချော အရမ်းလှလို့လားဟင်"

"လုံးဝမချော လုံးဝမလှဘူး။ ဂျွန်ဟာ အသားမည်းတဲ့အပြင် ရုပ်ဆိုးအကျည်းတန်တဲ့ လူတစ်ယောက်"

"ဟင် ... အဲ့ဒါနဲ့များ ... ဒီလောက်တောင် ဖြစ်ရတယ်လို့"

"အချစ်စိတ်ဆိုတာကြောင့် ဖြစ်မှာပေါ့ဟာ"





"ဟင့်အင်း ... ငါကတော့ အဲ့ဒါကို အချစ်လို့ မသတ်မှတ်ဘူး။ ရူးမိုက်လွှမ်းနေတဲ့ လိုချင်တပ်မက်မှုတစ်ခုလို့ပဲ ယူဆတယ်"

"ဘာထူးလို့လဲဟာ ... ။ တရားစကားနဲ့ ကြီးကြီးကျယ်ကျယ် ပြောရရင် ... အချစ်ဆိုတာလည်း လိုချင်တပ်မက်မှု တစ်ခုပါပဲ"

ထိုနေ့က ...

အနမ်းနှင့်ပက်သက်၍ အကျယ်တဝင့် ပြောဆိုဆွေးနွေးနေကြသော သူတို့သုံးဦးသည်

မကြာမီ ကာလတစ်ခုမှာ ...

အပွန်ကြောက်စရာကောင်းသော အနမ်းနှင့် ပက်ပင်းရင်ဆိုင်ရလိမ့်မည်ဟု စိုးစဉ်းမျှ မတွေးမိခဲ့ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



အသိတရားဆိုတဲ့ ငှက်ကြီးကို ထော်လော်ကန့်လန့်လုပ်တဲ့ နေရာမှာတော့

နှလုံးသားဆိုတဲ့ ငှက်လေးက အကဲဆုံးပဲ။





## အခန်း (၁)

သူသည် ထူးဆန်းသော လူတစ်ယောက်ဖြစ်သည်။

သူသည် မည်သို့သော လူစား ဖြစ်သနည်း ... ။

လောလောလတ်လတ် ဥပမာပြရလျှင် ...

အဝေးပြေးရထား၏ နှစ်ယောက်ခန်းအိပ်စင်မှာပေါ့ ... ။ သူနှင့်အတူ အခြားခရီးသည်တစ်ဦးပါ စီးနင်းလိုက်ပါလာသည်။

ခရီးအတော်အတန် ပေါက်သောအခါ ...

''ကျုပ်တို့သွားရမယ့်ခရီးက အဝေးကြီး။ အပျင်းပြေ တစ်ယောက်ကိုတစ်ယောက် ပဟေဠိဝှက်ရရင် မကောင်းဘူးလား''

ခရီးဖော်က စကားစ၏။ သူက ငြင်းသည်။

သို့သော် ... မရ။ ပဟေဠိဝါသနာအိုးဖြစ်ဟန်တူသူက တစ်မျိုးတစ်ဖုံ ကမ်းလှမ်းပြန်သည်။

''ဒီလိုလုပ်ဗျာ ... ကျွန်တော်မေးတာကို ခင်ဗျား မဖြေနိုင်ရင် ကျွန်တော့်ကို တစ်ထောင်တန်တစ်ရွက်ပဲပေး။ အဲ ... ခင်ဗျားမေးတာကို ကျွန်တော် မဖြေနိုင်ရင် ခင်ဗျားကို ကျွန်တော် ငါးထောင်တန်တစ်ရွက်ပေးမယ်။ ဘယ့်နှယ်လဲ''

မျက်မှောင်ကြုတ်၍ စဉ်းစားပြီး သူ သဘောတူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပြီ ... ခင်ဗျား ကျွန်တော့်ကို အရင်စမေး''

ခရီးဖော်က စမေးသည်။

''ဒီကနေ့အထိ ကမ္ဘာမှာ ကျော်ကြားပြီး အဖက်ဖက်က လူသုံးများနေတဲ့ မှန်ပြောင်းကို စတင်တီထွင်ခဲ့တာ ဘယ်သူလဲ''

''မသိဘူး။ ရော့ ... အစိမ်းတစ်ရွက် ... ''

ငွေစက္ကူကိုလှမ်းယူပြီး ခရီးဖော်က အဖြေ ပြောပြသည်။

''ခင်ဗျားနှုတ်က ခုနကထွက်လိုက်တဲ့အသံပဲ။ မှန်ပြောင်းကို တီထွင်ခဲ့တာ ရော့စ်ဗျ ... ရော့စ် ... ''

''နောက်တစ်ခု ထပ်မေးစမ်းပါဦး''

ခရီးဖော်က ထပ်မေးၿ။

''အကြောင်းအရာကို ကျွန်ုပ် ရှေ့တည့်တည့်မှာ ထားပြီး စဉ်းစားတယ်။ ကြည့်ရှုတယ်။ တွေးတောတယ်။ အလင်းရောင်တစ်ခု တဖြည်းဖြည်းချင်းကနေ အပြည့်အဝ လင်းလက်လာတာကို စောင့်စားကြည့်ရှုပါတယ် ... တဲ့။ အဲဒီစကားကို ပြောတာ ဘယ်သူလဲ''

''ဘယ်သိမလဲဗျ။ ကျွန်တော်က သူများစကားပြောတာတွေ ချောင်းနားထောင်နေတာမှ မဟုတ်တာ။ ရော့ ... ရော့ ... နောက်တစ်ရွက် ... ''

ခရီးဖော်က ပိုက်ဆံကိုယူပြီး ဝင့်ကြွားစွာ ပြုံးသည်။

''အဲဒီစကားကိုပြောတာ အင်္ဂလိပ်လူမျိုး သိပ္ပံပညာရှင် ဆာအိုက်ဇယ်နယူတန်ဗျ ... ဟဲ ဟဲ ... ''

''ပိုက်ဆံယူရတာတောင် အားနာလာပြီ။ ကျုပ်က အင်မတန် ဗဟုသုတရှိတာကိုးဗျ''

ခန့်မှုကို သူက ဂရုမစိုက်ဘဲ ...

''ဒီတစ်ခါ ကျွန်တော် မေးမယ်''





''မေးဗျာ''

''သေးသေးနဲ့မည်းမည်း။ အင်မတန်ဆိုးရွားတဲ့ အနံ့ထွက်တယ်။ နံရံကို ခြေထောက်လေးချောင်းနဲ့ တက်ပြီးတော့ ခြေထောက်သုံးချောင်းနဲ့ ပြန်ဆင်းတယ်။ နှာခေါင်းပေါက်ကနေ ရှူးရှူးပန်းထွက်ပြီး စအိုကနေ အစာကိုသွင်းတယ်။ အဲ့ဒါ ဘာကောင်လဲ''

''ဟာ ... ''

ခရီးဖော် ဉာဏ်ကြီးရှင် ဦးနှောက်စားသွားသည်။ ရှိရှိသမျှ ဗဟုသုတတို့ကို အားကုန်ညှစ်ထုတ်၍ အဖြေရရန် ကြိုးစားသည်။

တစ်နာရီ ... ၊ နှစ်နာရီ ... ၊ သုံးနာရီ ... ၊

ဘယ်လိုပဲ စဉ်းစား စဉ်းစား အဖြေမရ။ နောက်ဆုံး ... ကတိအတိုင်း အနီတစ်ရွက် ထုတ်ပေးလိုက်ရသည်။

မကျေမချမ်းနှင့် ...

''အဲဒီအကောင်ကို ကျုပ် သိချင်တယ်ဗျာ။ အဲ့ဒါ ဘာကောင်လဲ''

သူက ငါးထောင်တန်ကို သိမ်းပြီး တစ်ထောင်တန်တစ်ရွက် ဆွဲထုတ်ကာ ခရီးဖော်လက်ထဲ ထည့်ပေးလိုက်သည်။

ပြီးနောက် ... ပါးပါးရိပ်ရိပ်ပြုံး၍ ပြောသည်။

''အစိမ်းတစ်ရွက် ပြန်ယူဗျာ။ အဲဒီအကောင်ကို ကျွန်တော်လည်း မသိဘူးဗျ။ ဟဲ ဟဲ ... အိပ်ချင်လာလို့ အိပ်တော့မယ်နော်''

ထို့နောက်တွင်တော့ ...

သူသည် အိပ်စင်ပေါ်တွင်လှဲကာ တခေါခေါနှင့် အိပ်မောကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ခိုပြာရောင်ညနေခင်းသည် စွဲမက်စရာများကို ပွေ့ပိုက်ကိုက်ချီလျက် တမျှော်တခေါ် ပျံ့သန်းနေလေသည်။

ညနေခင်း၏ တလွင့်လွင့်တောင်ပံခတ်သံတွင် အင်းလျားကန်ဘောင်သည် လူသားဟု အမည်ရသော အခွံရောင်စုံ သွေးနွေးသတ္တဝါများဖြင့် အသက်ဝင် စည်ကားသိုက်မြိုက်လျက်ရှိ၏။ ဆည်းဆာရိပ်လွှမ်းမိုးနေသော ကန်ဘောင်ရိုးပေါ်ရှိ ခုံတန်းလျားတစ်ခုတွင်လည်း(ဦးရာလူစနစ်ဖြင့်) လူသားသွေးနွေးသတ္တဝါနှစ်ဦး နေရာယူထားကြသည်။

တစ်ဦးက ပုလ္လိင်ဖြစ်၍ တစ်ဦးက ဣတ္ထိလိင် ဖြစ်သည်။ သူတို့နေပုံထိုင်ပုံက တစ်ဦးနှင့်တစ်ဦး ဖော္ဒွဗ္ဗာရုံချင်း ကင်းကင်းရှင်းရှင်း တည်ရှိနေကြ၏။

ကန်ရေပြင်အား နင်းဖြတ်လာသော လေညှင်းသွဲ့သွဲ့က သူတို့နှစ်ဦးကြားမှာ လွတ်လပ်ကျယ်ပြန့်စွာ ဇေ့သရမ်းခွင့်ကို လိုင်စင်မဲ့ ရနေပါတော့သည်။

''ငါတို့နှစ်ယောက် လမ်းခွဲလိုက်ကြရအောင်''

''ဟင်''





ကောင်မလေး၏ နီရဲရဲနှုတ်ဖျားဆီမှ ခုန်ပေါက်၍ ထွက်လာသည့် သဒ္ဒါရုံကြောင့် ကောင်လေး သိသိသာသာ အထိတ်တလန့်ဖြစ်သွား၏။

''ငါတို့နှစ်ယောက်လမ်းခွဲရအောင် ... ဟုတ်လား ...။ နင်နောက်နေတာလား နဒီ။ ငါနင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိသားနဲ့ ... ဘာဖြစ်လို့ အဲဒါမျိုး ပြောရတာလဲ''

''ဘာဖြစ်လို့လဲတွေ ဘာတွေ လုပ်မနေနဲ့။ အပိုတွေ ထပ်ပြီး ကဗျာဆန်မနေနဲ့တော့။ အခုအချိန်က စပြီး နင်နဲ့ငါ ပြတ်ပြီ။ အဲ့ဒါကိုဘဲ နင့်ခေါင်းထဲထည့်ထား။ ဟုတ်ပြီလား''

ကောင်မလေး၏ အသံက ရေခဲစိမ်ထားသော သံမဏိဓားသွားနှင့် ခုတ်ထစ်လိုက်သကဲ့သို့ အေးစက်ပြတ်တောက်သည်။ ပခုံးနှစ်ဘက်မှ အစွန်းထွက်နေသည့် အတံနှစ်ချောင်းလှုပ်ရမ်းလာသည်အထိ ကောင်လေး ပျာယာခတ်သွား၏။

''ငါပြောပါရစေဦး နဒီရယ်။ ငါပြောတာ နားထောင်ပါဦးဟာ။ ငါက မိန်းကလေးတိုင်း စိတ်ကူးယဉ်တတ်ကြတဲ့ လူမျိုးမဟုတ်ဘူးဆိုတာ သိပါတယ်။ ငါက အောင်မြင်ကျော်ကြားမှုကိုလည်း မပိုင်ဆိုင်ဘူး။ ငါ့မှာ တောက်ပတဲ့ အနာဂတ်ဆိုတာလည်း မရှိဘူး။ ဒါပေမယ့် ...''

''အဲ့ဒါကိုဘဲ ငါကမုန်းတာ။ ငါက ကြီးကျယ်တဲ့ အနာဂတ်နဲ့ အောင်မြင်ကျော်ကြားပြီး ငါ့ကို မြေတောင်မြှောက်ပေးနိုင်မယ့် ယောကျ်ားမျိုးကိုဘဲ လိုချင်တာ။ နင့်လို သမာရိုးကျလူတစ်ယောက်နဲ့ မပတ်သက်ချင်တော့ဘူး။''

''နဒီ ... အဲဒီလို မလုပ်ပါနဲ့။ နင့်ကိုငါ ဘယ်လောက်ထိချစ်တယ်ဆိုတာ နင်သိပါတယ်။ နင့်ကိုငါ ဘယ်တုန်းကမှ မလှည့်စားခဲ့ဖူးဘူး။ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com

ရင်ကွဲအောင် မလုပ်ပါနဲ့ဟာ။''

''ချစ်တာတွေ သစ္စာရှိတာတွေက လက်တွေ့ဘဝမှာ အသုံးမဝင်ဘူး။ အာညောင်းခံပြီး မျက်ရည်ခံထိုးမနေစမ်းပါနဲ့ဟာ။ ကမ္ဘာပေါ်မှာငါ တပ်ယောက်တည်းမိန်းမမှ မဟုတ်တာ''

ကောင်မလေးက ထိုင်နေရာမှ တောင့်တောင့်မတ်မတ် ထ၍ ရပ်သည်။ ကောင်လေးက ကောင်မလေး၏ ပခုံးမှ အစွန်းထွက်နေသည့် သွယ်လျလျအတံကို သူ့ပခုံးမှအတံနှင့် ဖမ်း၍ဆွဲထားလိုက်သည်။

''ငါ့ကိုထားမသွားပါနဲ့နဒီရယ်။ ငါတောင်းပန်ပါတယ်။ ကျေးဇူးပြုပြီး နင်ဘာလိုချင်တယ်ဆိုတာကို ပြောပါ။ ငါပြုပြင်ပါ့မယ်။''

''တော်ပါတော့ ... ငါစိတ်ကုန်သွားပြီ။ နင်နဲ့တွဲရတာ ပျင်းလာပြီ။ နင့်ကိုငါ ရင်မခုန်တော့ဘူး''

''နင် ရင်ခုန်အောင် ငါ့ဘက်က ကြိုးစားပေးနိုင်ရင်ကော''

''အရစ်ရှည်မနေစမ်းပါနဲ့ဟာ။ ပြတ်ပြီဆိုမှဖြင့် ပြီးပြီပေါ့''

ကောင်မလေးက သူမ၏ အတံကို ဆွဲနှုတ်သည်။ ထို့နောက် ခါးအောက်မှ အရင်းတုတ်၍ အဖျားရှူးသော အတံရှည်နှစ်ချောင်းကို အသုံးပြု၍ ကော့တုန်ကော့တုန် ထွက်ခွာသွားလေသည်။

ကောင်လေးမျာ သူ့အတံတွေ တရမ်းရမ်းနှင့် စင်းစင်းဝေါင်ဝေါင် ဖြစ်ကျန်ရစ်ခဲ့ရှာ၏။ (ကြေကွဲစရာပဲနော် ... )

သူတို့နှစ်ဦး၏ ဖြစ်စဉ်ကို မလှမ်းမကမ်းမှ မျက်ဝန်းတစ်စုံက အသေအချာ စိုက်၍ ကြည့်နေပါသည်။ ထိုအကြည့်က မမြင်သာသော ကျောက်ဂွင်းတစ်စုလို အစိမ့်ယှဉ်တွေ ပြည့်နှက်ကာ သိုသိပ်နက်နဲလှပေ၏။ ဒါ ... ဘာသဘောလဲ ... ။





အင်းလျားကန်ဘောင်သည် အခွဲရောင်စုံ သွေးနွေးသတ္တဝါများဖြင့် အသက်ဝင် စည်ကားသိုက်မြိုက်လျက်ရှိတုန်းပင်။ မကြာခင် အမှောင်ရောက်လာဖို့အတွက် နေလုံးသည် ပြိုပျက်ပျောက်ကွယ်ရချေတော့မည်။

ကောင်းကင်ယံထက်တွင် တိမ်ပျံတို့ဖိတ်ဖိတ်လက်လက်တောက်နေကြလေပြီ။


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၃)

''ဒါဆို နင်နဲ့ဝီရ ပြတ်သွားပြီပေါ့။ ဟုတ်လား နဒီ''

''အေး... သူကတောင် ငါ့ကို မျက်ရည်ခံထိုးနေသေးတယ်''

''သူက ဘာလို့ မျက်ရည်ခံထိုးရတာလဲ''

''သူ့ဘက်က မပြတ်နိုင်လို့ပေါ့ဟဲ့ ရတီရဲ့။ ဒါလေးတောင်မသိဘူးလား''

နဒီဆိုသော မိန်းကလေးကတော့ အသာစီးရသူပီပီ ဂုဏ်ယူဟန်ဖြင့်ပြော၏။ သူသာ ခံဖတ်ဆို ဘယ်လိုနေမလဲမသိဘူး ...။ ရတီဆိုသော မိန်းကလေးက သူမ၏မျက်နှာပြင်ထက်မှ မျက်မှန် နက်ကလေးအား ပင့်တင်ကာ နဒီ့ကို တွေတွေစူးစူးလေးကြည့်သည်။

''နင့်နဲ့ ဝီရတွဲတာလည်း ကြာပြီ။ သူက နင့်အနွံအတာလည်း တော်တော်ခံတယ်။ အဲ့ဒါနဲ့တောင်မှ နင် ဘာဖြစ်လို့ ဝီရကို ဖြတ်ပစ်လိုက်တာလဲ''

''သူက ငါ့ဘဝအတွက် လှေကားထစ်မဖြစ်နိုင်ဘူးဟ။ အဲ့ဒါကြောင့် ဖြတ်ပစ်လိုက်တာ''

''ဝီရရဲ့ အဆင့်လည်းမနိမ့်ပါဘူး။ သူလည်းခေတ်ပညာတတ်လူငယ်တစ်ယောက်ပဲဟာ။ သူ့မိဘတွေဆိုလည်း အရမ်းအကြွယ်ဝအချမ်း



သာကြီးမဟုတ်ပေမယ့် တင့်တောင့်တင့်တယ်နေနိုင်တာပဲ''

''ဒါပေမယ့် ငါ့ဘဝကို ဆွဲတင်မပေးနိုင်ဘူးလေ။ ငါက ငါ့ဘဝကို အမြင့်ဆုံးရောက်အောင် ဆွဲတင်ပေးနိုင်မယ့် လူမျိုးကိုဘဲ လိုချင်တာ။ သူ့အနားမှာရှိတော့ ငါ့ကိုဘယ်သူမှ မကပ်တော့ဘူး။ အဲ့ဒါကြောင့် သူ့ကိုဖြတ်ပစ်လိုက်တာ။ ပြီးတော့ သူက ဖျော်ဖြေရေးတစ်ခုလောက်တောင်မှ အသုံးမဝင်ဘူး။ သူနဲ့တွဲရတာ ရေခဲတုံးကြီးကို ထိုင်ကြည့်နေရသလိုပဲ။ အရမ်းပျင်းစရာကောင်းတယ်။ တကယ့် ငပိန်းကောင်''

''ဘာဖြစ်လို့လဲဟ''

''သူ့မှာ ရည်းစားထားပြီး ငါ့ကို 'သတိ-ဓာတ်လိုက်တတ်သည်။ ဗို့အား ၁၀၀၀ ရှိသည်' ဆိုတဲ့ လျှပ်စစ်လိုမျိုး မတို့ရဲ မထိရဲနဲ့ ဖြစ်နေတာ''

''အယ်... ဟုတ်ပါ့မလား''

ရတီက မယုံမရဲ မေးသည်။ နဒီက...

''ဟုတ်ပါတယ်ဆို။ အရိပ်အကဲပြရင်တောင်မှ အဆင့်က တက်မလာဘူး။ တစ်ခါလည်း ငါက သူ့ကို စကားစလိုက်တယ်။ ယောကျာ်းတစ်ယောက်ရဲ့ လက်အရှည်နဲ့ မိန်းကလေးတစ်ယောက်ရဲ့ ခါးအကျယ်အဝန်း ထပ်တူထပ်မျှ ရှိနိုင်ပါ့မလားလို့ ...''

''အဲဒီတော့ သူက ဘာလုပ်လဲ''

''ဘာလုပ်တယ်လို့ နင်ထင်လဲ''

''အဲ''

ရတီ တစ်ချက် စဉ်းစားနေသည်။ ပြီးမှ မဝံ့မရဲနှင့် ...

''နင်ဒီလောက် အထာပေးနေမှတော့ ဘယ်ယောကျာ်းမဆို သူ့လက်နဲ့ နင့်ခါးကို ဖက်မှာပေါ့ဟာ။ ဟုတ်တယ်မလား''

''နိုးပါ''

နဒီကပြုံး၍ ခေါင်းခါပြသည်။ ရတီက စိတ်ဝင်စားသွားပြီး ...



www.burmeseclassic.com

 www.burmeseclassic.com

''ဒါဆို သူက ဘာလုပ်လဲဟင်''

နဒီက အားပါးတရ အရင်ရယ်သည်။ ပြီးမှ ပြော၏။

''ပေကြိုးယူပြီး သူ့လက်နဲ့ ငါ့ခါးကို တလဲစီ တိုင်းကြည့်တယ်လေ''

''ဟယ် ... အဲ့လိုကြီး''

ရတီပါသဘောကျပြီး တခစ်ခစ် ရယ်တော့၏။ မျက်လုံးထဲမှာလည်း ဝီရ၏ အူကြောင်ကြောင် လုပ်ဆောင်မှုကို ပုံဖော်ကြည့်မိလေသည်။ တော်းပဲ ... ။

အရယ်ရပ်တော့မှ သူမ ဆင်ခြင်သုံးသပ်မိ၏။

''သူက နင့်ကို အရမ်းတန်ဖိုးထားပြီး အရမ်းချစ်လို့ ဖြစ်မှာပါဟာ''





## အခန်း (၄)

ဒီဂျေဘားသည် ရင်ခုန်စရာ အတိပြီးနေပါသည်။ ယိမ်းထိုးလှုပ်ရှားမှုများနှင့်အတူ ဒစ်စကို ဆလိုက်မီးရောင်စုံတို့ ပွင့်ဖြာလျက် DJ ဖြည်တွန်သံတို့ဖြင့် ဆူညံပွက်ထနေ၏။

နှုတ်ခမ်းအား ဆိုးဆေး နီရဲရဲဖြင့် လိမ်းကျံပြီး ကိုယ်ကြပ်အင်္ကျီနှင့် စကပ်တိုနန့်နန့်ကို အကျော့အမော့ ဝတ်ဆင်ထားသော နဒီ၏ ရီဝေဝေ မျက်လုံးတွေသည် မှိန်ဖျော့ဖျော့ အလင်းရောင်ထဲတွင် တောင်မြောက်လေးပါးဆီ ပြေးဆော့လျက် ရှိ၏။

ကြည့်သောသူ မြင်၏။ ပြသောသူ ကသိုလ်ရ၏ဆိုသော စတိုင်လ်နှင့် ... ကိုယ်ခန္ဓာကို လှုပ်ယိမ်းရင်း သူမ စိတ်တိုင်းမကျပဲ ဖြစ်နေသည်။ ဒီညတွေ့ခဲ့သမျှ ငနဲတွေက တစ်ပွေမှ ပုံမလာချေ။

တစ်ယောက်မှ တွဲကချင်စရာ ရုပ်မပေါက်သဖြင့် ကပ်လာသမျှကို သူမခါထုတ်ပစ်ခဲ့သည်။ အိုးနင်းခွက်နင်းတွေနှင့်တော့ တွဲ၍မကချင်ပါ။ မတော် လဲနေ ဘယ့်နှယ်လုပ်မလဲ ... ။

နဒီ စိတ်ဆင်းရဲနေစဉ်မှာပင် ...

ယခုမှ ကလပ်စည်းဝိုင်းအတွင်း ဝင်လာသည့် ရုပ်ရည်သန့်ပြန့်ပြီး စမတ်(smart)ကျသည့် ယောကျ်ားပျိုတစ်ယောက်ကို တွေ့မြင်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သူမ ရင်ခုန်နှစ်လိုစိတ် ဖြစ်သွားသည်။ အကြိုက်တော့တွေ့ပြီ။

ထိုယောကျ်ားပျိုကို နဒီက လှမ်းကြည့်နေမိရာ ခဏကြာတော့ သူကလည်း နဒီ့ကို ပြန်ကြည့်ပြီး ပြုံးပြလေသည်။ နောက်တော့ ဝိုင်းအလွတ် တစ်ခုမှာ ဝင်ထိုင်ပြီး နဒီ့ကို လက်ယပ်ခေါ်၏။

ဟယ် ... မြင်မြင်ချင်းပဲ ... ။ အေးပေါ့လေ ... အိုင်တီခေတ်ပဲ။

ခပ်ထွေထွေဖြစ်နေသော နဒီသည် အိုက်တင်ခံမနေတော့ဘဲ ကျေကျေနပ်နပ်ပင် ထိုသူရှိရာဆီသို့ အကျော့ရှင်းဆုံးဖြစ်အောင် လျှောက်၍ သွားလိုက်လေသည်။

ရောက်တော့ ...

''ဆို ... ဘာကိတ်''

နဒီမေးတာကို ထိုပုဂ္ဂိုလ်က ချက်ချင်းပြန်မဖြေဘဲ နဒီ့ကိုသာ ပြုံး၍ကြည့်နေသည်။ မပိပြင်သော အလင်းမစုံမပို့မှာပင် ညို့ဓာတ်ပါသော အပြုံးက စွဲမက်ချင်စရာ ကောင်းနေ၏။

''အဆိုတော်မလေးက အကလည်း ကောင်းသားပဲ''

''အိုးဂေါ့''

q [illegible] Heao m DJသံ နှင့် ရောယှက်ထွက်ပေါ်လာသော သူ့အသံ ဩရှရှကြောင့် နဒီ ငေးကြောင်သွားရသည်။

''ယူက တို့ကို သိနေတယ်''

''သိပ်သိတာပေါ့ အဆိုတော်မလေး ခေတ်နဒီရဲ့''

''တို့က နာမည်မှ မကြီးတာ''

''ဒါပေမယ့် ကိုယ်ကတော့ မင်းကို အသေကြိုက်တာ''

''ဟိုးဆရာ ... ဟိုး ... စကားကို ရှင်းရှင်းပြော။ ဘာကိုကြိုက် တာလဲ''

''အသံကိုရော လူကိုရောပေါ့''





''ဟာကွာ''

နဒီ ခေါင်းလေးငုံ့ပြီး ရှက်ဟန်ဆောင်ပစ်လိုက်သည်။ ဒါလောက် တော့ တတ်မြောက်ကျွမ်းကျင်ပြီးသား။

သူမ ထိုင်ပုံကလည်း ဖွက်ထားရင် ရန်များတယ်ဆိုသော အနေ အထားမျိုး။

ဒီပုဂ္ဂိုလ်ကို ကြည့်ရတာ အချဉ်တော့သိပ်မဖြစ်နိုင်။ အနေအထား က လိုင်စင်တပ်ချင်စရာမို့ ဆက်လက်၍ စကားရောဖောရော လုပ်ပစ် လိုက်၏။

''တို့ကိုတော့ ယူကသိနေတယ်။ ယူ့အကြောင်းကိုတော့ တို့က ဘာမှမသိရပါလား''

''ကိုယ့်နာမည်က ဥက္ကာစိုး။ နိုင်ငံခြားက ပြန်ရောက်တာ သိပ် မကြာသေးဘူး။ မြန်မာပြည်မှာ စီးပွားရေး တစ်ခုခုဖောက်ချလုပ်ဖို့ ရည်မှန်း ထားပေမယ့် အခုချိန်ထိတော့ ဘာလုပ်ရမှန်း မသိသေးဘူး''

''တစ်ခုခု မသောက်ဘူးလား''

''လာလိမ့်မယ်''

ခဏကြာတော့ မှာထားတာတွေ ရောက်လာသည်။ ဥက္ကာစိုးက ဝိတ်တာကို ဖန်ခွက်အလွတ်တစ်လုံး ထပ်တောင်းလိုက်၏။

ဖန်ခွက်ရောက်လာတော့ ခွက်နှစ်ခွက်ထဲမှာ အဖျော်နှင့်ယမကာ ကို အချိုးကျရောစပ်သည်။

''ခေတ်နဒီ တစ်ကိုယ်တော်စီးရီးခွေ ထွက်ပြီးကတည်းက ထပ် မထွက်သေးဘူးနော်''

''အင်း ... ဟုတ်တယ်။ အခွေကြမ်းလုပ်ထားတာတော့ရှိတယ်''

''ဘာကြောင့် ဒီလောက်ကြာနေတာလဲ။ ခိုးကူးခွေတွေကြောင့် ဆိုင်းထားတာလား''



www.burmeseclassic.com

www.burmeseclassic.com



''အဲ့ဒါနဲ့လည်း ဆိုင်တယ်။ အဓိကတော့ ပရိုဂျူဆာမရှိလို့ပေါ့''

''အရင်ပရိုဂျူဆာကကော''

''ပထမခွေက အိမ်ကငွေထုတ်ပေးလို့လုပ်တာ။ အခု အရှုံးပေါ်လို့ ထပ်မထုတ်ပေးတော့ဘူးလေ''

နဒီက စိတ်လေဟန်ဖြင့် ပြောတော့ ဥက္ကာစိုးက နှစ်သိမ့်သည်။

''အသစ်တစ်ယောက်ဆိုတော့ အစပိုင်းမှာ အနာတော့ခံရမှာပေါ့။ ပေါက်သွားရင်လည်း စားရမှာလေ။ အနုပညာအလုပ် လုပ်တယ်ဆိုတာ ငွေကြေး အရှုံးအမြတ်ကိုချည်း တွက်နေလို့မရဘူး။ အနုပညာအရ အောင်မြင်မှုနဲ့လည်း ဂုဏ်ယူကျေနပ်နိုင်ရတယ်''

''အဲဒီလို နားလည်မှုရှိကဲ့ ပရိုဂျူဆာမျိုးသာရရင် သိပ်ကောင်းမှာပဲ''

''ကိုယ် မင်းရဲ့ပရိုဂျူဆာ လုပ်ပေးရမလား''

''အဲဒီလိုသာဖြစ်လာရင်တော့ အတိုင်းထက်အလွန် အကောင်းဆုံးပေါ့ရှင်''

နဒီ၏ မျှော်လင့်ချက်ထက်သန်သော အကြည့်တွေက ဥက္ကာစိုးထံမှာသာ ရစ်ဝဲဆိုက်ကပ်နေသည်။ မိုသတ္တဝါတို့၏ အသည်းနှလုံးကိုကတိမ်းကပါးဖြစ်စေနိုင်သည့် သူမ၏ မျက်လုံးရွှဲကြီးများကိုလည်း တဖျတ်ဖျတ်ပုတ်ခတ်ဆော့ကစားပြလိုက်သေး၏။

ဥက္ကာစိုးက ကလူသလို မြူသလို ဆွဲဆောင်နေသည့် နဒီ၏ မို့ဆူဖြိုးသောကိုယ်လုံးအလှအား တိမ်းမူးတပ်မက်ဟန်ဖြင့် ကြည့်ကာ ...

''ကိုယ် ဆုံးဖြတ်လိုက်ပြီ''

''ဘာကိုလဲဟင်''

''မင်းရဲ့ပရိုဂျူဆာလုပ်ဖို့ကိစ္စကိုပေါ့''

''တကယ်''





''တကယ်ပြောတာ။ မင်းအသံမှာ အထရက်ရှင်(attraction) ရှိတယ်လို့ ကိုယ်ယုံကြည်တယ်။ မင်္ဂလာရှိတဲ့ကိုယ်တို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုအတွက် ...''

ဥက္ကာစိုးက ဖန်ခွက်ကို မြှောက်သည်။ နဒီကလည်း သူမရှေ့ရှိ ဖန်ခွက်ကို ကောက်ကိုင်ကာ မြှောက်သည်။

''ချီးယား''

''ချီးယား''

သူတို့နှစ်ယောက် ဖန်ခွက်နှုတ်ခမ်းချင်း ထိတိုက်ကြသည်။ ထို့နောက် အာခံတွင်းထဲသို့ ပြိုင်တူပင် လောင်းထည့် လိုက်ကြသည်။ ကိုယ်စီကျေနပ်မှုနှင့်အတူ ရင်းခေါင်းတလျှောက် ရှိန်းမြပူဆင်းသွားရလေ၏။

ခေတ္တမျှ ငြိမ်သက်သွားရာမှ နဒီက စတင်လှုပ်ရှားလေသည်။

''ရှင် ဒီအတိုင်းကြီးပဲ အချိန်ဖြုန်းတော့မှာလား''

''ဘယ်လိုဖြစ်စေချင်လို့လဲ''

''ကျွန်မတို့နှစ်ယောက် ကကြမယ်လေ''

''အိုကေ''

နဒီက သူမ၏ လက်ယာလက်ကို မတွန့်မတို ကမ်းပေးသည်။ ထိုလက်ကို ဥက္ကာစိုးက ရဲရဲတင်းတင်းပင် စေးစေးပိုင်ပိုင် ဖမ်းအုပ်ဆုပ်ကိုင်သည်။ နောက်တော့ တွဲလက်မဖြုတ်ဘဲ ကပွဲခန်းမအလယ်သို့ ဆင်းသွားလိုက်ကြလေသည်။

ခဏအကြာတွင် ...

သူတို့နှစ်ဦးသည် ဒစ်စကိုမီးရောင်အောက် ကပွဲကြမ်းပြင်ထက်၌ ရင်ချင်းဆက်အမွှာသဖွယ် ဖြစ်ပျက်နေကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

''သူ့ကိုတော့ ငါခိုက်သွားပြီဟာ''

''မှတ်တောင်ထားရဦးမယ်။ ဝီရတုန်းကလည်း နင်ဒီလိုဘဲ ပြောတာပဲ''

ရတီက စာဖတ်နေရင်းမှ အလေးမထားဘဲ ပေါ့ပျက်ပျက် တုံ့ပြန်တော့ နဒီ အောင့်သီးအောင့်သက် ဖြစ်သွားရ၏။

''ဒီတစ်ခါတကယ်ပြောတာဟာ။ သူက ရုပ်ဖြောင့်တယ်။ ဘော်ဒီတောင့်တယ်။ စတိုင်လ် မိုက်တယ်။ ငါ့ကိုလည်း စီးရီးထုတ်ပေးဦးမှာ။ ပြီးတော့ သူက အကလည်းကောင်းတယ်ဟ။ သူနဲ့ငါ စရိုက်ချင်းတူမယ် ထင်တယ်။ သူ့ကိုတော့ ငါ အရမ်းသဘောကျသွားပြီ''

''ဒီလောက်တောင်ဖြစ်နေရင်လည်း လဲသေလိုက်တော့''

''မသေနိုင်သေးဘူးဟေ့။ သူ့ရင်ခွင်ထဲကို ဝင်ဖူးတယ်ရှိအောင် ဝင်ကြည့်ရဦးမယ်''

''ဟယ် ... နင်တော်တော်နန့်နေပါလား နဒီ''

''နန့်နန့်ပဲ''

''နင်က မိန်းကလေးဟဲ့။ အရမ်းနန့်မနေနဲ့''

''နန့်မှာပဲ''





စပ်ဖြဲဖြဲလုပ်နေသော နဒီ့ကိုကြည့်ကာ ရတီ စိတ်တိုလာသည်။

''နင်တော်တော် အူမြူးနေတယ် တုတ်လား နဒီ။ နင့်ကိုကြည့်ရတာ အချိုးကိုမပြေဘူး။ အဲဒီကောင်က ဘယ်လောက်များဖြောင့်လို့ နင်ဒီလောက် အဖြစ်သည်းနေတာလဲ''

''သူဒီအိမ်လာမှ နင်ကိုယ်တိုင် ကြည့်ကြည့်ပေါ့။ တော်ကြာဆို သူ လာတော့မှာ''

''ဘာကိစ္စလဲ''

''အလုပ်ကိစ္စအတွက် ဖေ့ါကိုလာခေါ်မှာ''

''အဲဒါကြောင့် နင်စပယ်ရှယ် အလှတွေပြင်ထားတာပေါ့လေ''

''ဒါပေါ့ဟဲ့''

နဒီက နာရီကိုကြည့်ရင်း ခေါင်းညိတ်၍ ပြော၏။ ထိုစဉ်မှာပင် ရေရှည်ညံ အသံများနှင့်အတူ အိမ်အတွင်းသို့ လူသုံးဦး ဝင်လာသည်။ အားလပ်ရက်မို့ ဘရဏီတို့မိသားစု အိမ်လာလည်ကြတာဖြစ်၏။

မီးဖိုခန်းထဲမှ ဒေါ်ထက်ထက်အောင်ပါထွက်လာပြီး မိသားစု စုံညီစွာ စကားစမြည် ပြောကြလေ၏။ အချိန်ခဏမျှကြာသောအခါ အိမ်အဝင်ပေါက်ဝမှာ လူတစ်ယောက်၏အသွင်သဏ္ဍာန် ပေါ်လာသည်။

ထိုလူကို မြင်တော့ နဒီ၏မျက်နှာဝင်းပသွားသည်။ လျှပ်စီးလက်သလိုပါပဲ။

''ဟယ် ...ကိုဥက္ကာစိုး ...လာ ...လာ ...''

နဒီက ဖျာဖျာသလဲ ဆီးကြိုပြီး ဥက္ကာစိုးကို သူမ၏မိသားစုနှင့် မိတ်ဆက်ပေးလေသည်။

''မာမီ ...ဒါ သမီးကို စီးရီးထုတ်ပေးမယ့် ပရိုဂျူဆာလေ။ ကိုဥက္ကာစိုး ...ဒါ နဒီ့မာမီ ...ဒေါ်ထက်ထက်အောင်တဲ့။ သူကတော့ နဒီ့ အစ်မအကြီးဆုံး ဘရဏီ။ သိတယ်မို့လား''


www.burmeseclassic.com

www.burmeseclassic.com

''သိပါတယ်။ ရုပ်ရှင်မင်းသမီး ခေတ်ဘရဏီက နာမည်ကြီး ပဲဟာ''

ဘရဏီက ပြုံးပြုံးရွှင်ရွှင်ပင် တုံ့ပြန်သည်။ နဒီက ဘရဏီ၏ နံဘေးမှာ ထိုင်နေသည့် ဝဝဖိုင့်ဖိုင့်လူကို ပြကာ ...

''ဒါက ဘရဏီရဲ့ခင်ပွန်း ကိုအောင်ထူးတဲ့''

''ဟုတ်ကဲ့ ...တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျ''

ဥက္ကာစိုးနှင့်ကိုအောင်ထူးလက်ဆွဲနှုတ်ဆက်ကြ၏။ ဒါ ... ထုံးစံပဲလေ ... ။ မဆွဲချင် မကိုင်ချင်လည်း ဆွဲကိုင်လှုပ်ရမ်းနေရတာ ... ။

''ဒါကတော့ သူတို့ရဲ့သားလေး ...လတ်တေဇအောင် ... တဲ့''

''ကလေးက ချစ်စရာလေးပဲ''

သုံးနှစ်အရွယ် ကလေးငယ်လေးကိုကြည့်ကာ ဥက္ကာစိုးက ပြော၏။ အမှန်က ဖအေတူ ရုပ်ဆိုးလေးပါ ... ။

''သူကတော့ အစ်မလတ်လေ။ စာရေးဆရာမ ခေတ်ရတီဆိုတာ သူပေါ့''

''ဩော် ...ဟုတ်ကဲ့ ...တွေ့ရတာ ဝမ်းသာပါတယ်''

ရတီက မျက်နှာတစ်ချက်မော့ပြီး မျက်မှန်အောက်မှ မျက်လုံးတွေဖြင့် ဥက္ကာစိုးကို ခပ်တည်တည်ပင် ကြည့်သည်။ ကျွန်မဟာ တည်ငြိမ်သူ ဣန္ဒြေရှင်ပါပေါ့လေ ... ။ ဥက္ကာစိုးက ရတီ့ကို စူးစူးစိုက်စိုက်ကြည့်ကာ နှုးညံ့စွာပြုံးပြ၏။

''ညီအစ်မတွေအားလုံး အနုပညာသမားတွေချည်းပဲနော် ...။ လေးစားပါတယ်ဗျာ။ ဒါနဲ့ ... ဒါမိသားစု အကုန်ပဲလား''

''ဟုတ်တယ်။ ဒက်ဒီက နတ်ပြည်ရောက်သွားတာ သုံးနှစ်ရှိပြီ ...''

''ဩော်''





ဥက္ကာစိုး သဘောပေါက်သွားသည်။ အဘိုးကြီးက ရှောသွားပြီပဲ ... ။ အားလုံးနှင့် မိတ်ဆက်ပေးပြီးသောအခါ ...ခွင့်ပန်နှုတ်ဆက်ပြီး ဥက္ကာစိုး အိမ်ထဲမှထွက်လာခဲ့သည်။ သူ့နောက်တွင် နဒီက ကျော့ကျော့မော့မော့ လိုက်ပါလာသည်။

ကော့လန် ကော့လန်နှင့် ... ။

သူမဝတ်ဆင်ထားတာတွေကလည်း အတိုင်းထက်အလွန်ပင် လန်ပျံနေချေ၏။

အိမ်ရှေ့မှာ ရပ်ထားသော အမိုးဖွင့်ပြိုင်ကားနီရဲရဲလေးကို တွေ့သောအခါ ပြိုင်ကားမစီးဖူးသော နဒီ ပျော်ရွှင်သွားမိသည်။ ဥက္ကာစိုး ဖွင့်ပေးသောတံခါးမှ တက်ထိုင်ပြီး ဥက္ကာစိုးမောင်းသော ဒီကားလေးကို စီးရတာ သူမ ဂုဏ်ယူနေမိသည်။ ဒီလိုသာ တစ်သက်လုံးတကယ် ဖြစ်လိုက်ချင်မိတော့၏။

ထိုနေ့က သူတို့နှစ်ဦးသည် ပြေးလွှားနေသော ပြိုင်ကားနီရဲရဲလေးပေါ်မှာပင် နှီးနှောရင်း အလုပ်ကိစ္စအား တိုင်ပင်ဆွေးနွေးကြသည်။ အပေးအယူချင်းလည်း ဖလှယ်ညှိနှိုင်းကြသည်။ အမိုးအကာမလုံခြုံသဖြင့် သည်းထန်သော လေတိုးနှုန်းက သူတို့ကို တဝိုးဝိုး အော်မြည်ထိခတ်လျှက်ရှိ၏။ အဝတ်စနှင့် ဆံနွယ်ပင်များသည် သူတို့၏ စိတ်တွေနှယ် တဖတ်ဖတ် လွင့်လန်နေကြလေသည်။

တကယ်တော့ ...

နဒီသည် သချိုာကျွမ်းကျင်သော ပုစ္ဆာတစ်ကောင် ဖြစ်သည်။ သူမ၏နှလုံးသည် အတွက်အချက်တွေနှင့် ဦးခေါင်းတွင်းသို့ ရောက်ရှိနေချေ၏။ ပုစ္ဆာခေါင်းထဲမှာ ဘာတွေ ရှိသလဲဆိုတာ ... သိတယ်မလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သူက တကယ်မိုက်တယ်မလား"

မေးပုံကိုက ကိုယ်လိုရာရဖို့ နားရှက်ခွဲ မေးတာမျိုး ...။

"အေးပါ ...ဝီရထက်တော့ သာတာအမှန်ပဲ"

"ဟုတ်တယ်။ သူက ပုံပြင်ထဲက မင်းသားကျနေတာပဲ"

ဘရဏီနှင့် ရတီ၏ သတ်မှတ်ချက်ကြောင့် နဒီ ကျေနပ်သွားမိသည်။ အဲ့ဒါ ငါ့လူကွ ... ဟု ထမခုန်ရုံ တမယ်ပါပဲ ...။ သူမ နှုတ်များမှလည်း ဂုဏ်ယူစွာ ထပ်ဆင့်အမွှန်းတင်လိုက်ပြန်သည်။

"သူက သိပ်ပြည့်စုံတာပဲနော်။ ပိုက်ဆံရှိတဲ့အပြင် ခွဲဆောင်မှုလည်းရှိတယ်"

"သူကြည့်ရတာ ကောင်းမယ့်ပုံပါပဲ။ ဒါပေမယ့် ..."

"ဘာဖြစ်သလဲ"

"သူ့ကို သိပ်မယုံနဲ့"

"နင်က ဘာသိထားလို့လဲ"

နဒီက စိုးရိမ်တကြီးမေးတော့ ဘရဏီက တွေးတွေးဆဆ ပြောဏ်။ ပညာရှိ ဖိုးကွက်ကြီးဇတိုင်လ်နဲ့ပေါ့။

"ယောကျ်ားတိုင်းဟာ စတွေ့တွေ့ချင်းတော့ ကောင်းကြတာချည်းပဲ။ ဒါပေမယ့် အချိန်ကြာလာတာနဲ့အမျှ ပြောင်းလဲကုန်ရောအတူး





သဖြင့် သူတို့လိုချင်တာ ရပြီးရင်ပေါ့"

"သူကတော့ အဲ့လို မဖြစ်နိုင်ပါဘူး။ ငါသူ့ကို ပိုပိုသဘောကျလာတယ်"

"အဲ့ဒါက နင့်ကိစ္စလေ။ ငါပြောတာက ငါ့အတွေ့အကြုံအရပြောပြတာ"

ဘရဏီကို ရတီက မျက်မှန်အောက်မှ မျက်လုံးတွေဖြင့် တွေတွေစူးစူး ကြည့်သည်။ ကစမ်းကဝါးအကြည့်ဆိုလည်း ဟုတ်တာပဲ

"နင် အဆင်မပြေဘူးလားဟင်"

"ဘာလဲ"

"နင်တို့ အိမ်ထောင်ရေး အခြေအနေလေ"

"မပြေပါဘူးတာ"

ဘရဏီက စိတ်ပျက်လက်ပျက် ခေါင်းကိုခါသည်။ ထိုအခါ ရတီက ဆက်လက်မေးမြန်းဏ်။ သိလိုစိတ် အပြည့်နဲ့ပေါ့။

"ဘယ်လိုဖြစ်တာလဲ"

"သူ့ဘက်က စဖောက်တာဟ"

"ကိုအောင်ထူးကို ပြောတာလား"

"အင်းလေ ...သူပေါ့။ အခု ငါနဲ့သူ အတူမအိပ်တော့ဘူး။ တစ်ယောက်တစ်ခန်းစီ အိပ်တယ်"

"ဟင် ...ဘာဖြစ်လို့လဲ"

"သူက တစ်ယောက်တည်းပဲ အိပ်ချင်လို့တဲ့"

"ဟယ် ... ကြုံကြုံဖန်ဖန်"

ရတီနှင့် နဒီ၏ မျက်နှာမှာ အံ့ဩဟန်တွေ လင်းဖြာသွားသည်။ သူတို့အတွက်တော့ ဒါဟာ အတွေ့အကြုံသစ်ပဲလေ။

"မှန်း ... နင့်ကိုယ်နံ့က သိပ်များဆိုးနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com

နဒီက ဘရဏီ၏ ကိုယ်လုံးကို တရှုရှု နမ်းကြည့်သည်။ ပြီးမှ ...

''ကိုယ်နံ့ကလည်း သိပ်မဆိုးပါဘူး။ နင်တို့နှစ်ယောက် တခြား ပြဿနာများ ဖြစ်ထားသေးလား''

''ဘာပြဿနာမှ မဖြစ်ပါဘူးဟယ်''

''ဒါဆိုလဲ တစ်ခုပဲ ရှိတယ်''

''ဘာလဲ''

''နင့်ယောကျ်ားက ကျန်းမာရေးအခြေအနေအရ အလေးအပင် မ,မချင်လို့ နင်နဲ့အတူ မအိပ်တာပဲ ဖြစ်ရမယ်''

''အယ်''

ဘရဏီ မျက်နှာပျက်သွားသည်။ ညောင်နာနာအသံနှင့် ...

''ငါ့ကိုယ်လုံးက အဲဒီလောက်ပဲ ဆိုးနေလို့လား''

''စတာပါဟယ်။ နင့် ဘော်ဒီက အလတ်ကြီးရှိပါသေးတယ်''

နဒီက အစ်မဖြစ်သူကို နှစ်သိမ့်၏။ ဘရဏီကတော့ တော်တော်ပဲ စိတ်ဆင်းရဲနေဟန် ရှိသည်။

''သူ ငါ့ကို စိတ်ကုန်နေတာတော့အမှန်ပဲဟာ။ ကလေးရပြီးက တည်းက ပုံစံပြောင်းနေတာ။ ယောကျ်ားတွေဟာ မိန်းမတစ်ယောက် တည်းကိုပဲ ရေရှည်ဆက်ဆံရရင် ငြီးငွေ့သွားတတ်ပုံရတယ်။ အသုံး အဆောင်ပစ္စည်းတွေလိုပဲ အသုံးပြုပြီးလို့ ဟောင်းနွမ်းရိုးအီသွားရင် အသစ် လဲချင်ကြတယ်''

''နင် ပြောသလိုဆိုရင် သစ္စာတွေ မေတ္တာတွေက အလကားဖြစ် ကုန်ပြီပေါ့။ အိမ်ထောင်တစ်ခုကို သံယောဇဉ်နဲ့ ခိုင်မြဲအောင် လုပ်လို့ကော မရနိုင်တော့ဘူးလား''

''ရှိတော့ရှိတယ် ရှားတယ်ဆိုတဲ့ စကားလိုပဲ။ မရဘူးလို့ မပြော နိုင်ပေမယ့် အခုခေတ်မှာ အဲ့ဒါတွေက ရှားပါးပစ္စည်းဖြစ်နေပါပြီ ရတီရယ်''





အထိနာနေသော ဘရဏီက ညည်းညည်းညူညူ ပြောရှာသည်။ ဘရဏီ ရှုတင် အားရက်မို့ ညီအစ်မ သုံးယောက်သား ဘရဏီတို့အိမ်မှာ စုမိနေတာ ဖြစ်သည်။

ကိုအောင်ထူးက အလုပ်သွား၍ ကလေးက မူကြိုမှာမို့ သူတို့ ပြောရဆိုရတာ လွပ်လပ်နေသည်။

''နဒီ ...နင့်ကို ဥက္ကာစိုးက ပရိုပို့စ်(propose) လုပ်ပြီလား''

''ဟင့်အင်း ... ဒါပေမယ့် မဝေးတော့တာ သေချာပါတယ်''

အပိုင်ကို တွက်ထားတာ ... ။

''သူကို နင် လက်ထက်မှာလားဟင်''

''ဒါတော့ သူက ငါ့ဘဝကို ပြောင်းလဲစေနိုင်လားဆိုတဲ့ အချက် ပေါ်မှာ မူတည်တယ်''

နဒီ့ကိုကြည့်ကာ ရတီက စိတ်ပျက်ဟန်ဖြင့် နှာခေါင်းရှုံ့သည်။

''နဒီ ...နင်က အံ့ဩစရာပဲ။ ယောကျ်ားတွေကို တွေ့ရင် ကောက် ကြည့်လိုက် ပြန်ချထားလိုက်နဲ့ ...ဈေးဝယ်နေသလိုပဲ။ အဲ့ဒါ အချစ်မှ ဟုတ်ရဲ့လား''

''ဈေးဝယ်တာ အချစ်မဟုတ်ပါဘူးဟာ။ ဒါပေမယ့် အိမ်ထောင် ဖက် ရွေးချယ်တာနဲ့ ဈေးဝယ်တာကတော့ တူတယ်။ ဈေးဝယ်ရင် နင်ကြိုက် တဲ့ပစ္စည်းကို လိုက်ရှာတယ်မလား။ မကြိုက်ဘူးဆိုရင် ထားခဲ့တယ်လေ။ တစ်ခါတလေဆိုရင် ပိုက်ဆံမချေသေးပဲနဲ့ ပစ္စည်းကကိုယ်နဲ့ အဆင်ပြေ မပြေ သိရအောင် အစမ်းဝတ်ကြည့်တယ်လေ။ ငါလည်း အဲဒီလိုပဲပေါ့''

''ဘုရားရေ... ယောကျ်ားတွေကိုလည်း ပစ္စည်းတွေလိုပဲ အဆင် ပြေမပြေ သိရအောင် နင် အစမ်းဝတ်ကြည့်သေးလား နဒီ။ အဲ့လိုတော့ မလုပ်လိုက်ပါနဲ့ဟယ်''

ရတီက ရင်တုန်သွားဟန်ဖြင့် ရင်ဘတ်ကလေးဖိပြီးပြောတော့


www.burmeseclassic.com

www.burmeseclassic.com



နဒီက တခစ်ခစ်ရယ်သည်။ သူတို့ညီအစ်မသုံးယောက်သည် ငါးနှစ်ကြီး ငါးနှစ်ငယ်တွေ ဖြစ်ပေမယ့် သူငယ်ချင်းသဖွယ် ပေါင်းသင်းလို့ရနေသည်။ ကာရံညီလွန်းတာ မဟုတ်ပေမယ့် ကာရံညှိလို့ရတာမျိုးပေါ့။

ဘရဏီက ရတီ့ကိုကြည့်ကာ ...

"ရတီ ... သူမျှားကိုပဲ ပြောမနေနဲ့။ နင့်အတွက်လည်း နင်စဉ်းစားဦး။ နင့်အသက်အရွယ်နဲ့ဆို အိမ်ထောင်ပြုဖို့သင့်ပြီ။ အသက်ကြီးမှ အိမ်ထောင်ပြုရင် မကောင်းဘူးတဲ့။ အိမ်ထောင်ပြုတာ စိတ်ညစ်စရာတွေရှိပေမယ့် မိန်းမတစ်ယောက်တာ လူ့ဝတ်ကြောင်နဲ့ နေမယ်ဆိုရင် လူ့ရိုသေရှင်ရိုသေ အိမ်ထောင်တော့ပြုသင့်တယ်။ အဲဒါကြောင့် စာအုပ်ပုံထဲမှာပဲ ခေါင်းနှစ်မနေနဲ့။ ရည်းစားလေးဘာလေးထားဖို့လည်း ကြိုးစားဦး"

"ငါမှ စိတ်မပါတာ"

ရတီ၏ အေးစက်စက် အမူအရာ [illegible]ကြည့်ကာ ဘရဏီ အားမလိုအားမရဖြစ်မိ၏။ ဒါမျိုးတွေ ကြာတာ[illegible] အထာနဲ့ ...

"ဘာလဲ ... နင်က နင့်ဆီကို အလိုအလျောက် ဆိုက်ရောက်လာမယ့် ပုံပြင်ထဲက မင်းသားမျိုးကို စောင့်မျှော်နေတာလား"

"မဟုတ်ပါဘူးဟယ်။ ငါ့ကိုယ်၌ကိုက အိမ်ထောင်ပြုဖို့ စိတ်မဝင်စားတာပါ"

"အိမ်ထောင်ပြုဖို့ စိတ်မဝင်စားဘူး လုပ်မနေနဲ့။ အခုခေတ်မှာ ကင်ဆာရောဂါတွေက ခေတ်စားနေတာ"

"ဘာဆိုင်လို့လဲ"

"အိမ်ထောင်မပြုတဲ့ အမျိုးသမီးတွေဟာ သားအိမ်ကင်ဆာ ဖြစ်နှုန်း ပိုမြင့်တယ်တဲ့"

"ဟင် ... ဘာ ... ကင်ဆာ ..."





ကင်ဆာဆိုသောစကားကြောင့် ရတီ လန့်သွားလေသည်။ အေးစက်စက် အမူအရာ ပျောက်၍ ချောက်ချောက်ချားချားလည်း ဖြစ်လာ၏။

"အဲဒါ ... တ ... တကယ်လားဟင် ..."

"ဘာကိုပြောတာလဲ"

"အိမ်ထောင်မပြုတဲ့ အမျိုးသမီးတွေဟာ သားအိမ်ကင်ဆာ ဖြစ်နှုန်း ပိုမြင့်တယ်ဆိုတာလေ"

"တကယ်ပေါ့"

"ဟင် ... ဘယ်လိုကြီးပါလိမ့်"

ရတီ မအီမလည်ဖြစ်သွားလေသည်။ ကျန်းမာရေးလိုက်စားသည့် အနေနှင့် အခုချက်ချင်းပဲ အိမ်ထောင်ထပြုရတော့မလိုလို ...။

ဒီကျန်းမာရေးလိုက်စားနည်းကြီးက မဂွတ်လိုက်တာ ...။

ဟယ် ... ဘာပဲဖြစ်ဖြစ် ကျန်းမာရေးလေးတော့ လိုက်စားဦးမှပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ညသည် မှောင်မှောင်စမ်းစမ်း ဖြစ်နေပေပြီ။ စုံစီနဖာ တိုလီမုတ်စသံတို့ဖြင့် လမ်းပေါ်မှာတော့ လူရောင်စုံ ရှုပ်ပွလို့နေဆဲပါပဲ။

အလင်းသဲ့သဲ့နှင့် မြက်စိမ်းပြင်ပေါ်မှာ ခင်းကျင်းထားသော မြရိပ်ညိုဝင်းအတွင်းရှိ Sport Bar သည် စားသုံးသူများနှင့် ပျော်ရွှင်ဖွယ်ရာ စည်ကားနေပါသည်။ လေအလာမှာ လှုပ်ယိမ်းနေသော အုန်းလက်များ၏ ပွတ်တိုက်သံ၊ ဝါးရွက်စိမ်းစိမ်းကလေးများ၏ အော်မြည်သံတို့သည် ငြိမ့်ညောင်းသော ဂီတသံနှင့်တကွ ရောယှက်ထွက်ပေါ်နေလျက်ရှိပါ၏။

နဒီနှင့် သူမ၏သူငယ်ချင်းဖြစ်သူ အိအိဝင့်အောင်သည် ထင်သာမြင်သာရှိသော ဝိုင်းတစ်ဝိုင်းတွင် ထိုင်၍ အဖျော်ယမကာ မှီဝဲရင်း လေပစ်နေကြလေသည်။

''ဟဲ့ ... အနု ယောက်ျားတစ်ယောက်ရဲ့ တင်ပါးကိုဦးစားပေးထားတဲ့ ကြော်ငြာတစ်ခု ထွက်နေပြီ သိလား''

''ပေါက်ပေါက်ရှာရှာဟယ် ... ယောက်ျားရဲ့တင်ပါးကိုများ ဦးစားပေးတဲ့ ကြော်ငြာရယ်လို့ ရှိလို့လား''

''တကယ်ပါဆို''

''ဘာကြော်ငြာလဲ''





''ပျော်ရွှင်မှုဆိုတာ သင့်ရဲ့အနီးကပ်ဆုံး အိတ်ကပ်ထဲမှာပါ ... ဆိုတဲ့ Grand Royal ကြော်ငြာလေ။ အဲဒီကြော်ငြာပိုစတာမှာ အကျီအနက်နဲ့ ဂျင်းဘောင်းဘီဝတ်ထားတဲ့ ယောက်ျားတစ်ယောက်ရဲ့တင်ပါးကို အနီးကပ်ရိုက်ပြထားတာ''

''ဟယ်''

''အဲဒီယောက်ျားရဲ့ ဘောင်းဘီနောက်အိတ်ထဲမှာ Grand Royal ပုလင်းကို ထိုးထည့်ထားတာလေ''

''ဩော်''

''အနုပညာပုံစံသစ် ဖြစ်မှာပေါ့ဟာ''

မိန်းကလေးတွေသည်လည်း ယောက်ျားလေးတွေကဲ့သို့ပင် လူစုံလွတ်လပ်လျှင် စပ်မိစပ်ရာ ပေါက်တက်ကရလေးများ စုဝေးပြောဆိုလေ့ရှိကြပါ၏။ ဝါသနာအရပေါ့လေ ...။

''အရမ်းထူးတဲ့ ဟိုသတင်းကို နင် သိပြီးပြီလား''

''ဘာသတင်းလဲ''

''ကုရာနတ္ထိဆေးမရှိဆိုပြီး ကမ္ဘာ့လူထုကို အကြီးမားဆုံးခြိမ်းခြောက်နေတဲ့ အေအိုင်ဒီအက်စ် ရောဂါဆိုးကြီးကို လုံးဝပျောက်ကင်းအောင် ကုသနိုင်နေပြီဆိုတာလေ''

''သေချာလို့လား''

''ငါလည်း Mail တစ်ခုမှာ တွေ့တာ။ အမေရိကန် ဘာလင်က အသက်(၄၂)နှစ်အရွယ် လူတစ်ယောက်မှာ အေအိုင်ဒီအက်စ်ကော သွေးကင်ဆာပါ ဖြစ်နေတာ ... တဲ့ ...။ အဲ့ဒါ သူ့ရဲ့ဂျာမန်လူမျိုးဆရာဝန်က သွေးကင်ဆာအတွက် ရိုးတွင်းခြင်ဆီ အစားထိုးလဲလှယ်ပြီး ကုပေးတာ။ အဲ့ဒါ သွေးကင်ဆာကော အေအိုင်ဒီအက်စ်ရောဂါပါ ပျောက်သွားတယ်တဲ့လေ''



www.burmeseclassic.com

www.burmeseclassic.com


''ဟင်''

''အဲဒီဆရာဝန်တ အေအိုင်ဒီအက်စ်အထူးကုလည်း မဟုတ်ဘူး။ သွေးကင်ဆာအတွက် ရိုးတွင်းခြင်ဆီလဲပေးရင်းနဲ့ အေအိုင်ဒီအက်စ်ပါ ပျောက်သွားတာ။ ဒီလူနာပဲ ကံကောင်းတာလား ... ၊ ဒါမှမဟုတ် ဒီရောဂါဆိုးကြီးအတွက် ကုသမှုနည်းလမ်းအသစ် တွေ့သွားတာလား တော့ မပြောတတ်ဘူး''

''ကုပေးတဲ့ဆရာဝန်နာမည်က ဘယ်သူတဲ့လဲ''

''ဒေါက်တာ Gero Huetter တဲ့။ German haematologist ပါတဲ့ အမေရိကန်လူနာကို သူ ရိုးတွင်းခြင်ဆီ အစားထိုးပေးပြီးတဲ့နောက် HIV ပိုး ပျံ့နှံ့နှုန်း လျော့ကျသွားတာကို ဆရာဝန်တွေက သတိထားမိတယ်တဲ့။ ဒါပေမယ့်လို့ သေချာအောင် လ(၂၀)လောက် စောင့်ကြည့်တဲ့အခါ အေအိုင်ဒီအက်စ်လုံးဝပျောက်ကင်းသွားတာကို တွေ့ရတယ် ... တဲ့ ...။ အဲ့ဒါကြောင့် ကမ္ဘာကို ဒီသတင်းတင်ပြလိုက်တာဆိုပဲ''

''ဪ''

''ဒါပေမယ့် ရိုးတွင်းခြင်ဆီ အစားထိုးတဲ့ နည်းလမ်းဟာ အကုန်အကျများသလို အန္တရာယ်လည်း များတယ်။ ပြီးတော့ ရိုးတွင်းခြင်ဆီတူတဲ့လူရှာဖို့လည်း အရမ်းခက်တယ်။ အဲ့ဒါကြောင့် AIDS ရောဂါအတွက် ပုံသေကုသဖို့ နည်းလမ်းအဖြစ်တော့ မသတ်မှတ်နိုင်သေးဘူးတဲ့။ ဒါပေမယ့် ရေနစ်နေတဲ့အချိန် ကောက်ရိုးတစ်မျှင်ပေါ့ဟယ်''

''ဒီသတင်းဟာ အမှန်ဖြစ်ပြီး ကုထုံးသာ တကယ်သေချာနိုင်မာတယ် ရောဂါပျောက်ကင်းတယ်ဆိုရင် Dr.Huetter တော့ ကမ္ဘာကျော်ပြီး နိုဗယ်လ်ဆုတောင်ရဦးမယ်''

''အေးနော် ... ဟုတ်တယ် ... ''

''ဒါပေမယ့် အွန်လိုင်းပေါ်က နောင်ပြောင်မှုတစ်ခုဆိုရင်တော့



ဒါဟာ တော်တော်ဆိုးရွားတဲ့ကိစ္စပဲ''

''ဘာပဲဖြစ်ဖြစ် ဒီသတင်းကို သိရင်တော့ HIV ပိုးရှိသူတွေ။ AIDS ဝေဒနာရှင်တွေအပြင် တစ်ကမ္ဘာလုံး ပျော်သွားကြမှာ အားတက်သွားကြမှာ သေချာပါတယ်။ မျှော်လင့်ချက် ရောင်ခြည်တွေ လင်းလက်ခွင့်ရတာပဲဟာ''

ထိုစဉ်အခိုက်မှာပင် ...

ဝန်းကျင်တစ်ခွင် လှေ့လာရေးဆင်းနေသော နဒီ၏မျက်လုံးအကြည့်တွေက တစ်နေရာဆီမှာ စိုက်ကျသွား၏။

ဒိဒိဝင့်အောင်လည်း စိတ်ဝင်တစားလိုက်ကြည့်သည်။ ထိုအခါတွင် မလှမ်းမကမ်းမှ သူမတို့ဝိုင်းဆီ ဆွေးမြေ့သော အကြည့်များ ပို့လွှတ်နေသော လူငယ်တစ်ဦးကို တွေ့မြင်လိုက်ရလေသည်။

''နဒီ ... အဲဒီကောင် ဇိရ မဟုတ်လား''

''အေး ... ဟုတ်တယ်''

''နင်နဲ့သူ ဇယားပြတ်သွားပြီလား''

''ကြာလှပေါ့''

''သူ့ပုံစံကြည့်ရတာ နင့်ကို သံယောဇဉ်မကုန်သေးတဲ့ ပုံပဲနော်''

''ဒီကောင်က အစွဲအလမ်းသာကြီးတာ။ မိန်းမတစ်ယောက်ကို ပိုင်အောင် ဘယ်လိုကိုင်တွယ်ရမလဲတောင်မှ မသိတဲ့ကောင်ဟ။ တကယ့်ငတုံး ငဖျင်း''

နဒီ၏ပါးစပ်က မှိုချိုးမှျစ်ချိုးနေစဉ်မှာပင် ဇိရက ခံစားမှုတွေ များပြားသော မျက်နှာထားနှင့် သူမတို့ဝိုင်းသို့ လျှောက်လာသည်။ ဗီဒီယိုထဲမှာဆို စလိုးမိုးရှင်းနဲ့ပေါ့။

အနားရောက်သောအခါ နဒီ့မျက်နှာကို မက်မောစွာကြည့်၍ နူးညံ့စွာခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

''နဒီ''

''ဘာလဲ''

ဆောင့်ဆောင့်အောင့်အောင့် ထူးသံကြောင့် ဝီရ တွန့်သွား၏။ စကားရှေ့ဆက်ဖို့ သူ့ခမျာ အတော်အားယူနေရဟန်ရှိသည်။ ခဏကြာမှ ဖျော့တော့စွာ အသံထွက်လာ၏။

''ငါ သိပါတယ် နဒီရယ် ...''

''ဘာသိတာလဲ''

''နင် ငါ့ဆီ ပြန်မလာချင်တော့တာ ... ငါ့ကို သံယောဇဉ်ကုန်ခမ်းသွားပြီဆိုတာတွေကိုပေါ့''

''သိလည်း ပြီးတာပဲ''

နဒီက အရေးမစိုက်ဟန်ဖြင့် တုံ့ပြန်သည်။ ပြီးသောအခါ(နှုတ်ခမ်းနီပျက်မှာစိုးသောကြောင့်) ဖျော်ရည်ကို နှုတ်ခမ်းအတွင်းသားရဲရဲလေးနှင့် မျှင်း၍ စုပ်သောက်လေသည်။ ဒုက္ခ ... ဒုက္ခ ... ။

ဝီရက နဒီနှင့် မျက်နှာချင်းဆိုင်ခုံမှာ ခပ်ရှိုရှိုဝင်ထိုင်၏။ ညှိုးငယ်သော မျက်နှာထားနှင့် သူ့ခံစားချက်တွေကို ဖွင့်ဟသည်။

''နင်က ငါ့ကို လွယ်လွယ်ကူကူ မေ့လို့ရနိုင်ပေမယ့် ငါကတော့ နင့်ကို ဘယ်လိုမှ မေ့လို မရဘူးဖြစ်နေတယ်။ နင့်ကိုငါ မခွဲနိုင်ဘူး နဒီ။ နင် ငါ့ဆီ ပြန်လာခဲ့ပါ။ ငါ့အပေါ်မှာ သံယောဇဉ် မကုန်ခမ်းပါနဲ့ဦး။ အဲ့ဒါက အရမ်းခက်ခဲမှန်း သိပါတယ်။ ဒါပေမယ့် ငါ့ကို ညှာတာပါဦးဟာ''

အသည်းကွဲမင်းသားဟန်နှင့် ဝီရ တတွတ်တွတ် ပြောနေတာတွေကို အလေးမထားဘဲ နဒီက လက်ကိုင်ဖုန်းကိုဖွင့်၍ နံပါတ်တစ်ခုအား သဲကြီးမဲကြီး နှိပ်နေ၏။

ခဏကြာတော့ သူမ ခေါ်လို့ရသွားသည်။

''ဟယ်လို ... ကိုဥက္ကာစိုး ... အခုအားလား။ နဒီ သူငယ်ချင်း





တစ်ယောက်နဲ့ Sport Bar မှာ ရောက်နေတာ ... ။ အဲ့ဒါ အပြန်တစ်ယောက်တည်း ဖြစ်နေလို့ ... လာကြိုပေးပါလား ... ။ ဒါဆို နဒီ စောင့်နေမယ်နော်''

အသံသာသာချိုမြမြနှင့်ပြောပြီး ဖုန်းကိုချလိုက်၏။ ထို့နောက် စကားလုံးတွေ တိုးလိုးတစ်လစ်ဖြစ်နေသော ဝီရကို မျက်မှောင်တွန့်၍ ကြည့်ကာ ...

''နင် ခုနက ဘာပေါ့ပြောနေတာလဲ''

''အဲ ...''

ဝီရ အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။ ရှက်စိတ်ကြောင့် မျက်နှာတစ်ပြင်လုံးလည်း ရဲသွားသည်။ တစ်ဖက်သားကို အရှုံးလုပ်သည့် ဘာသာရပ်ကို နဒီ တတ်မြောက်နေပြီ ဖြစ်၏။

သူမသည် ခနဲ့မှုပါစွာ ပြုံးပြီး ...

''နင် အသည်းကွဲနေတာလား''

နဒီ မေးတာကို ဝီရက ပြန်မဖြေချေ။ နဒီ့ကိုသာ တွေတွေကြီးကြည့်နေသည်။

''နင် အသည်းကွဲနေရင် အရက်သောက်လိုက်။ အသည်းကွဲရင် အရက်သောက်ကြတာကို ငါ့အစ်မလတ်ရဲ့ဝတ္ထုတွေထဲမှာ ဖတ်ဖူးသလို ငါ့အစ်မအကြီးဆုံးရဲ့ ဇာတ်ကားတွေထဲမှာလည်း ကြည့်ဖူးတယ်။ မြန်မာပြည်ရဲ့ လူသုံးများတဲ့ အသည်းကွဲသီအိုရီက အဲ့ဒါပဲ။ ဒါကြောင့် အသည်းကွဲတာနဲ့ အရက်သောက်တာကို ငါ့မျက်လုံးထဲမှာ တွဲမြင်နေပြီ။ အခု နင် အသည်းကွဲနေတာကြီးက အရက်ခွက်မပါတော့ သိပ်မပီပြင်ဘူး ဖြစ်နေတယ်။ အဲဒီတော့ ပီပြင်သွားအောင် အရက်မှာသောက်လိုက်။ များများသောက်လေ များများပီပြင်လေပဲ ... အိုကေ ...''



www.burmeseclassic.com

www.burmeseclassic.com



အချွန်နှင့် မ,ပြီးတာနှင့် နဒီသည် အိအိဝင့်အောင်ကို လက်ပြပြီး ကားပတ်လမ်းပေါ် ထွက်လာခဲ့သည်။ ဗီရကတော့ ထိုင်ခုံမှာထိုင်လျက် ခေါင်းငိုက်စိုက်ဖြင့် ကျန်ခဲ့၏။ ဝေဒနာတွေ ထိုးသတ်သဖြင့် သူ့ရင်ဘတ်တစ်ခုလုံးသည် မွစာကြဲ ယိုယွင်းစုတ်ပြတ်နေပြီ ဖြစ်၏။

ဆယ်မိနစ်ခန့် ကြာသောအခါတွင် Land Cruiser ကားတစ်စီး ထိုးဆိုက်လာသည်။ ထိုကားပေါ်သို့ ခါးကလေးလှုပ်၍ ပြုံးပျော်စွာ နွဲ့နွဲ့လေး လှမ်းတက်သွားတာက နဒီ ... ။

ထွက်ခွာသွားသောကားကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ရင်နာနာနှင့် ငေးကြည့်နေသူက ဗီရ ... ။

လမ်းမများသည် ကားတွေကို ရှင်းထုတ်နေပါ၏။ ညဥ့်နက်သန်းခေါင်တွင် ကားတစ်စီးသည် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို သယ်ဆောင်ကာ တရိပ်ရိပ် ပြေးလွှားနေပါသည်။

ထိုကားသည် မှောင်ရိပ်ကျသော လမ်းဘေးတစ်နေရာအရောက်မှာ ငြိမ့်ခနဲ ထိုးရပ်သွားသည်။

''ကားဘာဖြစ်သွားတာလဲဟင် ကိုဥက္ကာစိုး''

''ကားက ဘာမှမဖြစ်ပါဘူး။ ကိုယ်သာ ဖြစ်နေတာပါ''

''ဟင် ... ကိုဥက္ကာစိုးက ဘာဖြစ်လို့လဲ''

''နဒီ့ကိုချစ်လို့''

ဥက္ကာစိုး၏လက်တစ်ဖက်သည် နဒီ၏ပခုံးပေါ်သို့ ပြုတ်ကျလာသည်။ ကျန်လက်တစ်ဖက်၏ လှုပ်ရှားမှုကြောင့် ပွင့်နေသော ကားမှန်များ ပိတ်သွားကြ၏။

ကားမီးကတော့ ပွင့်လျက်သား ... ။

ကောင်းကင်ပင်မှာ ကြယ်စုံသီးနေကြလေပြီ။ မီးခိုးငွေ့တွေကြား





မှာ ဝိညာဉ်နှင့် လိမ်ယှက်တွဲကသလို စပွန်ဆာနှင့် အဆိုတော်မလေးသည် မှန်အလုံခန်းထဲတွင် အနမ်းဟုအမည်ရသော စုံတွဲတေးသီချင်းတစ်ပုဒ် သီကျူးနေကြလေသည်။

www.burmeseclassic.com

## အခန်း (၈)

"ဟယ် ... အပုန်းကောင်းလိုက်တာ ..."

စာအုပ်စင်တွင် သူမလိုချင်သော ဘာသာပြန်စာအုပ်တစ်အုပ်ကို ရတီ ရှာမတွေ့ဘဲ ဖြစ်နေသည်။

ရတီသည် စာဖတ်ဝါသနာပါသလို စာအုပ်စုဆောင်းရာတွင်လည်း ဝါသနာထုံသည်။ သူမတွင်ရှိသော စာအုပ်များသည်ပင် စာကြည့်တိုက်အငယ်စားလေးတစ်ခုစာနီးပါးရှိသည်။ ထို့ကြောင့်ပင် သူမသည် အရွယ်နှင့်မမျှအောင် ပါဝါမျက်မှန်ထူထူလေးကို မတပ်ချင်တပ်ချင်နှင့် တပ်ဆင်ထားရတာ ဖြစ်၏။

ရတီ စာအုပ်ရှာနေစဉ်မှာပဲ အိမ်ထဲသို့ လူတစ်ဦးဝင်လာသည်။ သူမ လှည့်ကြည့်လိုက်ရာ ဉက္ကာစိုး ဖြစ်နေလေသည်။

"ဩော် ... ကိုဉက္ကာစိုးပါလား ... နဒီဆီလာတာလား"

"ဟုတ်ကဲ့။ သူရှိလား"

"မရှိဘူးရှင့်။ အပြင်ထွက်သွားတယ်"

"ကြာမလား မသိဘူး"

"အဲ့ဒါတော့ မပြောတတ်ဘူးရှင့်"

"ဒါဆို ကျွန်တော် ခဏထိုင်စောင့်မယ်နော်"





ဉက္ကာစိုးသည် ဆက်တီတစ်လုံးမှာ ဝင်ထိုင်သည်။ ပြီးလျှင် မျက်လုံးတွေက အိမ်တွင်းမှာ စူးစမ်းသည်။ မေတ္တာပို့သလို အရပ်ဆယ်မျက်နှာ အနှံ့ပေါ့။

"အန်တီကော ... မရှိဘူးလား ..."

"မာမီလည်း အပြင်သွားတယ်"

"ဒါဆို ရတီတစ်ယောက်တည်း အိမ်မှာ ပျင်းနေတာပေါ့"

"မပျင်းပါဘူး။ ကျွန်မအတွက်က ဖတ်စရာစာအုပ်တွေရှိရင်ပဲ ပြည့်စုံသလို ဖြစ်နေပါပြီ"

ရတီက တစ်ဖက်လှည့်၍ စာအုပ်ရှာနေရင်းမှ ပြန်ပြောသည်။ ဉက္ကာစိုးသည် သူ့အား ကျောခိုင်းလျက် စာအုပ်ရွေးနေသော ရတီ့ကို မမိုတ်မသုန် စိုက်ကြည့်နေချေ၏။ ဘယ်ကိုလဲ ... ဘယ်ကိုလဲ ... ။

"ရတီက စာဖတ်အရမ်းဝါသနာပါတယ် ထင်တယ်နော်"

"ဟုတ်တယ်။ ကျွန်မက ငယ်ငယ်တည်းက စာဖတ်ဝါသနာပါတာ။ ကျောင်းစာတင်မဟုတ်ဘဲ အပြင်စာတွေပါ ဖတ်ရင်း စာအုပ်ပုံထဲမှာပဲ ကြီးပြင်းခဲ့တာ"

"ဒါကြောင့်လည်း စာရေးဆရာမ ဖြစ်တာပေါ့။ အင်း ... ကျွန်တော် မြင်ဖူးသမျှ စာရေးဆရာမတွေထဲမှာတော့ ရတီက အလှဆုံးပဲ။ စာရေးဆရာမဆိုရင် အညောင်းထိုင်တာ များလို့ထင်တယ်။ အမျိုးပဲဖြစ်ဖြစ် အိမ်ထောင်သည်ပဲဖြစ်ဖြစ် အကုန်လုံး ခါးတုတ်တုတ်တွေချည်းပဲ။ ရတီကတော့ အဲဒီလို မဟုတ်ဘူး။ ကိုယ်လုံးကိုယ်ပေါက် သိပ်လှတာပဲ"

ဉက္ကာစိုး၏ချီးကျူးစကားကြောင့် ရတီ ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ မနေတတ်မထိုင်တတ်နှင့် ဟိုဟာလုပ်ရမလို ဒီဟာလုပ်ရမလို တွေဖြစ်ကုန်သည်။ (စာရေးဆရာမတွေကို ခါးတုတ်တယ်ပြောတာ ဉက္ကာစိုး ပြောတာနော်။ လင်းညို့သွေးနဲ့ ဘာမှမဆိုင်ဘူး။ သားက သ[illegible]သား



www.burmeseclassic.com

www.burmeseclassic.com



နေတာ)

ခဏကြာတော့ သူမရှာနေသော စာအုပ်ကို တွေ့သွားသဖြင့် ယူငင်ကာ ဆက်တီတစ်လုံးမှာ ရတီ လာထိုင်သည်။

"ရတီရေးတဲ့ စာအုပ်တွေကို ကျွန်တော် ဖတ်ဖူးပါတယ်။ လူငယ်ကြိုက် အချစ်ဝတ္ထုချိုချိုလေးတွေနော်"

"ဟုတ်ကဲ့ရှင့်"

"ဝတ္ထုတိုင်းလိုလိုပဲ ဇာတ်သိမ်းခန်းမှာ မင်းသားနဲ့မင်းသမီးကို ပေါင်းပေးတာ သတိထားမိတယ်။ အဲ့ဒါ ဘာဖြစ်လို့လဲဟင်"

လျှာရှည်လိုက်တာ ... ။

"မြန်မာပြည်ရဲ့စာဖတ်ပရိသတ်က မိန်းကလေးအင်အားစုများတယ်လေ။ မိန်းကလေးတွေက အချစ်ဝတ္ထုဖတ်ရင် ညားမှကြိုက်ကြတာ။ မညားပေးရင် စာရေးတဲ့လူကိုတောင် အပြစ်မြင်ကြသေးတယ်။ ဒါဟာလည်း မိန်းမသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ တောင့်တမှုတစ်မျိုးပေါ့လေ"

"ဝတ္ထုတစ်ပုဒ်ရဲ့ ကောင်းခြင်းဆိုးခြင်းဟာ ဇာတ်သိမ်းမှာ ညားခြင်း မညားခြင်းဆိုတဲ့အချက်နဲ့ ဆိုင်လို့လား"

ရှည်ပြန်ပြီ ... ။

"ဆိုင်တော့ မဆိုင်ပါဘူး။ ဘယ်လိုပြောရမလဲဆိုတော့ ... စာအုပ်တွေဟာ တစ်အုပ်နဲ့တစ်အုပ် မတူညီကြသလိုပဲ စာဖတ်သူတွေဟာလည်း တစ်ယောက်နဲ့တစ်ယောက် မတူညီကြပါဘူး။ အသိပညာ အနိမ့်အမြင့်နဲ့လိုက်ပြီး ပြောင်းလဲကြသလို ကိုယ်စီနှစ်သက်ရာ ခံစားချက်ရသကိုလိုက်ပြီး ပြောင်းလဲတာမျိုးလည်း ရှိပါတယ်"

"အခုနောက်ပိုင်း မြန်မာပြည်မှာ ဟာသတွေ ခေတ်စားလာတယ်နော်။ အဲ့ဒါကိုကော ဘယ်လိုမြင်လဲ"





ဟာသပါဆို ... ဟာသလို့ပဲ မြင်ရမှာပေါ့ ... ။

"လူတွေက လူမှုရေး စီးပွားရေး ဖိစီးပိတ်ဆို့မှုတွေများတော့ စိတ်ကို ထွက်ပေါက်ပေးချင်ကြတယ်လေ။ ရယ်မောလိုက်ရတယ်ဆိုရင် ခဏတာပဲဖြစ်ဖြစ် စိတ်အပမ်းပြေသွားကြတယ်။ အဲဒီသဘောပဲပေါ့"

"အနောက်တိုင်းဟာသတစ်ခုမှာ ကျွန်တော် တွေ့ဖူးတယ်။ ဟာသဆိုတာ အမျိုးသမီးအတွင်းခံလိုပဲ။ တိုရမယ် ထွင်းဖောက်မြင်နိုင်ရမယ်တဲ့"

"ဟင်"

"ဒါနဲ့ ရတီ စာရေးရင် ဘယ်လိုနည်းစနစ်မျိုးနဲ့ ရေးလဲ"

မဆိုင်တာလည်း ဂလိုင်ဝင်ခေါက်တာပဲဟာ ... ။

"နည်းစနစ်ရယ်လို့တော့ အတိအကျမရှိပါဘူး။ စိတ်ကူးထဲပေါ်လာတဲ့အတိုင်း ရင်ထဲမှာ ခံစားရတဲ့အတိုင်း ချရေးလိုက်တာပဲ"

"စာရေးတာနဲ့ ပတ်သက်ပြီး သီအိုရီတစ်ခု ရှိတယ်ဗျ။ ရတီ သိမလားတော့ မသိဘူး"

"ဘယ်လို သီအိုရီလဲ"

"စွဲဆောင်မှုရှိတဲ့ ဝတ္ထုတစ်ပုဒ်ဖြစ်စေဖို့အတွက် (၁) စိန်ခေါ်သံ (၂) ကြီးကျယ်ခမ်းနားမှု (၃) အာမေဍိတ် (၄) လျှို့ဝှက်သည်းဖိုဆန်မှု (၅) လိင်ကိစ္စတွေ ပါဝင်ဖို့ လိုအပ်တယ်တဲ့။ အဲ့ဒါနဲ့ ပတ်သက်တဲ့ ဟာသလေးတစ်ခုတောင် ရှိတယ်"

"ပြောပြပါဦး။ ကျွန်မ စိတ်ဝင်စားပါတယ်"

မမေးလည်း ပြောမှာသိသားပဲ ... ။ ဒါပေမယ့် မကောင်းတတ်တော့ မေးရတာပေါ့။

"တစ်နေ့ ... ရထားနာတွေ စီခြယ်ထားတဲ့ ရွှေပလ္လင်ထက်မှာ ထိုင်နေချိန်ပေါ့။ အသက်အငယ်ဆုံးမိဖုရားလေးက သူမပေါင်ပေါ် လာပွတ်



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ ဘုရင်ကြီးရဲ့လက်ကို ဆုပ်ကိုင်ပြီး တိုးဖွဖွ ရေရွတ်တယ် ... တဲ့''

''ဘာကိုလဲ''

''သူ့မှာ ကိုယ်ဝန်ရှိနေပြီလို့ ပြောတာ''

''ဟင်''

နားရှက်စရာ ... ။ စကားဆက်ဖို့အရေးကြာလိုက်တာ ... ။

''အဲဒီမှာ ဘုရင်ကြီး ပျော်သွားတယ်။ သူ့ရဲ့မျိုးဆက် ထီးမွေ နန်းခံရပြီပေါ့။ ဒါပေမယ့် မိဖုရားငယ် ဆက်ပြောတဲ့ စကားကြောင့် ဘုရင်ကြီး နင်သွားတယ်''

''ဟိုက ဘာပြောလို့လဲ''

''ဒီကိုယ်ဝန် ဘယ်သူနဲ့ရတာလဲ မသိဘူးနော် ... တဲ့ ... ''

''ဟယ်''

ကျိုင်ရှောပေါ့ ... ။

''အဲဒီမှာ ဘုရင်ကြီးပေါက်ကွဲပြီး စိန်ခေါ်သံတွေ ဘာတွေ ပါလာတော့တာပေါ့''

''ခြေဒ်''

ရတီ တခစ်ခစ် ရယ်ပါတော့သည်။ သောကျသွားတာလေ ... ။

ဥက္ကာစိုးက ရတီ၏လက်ထဲမှ စာအုပ်ကိုကြည့်ကာ ...

''ရတီက စာဖတ်အားကောင်းတဲ့လူဆိုတော့ မေးကြည့်ရဦးမယ်။ လူဆိုတာ ဘာလဲ ... ရတီ သိလား ... ''

''လူဆိုတာ လူပဲပေါ့ရှင့်''

ရှင်ကလူကို ဘာထင်နေသလဲဟုပဲ အော်မေးရတော့မလိုလို။

''မဟုတ်သေးဘူးလေ ရတီရဲ့။ တွေးခေါ်ရှင်ကြီး ပလေတိုက လူဆိုတာ အမွေးအတောင်မပါတဲ့ ခြေနှစ်ချောင်းသတ္တဝါလို့ ပြောဖူးတယ်''

''သူပြောတာလည်း ထုတ်သားပဲ''





''အဲဒါကို ဒိုင်အောဂျီးနီးဇ်က လက်မခံဘူး။ သူက ကြက်ကို အမွေးနုတ်ပြီး ပလေတိုရဲ့အကယ်ဒမီကျောင်းကို ယူသွားပြီးတော့ ဒါ ပလေတိုရဲ့လူကွဆိုပြီး သရော်ခဲ့တယ်။ ဒါဟာ ဒိုင်အာဂျီးနီးဇ်က လူတစ်ယောက်ရဲ့တန်ဖိုးကို ဘာနဲ့တိုင်းတာရမယ်ဆိုတာ ပြသွားတာပဲ။ ရတီ သဘောပေါက်ရဲ့လား''

''အဲ ... ပေါက် ... ပေါက်ပါတယ်''

အားနာ၍သာ ပြောလိုက်ရတာဖြစ်သည်။ တကယ်တော့ သူမ နားမလည်ပါ။

''သဘောပေါက်တယ်ဆိုရင် ရတီ့ကို မေးမယ်နော်''

''ဟုတ်ကဲ့ ... မေး ... မေးပါ ... ''

ဒုက္ခပဲ ... ။

''ရတီကကော''

''ဟုတ်ကဲ့''

''အမွေးပါတဲ့လူလား ... အမွေးမပါတဲ့လူလား ... ''

''ရှင် ... ''

ပါးစပ်ကလေးအဟောင်းသားနှင့် ရတီ မျက်နှာလေးရဲ့ဗတောင်းခတ်သွားသည်။ ဥက္ကာစိုးကတော့ တွေးခေါ်ရှင်စတိုင်လ်အပြည့်နှင့် မင်သေသေပါပဲ။

''ပြောလေ ရတီရဲ့''

''ဟို ... ဟို ... ''

''မြန်မြန်ပြောပါ ရတီရဲ့။ သိရတာပေါ့''

''ဟိုလေ ... ဟိုဥစ္စာ အမွေးပါ ... အဲ ... ဟို ... ဟိုဒင်းမှာ အမွေးမပါ ... အယ် ... ဟို ... တ ... တခြားအကြောင်းလေးတွေပဲ ပြောရအောင်နော်''


www.burmeseclassic.com

www.burmeseclassic.com

ရှက်မျက်နှာဖြင့် ရတီ ခေါင်းလေးငုံ့ကျသွား၏။ မျက်မှန်လေးကို ချွတ်ကာ ဟိုပွတ် ဒီပွတ် လုပ်နေလေသည်။ ဘယ့်နှယ်ဟာတွေ မေးမှန်းလည်း မသိဘူးနော် ... ။

သူမ၏အပြုအမူများကို ဥက္ကာစိုးက တစိမ့်စိမ့် အကဲခတ်ကြည့်ရှုနေပါသည်။

''ရတီက အရမ်းစွဲဆောင်မှုရှိတာပဲ''

ဥက္ကာစိုး၏ သြရှရှအသံကြောင့် မျက်မှန်လေးကိုပြန်တပ်ပြီး ရတီ ဦးမော့လာသည်။ မှန်အကြည်သားအောက်မှ မျက်ဝန်းလေးတွေက ရဝရီစွာဖြင့် စိုးရွံ့နေဟန်ရှိ၏။ ဥက္ကာစိုးသည် ရတီ့ကို ရိပ်ရိပ်ကလေး ပြုံးပြလိုက်လေသည်။ သူမခေါင်းကလေးပြန်၍ ငုံ့ကျသွားပါ၏။

ဒါ ... ဘာသဘောလဲ ...

ရတီသည် သူမလက်ထဲရှိ စာအုပ်ကို ဟိုလျှောက်လှန် ဒီလျှောက်လှန် လုပ်နေပါသည်။ ဥက္ကာစိုးသည် ထိုင်ရာမှထ၏။ သူ ဦးတည်ရာက ရတီရှိရာ ထိုင်ခုံဆီသို့ ... ။

တစ်အိမ်လုံးသည် တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေချေ၏။ ဘာမဆို ဖြစ်လွယ်ပျက်လွယ်နေပါသည်။

ထိုစဉ်မှာပင် ...

''ဟိတ် ... ဘယ်အချိန်ထဲက ရောက်နေတာလဲ''

အိမ်ထဲသို့ အပြေးတစ်ပိုင်း ဝင်လာသော နဒီကြောင့် ဥက္ကာစိုး ကိုယ်ရှိန်သတ်လိုက်၏။ ရပ်က ငြိမ်သည်။

''သိပ်မကြာသေးပါဘူး''

''ရှေ့မှာ ကားတွေကတည်းက ရောက်နေပြီလို့ ထင်သားပဲ။ ဘာလာလုပ်တာလဲ''

''နဒီ့ကိုလာခေါ်တာပါ''





''ဒါဆို သွားကြမယ်လေ''

''အဝတ်မလဲတော့ဘူးလား''

''ဘာလဲ ... ဒီအတိုင်းက မလှလို့လား''

''လှပါတယ်''

''အဲ့ဒါဆို အပိုတွေ ပြောမနေနဲ့။ ဒီအတိုင်းပဲသွားမယ်''

နဒီက ဥက္ကာစိုး၏လက်တစ်ဖက်ကို ဆွဲကာ ရှေ့မှ လျှပ်လီလျှပ်လဲ့ ဦးဆောင်ထွက်သွားသည်။ ဥက္ကာစိုးသည် နောက်ဘက်သို့ ပြန်လှည့်ကာ ရတီ့ကို မမှိုမကမ်း ပြုံးပြလိုက်သေး၏။ ပြီးသော် ယက်ကန်ယက်ကန်ဖြင့် ပါသွားလေတော့၏။

ရတီသည် ဥက္ကာစိုးနှင့် နဒီကို မျက်ဝန်းကလေးအကြောင်သားနှင့် လိုက်ငေးနေလေသည်။ ခံစားမှုတစ်ခုအား သူမသည် လှိုင်းကဲ့သို့ စီးတွယ်နေမိတော့၏။

ဤသို့ဖြင့် ...

သာမန်မဆန်သော မရှင်းမလင်းအခြေအနေသည် သမရိုးကျ နံနက်ခင်းတွင် စတင်ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

“ရတီ”

“ရှင်”

နေ့လယ်စာ စားနေရင်းမှ မိခင်ဖြစ်သူ၏ခေါ်သံကြောင့် ရတီ လန့်သွားသည်။

“ဘာလဲတင် မာမီ”

“နင် ဘာဖြစ်လို့ ဟင်းခွက်ထဲ လက်ကြီးနှိုက်ထားတာလဲ”

“အဲ ...”

ဒေါ်ထက်ထက်အောင်ပြောမှ ရတီ သတိပြုမိသွားပြီး ဟင်းခွက်ထဲမှ လက်ကိုပြန်နှုတ်လိုက်သည်။ သူမ ထမင်းကို ဟန်မပျက်ဆက်စားမိ၏။ စိတ်အစဉ်သည် လေကဲ့သို့ ဝဲလွင့်သွားပြန်သည်။

ဒီအချိန်ဆို ဉက္ကာစိုးနှင့် နဒီသည် ပျော်ပျော်ပါးပါး လျှောက်လည်နေကြလောက်ပြီ ... ။ ဒါမှမဟုတ် အခြားတစ်ခုခုလည်း ဖြစ်ကောင်းဖြစ်နေနိုင်သည်။ သေချာတာကတော့ သူတို့တွေ ပျော်နေကြပေလိမ့်မည်။

ငါမှာတော့ တစ်ယောက်တည်းရယ် ... ။

ထမင်းစားရင်း တစ်ခုခု တော်နေသလိုလို ... ။

“ဟဲ့ ... ရတီ”





“ရှင် ... ရှင် ... မာမီ”

“ငါ့ပန်းကန်ထဲက ထမင်းတွေကို ဘာလို့ နှိုက်စားနေတာလဲ။ နင့်ဟာနင် စားပါလား”

“ဟုတ် ဟုတ်ကဲ့။ မှားသွားလို့ပါ”

ရတီသည် ဒေါ်ထက်ထက်အောင် ပန်းကန်ထဲရောက်နေသော လက်ကို သူမ ပန်းကန်ထဲ ပြန်ထည့်လိုက်သည်။

မနက်က ဉက္ကာစိုး၏အပြုအမူများသည် နားလည်ရခက်လှပါဘိ ... ။ သူနှင့် နဒီ၏ ဆက်ဆံရေးက ဘယ်လိုလဲ ... ။ သူ့ဘက်က အလုပ်သဘောအရ ဆက်ဆံနေတာကို နဒီက တစ်ဖက်သတ် သဲသဲလှုပ်နေတာ ဖြစ်နိုင်သည်။

ဉက္ကာစိုး၏အကြည့်တွေက နက်ရှိုင်းလွန်းလှ၏။ ရင်ဘတ်ထဲသို့ စူးဝင်လာတော့မတတ် ခံစားရသည်။

“ရတီ”

“ရှင် ...”

“နင် ဘယ်လိုဖြစ်နေတာလဲ”

“ဘာဖြစ်လို့လဲ မာမီရဲ့။ ကိုယ့်ဘာသာ ဟင်းချိုသောက်နေတာကို”

“ငါ လုပ်လိုက်ရ သေတော့မယ်။ နင် သောက်နေတာ ဟင်းချို မဟုတ်ဘူးတဲ့။ လက်ဆေးရည်တွေ”

“ရှမ်”

ရတီ တအုအုနှင့် အန်ပါတော့သည်။ အစားအသောက်ပျက်ရသဖြင့် ဒေါ်ထက်ထက်အောင် စိတ်တိုသွားရသည်။

“ရတီ ... နင်ကြည့်ရတာ မှုမမှန်ဘူး”

“မှန်ပါတယ် မာမီရယ်”



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှန်တာလဲ"

"မှုမှန်တယ်လို့ ပြောတာပါ"

"ငါ့ကို မလိမ်နဲ့။ နင် တစ်ခုခုဖြစ်နေတာ သေချာတယ်။ မှန်မှန်ပြောစမ်း"

"သမီးဘာသာ ရိုးရိုးသားသားအန်တာပါ မာမီရယ်။ ကိုယ်ဝန်ရှိနေတာ မဟုတ်ပါဘူး"

ရတီက ဇက်ကလေးပုတိုပြီးပြောတော့ ဒေါ်ထက်ထက်အောင်က သူမခေါင်းကို ခေါက်ခနဲ ခေါက်သည်။

"တယ်လေ ... နင့်ခေါင်းက ဘာတွေတွေးနေတာလဲ။ နင် ရေးတဲ့ ဝတ္ထုထဲက ဇာတ်ကွက်တွေ လာရှုတ်ပြမနေနဲ့။ ငါက နင့်ပုံစံ ငူငိုင်ငိုင်နဲ့ စိတ်နဲ့လူ မကပ်သလို ဖြစ်နေလို့မေးတာ"

"သမီး ဘာမှမဖြစ်ပါဘူး မာမီရယ်။ စိတ်မပူပါနဲ့"

"ဒါဆို ဘာလို့ ငူငိုင်နေတာလဲ"

"အဲ့ဒါက သမီး လူတစ်ယောက်အကြောင်း တွေးနေမိလို့ပါ"

"ဘယ်ကလူလဲ"

"ကိုအုပ် ... အုပ် ... အုပ် ... အဲ ... "

"ဘာ အုတ်လဲဟဲ့"

"ဟို ... ဟို ... သမီး အခုနေ့ဖတ်တဲ့ စာအုပ်ထဲက အုတ်ဖုတ်သမားလေး သွန်းနေစိုးကို ပြောတာပါ မာမီ ...။ သူ အသားမည်းတာက နဂိုမည်းလား ...၊ ဒါမှမဟုတ် အုတ်ဖုတ်ရင်း မီးဟပ်ပြီး မဲသွားတာလားဆိုတာ စဉ်းစားနေတာပါ"

"အေး ... စဉ်းစား ... စဉ်းစား ... ကြပ်ကြပ်စဉ်းစား ...။ စဉ်းစားရင်းနဲ့ ဓာတ်ကူးပြီးတော့ နင်ပါ အသားမည်းပြီး ရှူးသွားဦးမယ်။





ကြိကြိဖန်ဖန်တော် ... စာအုပ်ထဲက အုတ်ဖုတ်သမားကိုများ အရေးလုပ်နေရသေးတယ် ... "

ဒေါ်ထက်ထက်အောင်သည် ဗျစ်တောက်ဗျစ်တောက်ပြောပြီး ထမင်းစားပွဲမှ ထထွက်သွားသည်။ ရတီလည်း ဆက်မစားတော့ဘဲ ရှင်းသိမ်း ဆေးကြောစရာရှိသည်များကို ရှင်းသိမ်းဆေးကြောလိုက်သည်။ ပြီးတာနှင့် စာရေးစားပွဲမှာ ထိုင်သည်။ သို့သော် သူမ စာရေး၍မရ။

ဒါကြောင့် စာအုပ်တစ်အုပ်ကို ကောက်ကိုင်ကာ စိတ်ပြေလက်ပျောက် ဖတ်ရန် ကြိုးစားသည်။ သို့သော် စာလည်းဖတ်လို့မရချေ။

ယောက်ယက်ခတ်နေသော စိတ်များသည် တစ်နေရာတည်းဆီသို့ ဦးတည်ပျံသန်းနေလေသည်။ ခုတင်ပေါ်တွင် ဘယ်ညာလူးလိမ့်ရင်း စာအုပ်တွေထက် ပိုမိုထိရောက်သည့် အရသာရှိသော ပြည့်စုံမှုမျိုးကို သူမ တောင့်တနေမိသည်။ မသက်ဆိုင်သလို နေခဲ့မိသော အထီးကျန်ဆန်ခြင်းက ခန္ဓာကိုယ်သွေးကြောများတစ်လျှောက် မွှေနှောက်ထိုးဆွလျက်ရှိပါ၏။

ရတီတစ်ယောက် ကိုယ့်အနေအထားကိုယ် အလိုမကျဖြစ်နေစဉ်မှာပင် ဘရဏီ ရောက်လာပြီး Shopping ထွက်ရန်ခေါ်သည်။ ရတီလည်း မငြင်းတော့ဘဲ အဝတ်အစားလဲလှယ်ကာ လိုက်ပါလာခဲ့သည်။

ဒဂုံစင်တာကို ရောက်တော့ လူတွေ၏ အာရုံစိုက်မှုကို အနည်းငယ် ရင်ဆိုင်ရသည်မှအပ အဆင်ပြေပါသည်။

ညီအစ်မနှစ်ယောက်သား ဆိုင်ပေါက်စေ့နီးပါးဝင်ကာ အဝတ်အထည်တွေကို စိတ်ကြိုက်ရွေးချယ်ကြ၏။ ရတီက တံဆိပ်၏နာမည်ကြီးမှုကို အဓိကထား၍ ဘရဏီက ဖက်ရှင်ကျနမှုကို ဦးစားပေးသည်။

"ဟင်"


www.burmeseclassic.com

www.burmeseclassic.com


ရတီသည် ဟိုဒီငေးရင်း မိနပ်ဆိုင်တစ်ဆိုင်အတွင်းမှ ထွက်လာသော နဒီနှင့်ဥက္ကာစိုးကို လှမ်းမြင်လိုက်သည်။ နဒီက ဥက္ကာစိုး၏လက်တစ်ဖက်အား ဆွဲထား၏။ ဥက္ကာစိုးကလည်း အလန်းဇယားတွေ အလာများသော စင်တာအတွင်းမှာ အဖော်မိန်းကလေးကို နံဘေးထားပြီး ယောက်ျားပီသစွာ မျက်လုံးကစားရင်း ရတီ့ကို တွေ့သွားသည်။ နဒီကတော့ ရှေ့မဲနေသဖြင့် မမြင်ရှာ။

ဥက္ကာစိုးသည် ရတီ့ကို ငဲ့ကြည့်ပြီး ပြုံး၍လှစ်ခနဲ ဇလိုင်းကာစ်လွှတ်သည်။ ပြီးသော် လက်ညှိုးနှင့်လက်မကို ဆန့်ကား၍ အလယ်သုံးချောင်းကို ကွေးကာ နားမှာကပ်ပြီး ဖုန်းဆက်ဖို့ အမူအရာလုပ်ပြသည်။ ပြီးတော့မှ နဒီ့ကို အမြန်အဆန်ခေါ်ကာ ခပ်သွက်သွက် ထွက်သွားလေသည်။

ရတီသည် မင်သက်ရင်မောကာ ငူငူကြီး ဖြစ်ကျန်ခဲ့ရှာ၏။

''ဟဲ့ ... ရတီ ... ဘာတွေ ကြည့်နေတာလဲ''

ဘရဏီက အင်္ကျီတစ်ထည်ကို ကိုင်ကြည့်နေရင်းမှ မေးသည်။ ဒီတော့မှ ရတီ အသိဝင်လာသည်။

''ဟိုဟာ ... အဲ ... ဘာမှ မဟုတ်ပါဘူး''

ဘရဏီက အင်္ကျီထံမှမျက်စိလွှဲ၍ ရတီ့ကို သေချာကြည့်သည်၊

''နင် ဘာဖြစ်နေတာလဲ ရတီ''

''ဘာဖြစ်လို့လဲ''

''နင့်ကိုကြည့်ရတာ ဂနာမငြိမ်ဘူး''

''နင်ထင်လို့ ဖြစ်မှာပါဟာ။ ငါ့ ဂနာက ငြိမ်ပြီးသား''

အဲဒီလို ခပ်ပြတ်ပြတ်ပဲ ပြောပစ်လိုက်သည်။ ဘရဏီ ဘာမှ ထပ်မစိစစ်တော့ ... ။ ဝယ်ခြမ်းပြီးသောအခါ ရတီသည် မျက်မှန်ကလေးကို ပင့်တင်ကာ ရှေ့မှ ကော့ကော့ ကော့ကော့ ထွက်သွားလေသည်။

သူမ၏ ရင်တစ်ခြမ်းသည် ဇလိုင်းကာစ်ဖြင့် မွှန်းမွှန်းနစ်နစ်ဖြစ်နေ၏။

အစစ်သာဆို ...

ဟူး ... ရင်မောလိုက်တာ ... ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

မိုးစက်များသည် လှပစွာ သွန်းဖွဲနေပါသည်။ ရတီသည် အိပ်ခန်းပြတင်းမှ မိုးစက်ကလေးများကို ငေးရင်း အတွေးတွေ လွင့်နေလေသည်။

သူသည် မိုးစက်တွေလိုပဲ သူမနှလုံးသားကို အေးမြစိုစွတ်စေခဲ့၏။ မွတ်သိပ်မှုများသည် လျှပ်ပြက်သကဲ့သို့ တဝင်းဝင်းလက်နေသည်။ အသိတရားက တားပေမယ့် ဦးနှောက်ကလည်း မကူညီနိုင်လောက်အောင် သူမ ကျဆုံးနေချေပြီ။

ဘုရားသခင် ... ကြာရင်တော့ ရူးတော့မှာပဲ ...

ရတီသည် အရင်တစ်နေ့ စင်တာအတွင်းမှာတုန်းက ဖုန်းဆက်ဖို့လုပ်ပြသည့် ဉက္ကာစိုး၏အမူအရာကို သတိရလိုက်မိသည်။ သူ ဘာများ ပြောမလို့ပါလိမ့် ... ။

ခြေသံဖွဖွနင်းကာ အခန်းအပြင်သို့ ရတီ ထွက်လိုက်ပါသည်။ နဒီ၏ အခန်းထဲကို ဝင်ကြည့်တော့ နဒီ မရှိ။ ဒါကြောင့် အိပ်ရာပေါ်မှာတွေ့သော Handset ကိုဖွင့်၍ Contacts ထဲမှ ဉက္ကာစိုး၏ ဖုန်းနံပါတ်ကို သူမ ဖုန်းထဲ ကူးယူလိုက်သည်။ ပြီးနောက် သူမ အခန်းထဲသို့ ပြန်လာခဲ့ပါ၏။

ခုတင်ပေါ်တွင် အကျအန လှဲအိပ်ပြီး ကူးယူသိမ်းမှတ်လာသော





ဉက္ကာစိုး၏ ဖုန်းနံပါတ်ကို နှိပ်ခေါ်လိုက်သည်။ သူမ၏ လက်ချောင်းကလေးများ တဆတ်ဆတ် တုန်ယင်နေချေ၏။ သူမ မျက်နှာကလေးကတော့ ပြုံးနေပါသည်။

ထိုစဉ်မှာပင် ...

''ဟဲ့ ... နင် ဘာလုပ်နေတာလဲ''

''အမယ်လေး''

ရုတ်တရက် တံခါးကို ဆွဲဖွင့်ဝင်လာသော နဒီကို မြင်လိုက်ရသဖြင့် ရတီ လန့်အော်မိသည်။ ခေါ်လက်စ ဖုန်းခလုတ်ကိုပိတ်ကာ လှဲအိပ်နေရာမှ ငုတ်တုတ်ထထိုင်လိုက်၏။ လက်တစ်ဖက်ကလည်း ရင်ဘတ်ကို ဖိထားမိသည်။

''နင်ဘာလို့ အဲဒီလောက်အထိ လန့်ရတာလဲ''

နဒီက ရတီ၏ရှေ့တွင် ခါးကလေးထောက်၍ မေးသည်။ ရတီ၏ မျက်နှာက တုန်လှုပ်ဟန်ဖြင့် ရှုပုပ်နေချေ၏။

''နင်က နည်းနည်းမှ လူမှုရေး မရှိဘူး''

''ဘာဆိုင်လို့လဲ''

''ဘာကိစ္စတံခါးမခေါက်ဘဲ ဝင်လာတာလဲ''

''ငါက နင့်ညီမပဲ။ တံခါးမခေါက်ဘဲ ဝင်လာတော့ရော ဘာဖြစ်လဲ''

''ဒါ ကိုယ်ပိုင်လွတ်လပ်ခွင့်ဟဲ့''

ရန်တွေ့သကဲ့သို့ ရတီ အော်ငေါက်ပစ်လိုက်သည်။ တံခါးကို လော့ခ်(Lock) မချမိသော သူမကိုယ်သူမလည်း စိတ်ထဲမှ ကျိန်ဆဲမိ၏။

''နင် အဲဒီလောက် အော်မနေနဲ့။ နင့်ခန္ဓာကိုယ်က အကင်လုပ်စားလို့မရတာတွေ ကျွတ်ထွက်ကုန်ဦးမယ်''

နဒီက သိမ်သိမ်မွေ့မွေ့လေး ပြောဆိုရင်း ခုတင်အစပ်မှာ ဝင်



www.burmeseclassic.com

www.burmeseclassic.com

ထိုင်သည်။ ရတီ၏လက်ထဲမှ ဖုန်းကိုလည်း စူးစိုက်၍ကြည့်သည်။

"နင် ဘယ်သူ့ဆီ ဆက်နေတာလဲ"

"ဝါ့ဟာဝါ ဘယ်သူ့ဆီပဲ ဆက်ဆက်ပေါ့"

ရတီက ဖုန်းကို သူမ ပေါင်ကြားထဲ ညှပ်ထားလိုက်သည်။

"မှန်းစမ်း ... ကြည့်ရအောင်"

နဒီက နှိုက်ယူဖို့ ကြိုးစားတော့ ရတီက လက်ကိုပုတ်ထုတ်ပစ်၏။

"အဲ့ဒါ နင့်ကိစ္စလား"

"သိချင်လို့ပါ"

"နင်သိချင်တိုင်း သံတော်ဦးတင်ရမှာလား။ ဝတ်တာ စားတာ အိမ်သာတက်တာတောင် နင့်ကို လျှောက်တင်နေရဦးမှာလား"

"ငါက နင် တွဲဘက်များ ရနေပြီလားသိချင်လို့ပါ"

"အဲ့ဒါ နင်နဲ့ မဆိုင်ပါဘူး"

နဒီက ရတီ့ကို အသေအချာကြည့်သည်။

"နင် ဘာဖြစ်နေတာလဲ"

"လျှာရှည်လိုက်တာဟာ"

ရတီသည် ဖုန်းကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ခုတင်ပေါ်မှဆင်း၏။ ပြီးတော့ တန်းမှာချိတ်ထားသော မိုးကာအကျႌ အသားရောင်လေးကိုယူကာ သူမကိုယ်မှာ ဝတ်ဆင်သည်။ မှန်ကိုလည်း ကြည့်ဖြစ်အောင် ကြည့်လိုက်ပါသေးသည်။

ဆူညံပူညံအသံများကြောင့် ဒေါ်ထက်ထက်အောင်လည်း အနားသို့ ရောက်လာ၏။ အပြင်ထွက်ရန် တာစူနေသော ရတီ့ကိုမြင်သောအခါ မိဘမေတ္တာက မနေနိုင်သဖြင့် မေးမိသည်။

"ရတီ ... ဘယ်သွားမလို့လဲ။ မိုးတွေရွာနေတာကို"





"ဘယ်သွားသွား"

ရတီသည် ချေချေငံငံ ပြန်ဖြေပြီး မိုးကာအကျႌမှ ခေါင်းဆောင်းလေးကို သူမခေါင်းတွင်စွပ်ကာ မိုးရေထဲသို့ ကသုတ်ကရက် ထွက်သွားလေသည်။

ဒေါ်ထက်ထက်အောင် မကြည်မသာ ဖြစ်သွားရ၏။

"နဒီ"

"ရှင် ... မာမီ ..."

"ရတီ ဘာဖြစ်တာလဲ"

"မသိဘူးလေ"

"နင် ဘာသွားပြောလို့လဲ"

"ဘာမှမပြောပါဘူး။ သူ့ဟာသူ ဘာဖြစ်နေမှန်းကို မသိတာ"

"အင်း ... ဒီကောင်မလေးကို ကြည့်ရတာ အခုတလောတစ်မျိုးပဲ"

ဒေါ်ထက်ထက်အောင်နှင့်နဒီ နဝေတိမ်တောင် ဖြစ်ကျန်ခဲ့ကြ၏။ နဂိုက တည်ငြိမ်အေးဆေးသော ရတီ၏ ယခု ဆတ်ဆတ်ထိမခံ ဖြစ်နေပုံက သူတို့အတွက် ထူးဆန်းနေလေသည်။

အဖြေကိုမူ ... မသိကြချေ ... ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မိုးသည် ရွာသွန်းဖြိုးဆဲ ... ။

ရတီသည် မိုးသည်းထဲမှာ လျှောက်သွားနေမိသည်။ သူမကိုယ်အား မိုးစက်များက ခပ်ကြမ်းကြမ်းပက်ဖျန်း၏။ သူမ စိတ်တွေသည် တွယ်ရာမဲ့ တိမ်တွေသဖွယ် ဆောက်တည်ရာမဲ့နေလေသည်။

အရိပ်တစ်ခုအောက်ရောက်တော့ ဖုန်းလေးကို ထုတ်ကိုင်လိုက်သည်။ ခဏမျှ တွေဝေနေသေး၏။ ပြီးတော့မှ ကတုန်ကယင်ဖြင့် နံပါတ်တစ်ခုကို နှိပ်ခေါ်လိုက်သည်။

တီခနဲ ... သံရှည်မြည်၍ တစ်ဖက်ဖုန်းကို တန်းဝင်သွားကာ ညြိုရှရှအသံထွက်ပေါ်လာပါ၏။

''ဟယ်လို''

နှုတ်မရဲသဖြင့် ရတီ ငြိမ်နေမိ၏။ ဒီတော့ တစ်ဖက်က ထပ်အသံပြုသည်။

''ဟယ်လို ... ပြောပါ ခင်ဗျာ''

ရတီ ရဲဆေးတင်ပစ်လိုက်သည်။

''ကိုဥက္ကာစိုးလားဟင်''

လားမဟုတ်ဘူး ... လူလို့ မဖြေပါ။





ညင်သာစွာဖြင့် ထပ်တူတုံ့ပြန်မေးသည်။

''ရတီလားဟင်''

''ရှင်''

သူမ တကယ်ပဲ အံ့ဩသွားသည်။ လျှာဖျားလေးပင် ထစ်ငေါ့နေ၏။

''ရ ... ရတီမှန်း ... ရှင် ... ရှင် ဘယ်လိုလုပ်သိလဲဟင်''

ပျော်သွားတာ ... ပျော်သွားတာ ... ။

''ကျွန်တော်က ရတီ့ဖုန်းကို မျှော်နေတာ''

သူမ ကျေနပ်သွားမိသည်။ အတိုင်းမသိပေ။

''ရတီ အခု ဘယ်မှာလဲ''

''အဲ့ဒါ အရေးမကြီးပါဘူး''

''ကြီးတယ်''

''ဘာလို့လဲ''

''ကျွန်တော် ရတီ့ကို တွေ့ချင်တယ်''

''ဘာဖြစ်တယ်''

''ရတီ့ကို တွေ့ချင်တယ်လို့ ပြောတာ။ အခုလို မိုးတွေရွာနေချိန်မှာ ရတီနဲ့အတူထိုင်စကားပြောရရင် သိပ်ကောင်းမှာပဲ။ အခု ကျွန်တော် အားနေတယ်။ ရတီ ကျွန်တော့်ဆီ လာခဲ့ပါလား''

သူမ၏ နှုတ်ခမ်းသားတွေက မလှုပ်မယှက် ... ။

''ရတီ ကျွန်တော့်ဆီ လာခဲ့ပါနော်။ ကျွန်တော် မျှော်နေမယ်''

ဥက္ကာစိုးက အိမ်လိပ်စာကို ပြောပြသည်။ ရတီသည် အင်းမလုပ် အဲမလုပ်။ တွေဝေစဉ်းစားရင်းပင် သူမ၏ခြေလှမ်းများက ရွေ့လျားသွားပြီး သူမ၏လက်တစ်ဖက်က တက္ကစီကားကို တားမိလျက်သား ဖြစ်နေတော့

www.burmeseclassic.com

သည်။ အဲဒါတွေကြောင့်ပဲ ခန္ဓာကို စိတ်က ဦးဆောင်တယ်လို့ ပြောတာ ပေါ့။

မိုးကာအင်္ကျီလေး၏ မလုံခြုံမှုကြောင့် ရေစိုနေသော ရတီ၏တစ်ကိုယ်လုံး အေးစက်နေသည်။ ဖိတ်ခေါ်ရာသို့ ရောက်ရှိသွားသောအခါ ဥက္ကာစိုးက ထီးတစ်ချောင်းနှင့် အိမ်ရှေ့မှာ ရပ်စောင့်ကြိုနေလေသည်။ ကားတံခါးကို သူကိုယ်တိုင် လာဖွင့်ပေးပြီး ရတီ့ကို ထီးဆောင်းပေးကာ အိမ်ထဲသို့ ခေါ်လာခဲ့သည်။

ရတီသည် ဆိုဖာရှည် တစ်ခုပေါ်တွင် ဝင်ထိုင်ရင်း မျက်မှန်မှ ရေစက်ရေမှုန်များကို ပြောင်စင်အောင် သုတ်၏။ ပြီးနောက် ခေတ်မီစွာ ကျယ်ဝန်းသပ်ရပ်သော အိမ်အပြင်အဆင်ကို မိန်းမပီသစွာ လေ့လာမိပါသည်။

''တစ်ယောက်တည်း နေတာလား''

''အင်းလေ ... တစ်ယောက်တည်းပဲပေါ့''

ဥက္ကာစိုးက ပြန်ဖြေရင်း ရေခဲသေတ္တာဆီသွားကာ အထဲမှ မာဒီးနီပုလင်းနှင့် ဖန်ခွက်တစ်ခွက်ယူ၍ ရတီ့ရှေ့သို့ချပေး၏။

''အချမ်းပြေသွားအောင် ... ''

''ဟင့်အင်း ... ကျွန်မ မသောက်တတ်ဘူး။ အနံ့တောင်မခံနိုင်ဘူး''

ရတီက ခေါင်းကလေးခါပြီး ငြင်းတော့ ဥက္ကာစိုး အံ့သြသလို ဖြစ်သွားသည်။

''ညီမနဲ့တော့ တခြားစီပဲ''

ရတီ ဘာမှမတုံ့ပြန်တော့ဘဲ မိုးကာအင်္ကျီလေးကို ချွတ်လိုက်သည်။ ထိုအခါ ရေစိုနေသော သူမ၏ကိုယ်လုံးအလှက ပီပီပြင်ပြင်ထင်





ပေါ်လာလေသည်။ ဥက္ကာစိုး ငေးသွားရ၏။ တော်ကတော့ ဒါပဲ ... ။

အကြည့်ရူးရူးများကို ရတီ ရင်မဆိုင်ရဲဘဲ ဖြစ်နေသည်။ ချမ်းအေးနေသော ကိုယ်လုံးလေးကို ကျုံ့ထားမိ၏။ ဥက္ကာစိုးက ရတီနှင့် ဘေးချင်းကပ်လျက်မှာ ဝင်ထိုင်သည်။

''ကျွန်တော်လေ ... ရတီ့အကြောင်းတွေကို အများကြီးတွေးဖြစ်တယ်သိလား။ တစ်ကြိမ်တုန်းကဆိုရင် ... အင်း ... ထားပါတော့လေ''

ဥက္ကာစိုးသည် စကားကို ပြောနေရာမှ ရပ်ထားလိုက်သည်။ ရတီ့ရင်ထဲ ကျလိကျလိဖြစ်သွား၏။

''ဘာဖြစ်လဲဟင်''

''ထားလိုက်ပါ။ မပြောသင့်ဘူး''

''ပြောစမ်းပါ။ ဘာဖြစ်လို့လဲ''

''အဲ့ဒါ သိသွားရင် ရတီ ကျွန်တော့်ကို မကောင်းထင်သွားမှာ''

''မထင်ပါဘူး။ ပြောသာပြောပါ''

မပြောတာကိုမှ ရတီကလည်း ပိုပြီးသိချင်နေ၏။ (မိန်းကလေးတွေများ အဲဒီလိုပဲ) ထိုအထာတွေကို ဥက္ကာစိုးက ကျေညက်သည်။

''ပြောလို့ မသင့်တော်ဘူးထင်လို့ပါ ရတီရယ်''

''ကျွန်မ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး။ ကတိပေးတယ်။ ရှင်နဲ့ကျွန်မက အေးဆေးပဲဟာ။ ဘာဖြစ်ဖြစ် ပြောလို့ရပါတယ် ဟုတ်ပြီလား။ ပြောပြပါနော် ... ကျွန်မ သိချင်လို့ပါ ... ''

ရတီက ပေါ်တင်ဖွင့်ဟ တောင်းဆိုသည်။ ဒီတော့မှ ဥက္ကာစိုးက မလွှဲသာမရှောင်သာ၍ ပြောရသလိုမျိုး ခပ်ရွံ့ရွံ့ပြောသည်။

''ကျွန်တော်လေ ... ''

''အင်း''



www.burmeseclassic.com

www.burmeseclassic.com

“နဒီနဲ့ တွဲသွားနေရင်းက ...”

“ဘာဖြစ်လဲ”

“အဲ့ဒါ ရတီသာဆို သိပ်ကောင်းမှာပဲလို့ တွေးမိတယ်”

“အယ်”

ရက်သွေးဖြန်းသဖြင့် ရတီ၏မျက်နှာလေး နီမြန်းသွားသည်။ သူမခေါင်းလေးလည်း ငုံ့ကျသွားပါ၏။

“တွေ့လား ... ကျွန်တော် မပြောသင့်တာကို ပြောမိပြီ”

ဥက္ကာစိုးက နောင်တရသလိုလို လုပ်နေပြန်သည်။ အမှန်က ဒီအဆင်လိုချင်လို့ တမင် ဒီချဲ့ထွင်တာဖြစ်သည်။ ရည်းစားစကားပြောတာကို ဟိုက အတင်းပြောခိုင်းလို့ပဲ အားနာပါးနာ ပြောရသလိုမျိုး ... ။ ဒါတောင်မှ အကွေ့အဝိုက်ကလေးနှင့် ... ။

ဆုတ်သာတတ်သာရှိအောင်တော့ ကြိုတတ်ဖန်တတ်သည်။

“ရတီ ကျွန်တော့်ကို စိတ်ဆိုးသွားလားဟင်”

ဥက္ကာစိုး၏ မေးခွန်းကို ရတီက လှုပ်ခတ်စွာ တိုးတိုးလေးဖြေသည်။

“မ ... မဆိုးပါဘူး ...”

ဥက္ကာစိုးက ရတီ့အနားသို့ တိုးသည်။

“ဘာ ... မကြားလိုက်လို့ ...”

“မဆိုးပါဘူးလို့ ပြောတာ”

ရတီက အသံကို နည်းနည်းကျယ်ပေး၏။ အတွေ့အထိကြောင့် ကြည့်လိုက်တော့ ဥက္ကာစိုး၏ ကိုယ်လုံးနှင့် သူမ၏ကိုယ်လုံးသည် နယ်နိမိတ်ချင်း ထိစပ်နေပြီဖြစ်၏။ (ဥက္ကာစိုးသည် ပထမပြောတာကို ကြားပါလျက် လူနေရာရွှေ့ချင်သဖြင့် တမင်မကြားဟန်ပြုကာ ရှေ့တိုးရင်းနှင့်ထပ်





မေးလိုက်တာဖြစ်သည်)

သကောင့်သား ဉာဏ်ကတော့ များသည်။ အနေအထားက နယ်ခြားမှတ်တိုင်ကိုပင် ကျော်လွန်စပြုနေလေပြီ။

“ရတီ့ ကိုယ်လုံးလေး အေးနေတယ်။ နွေးသွားအောင် လုပ်ပေးမယ်”

ဥက္ကာစိုးသည် ပြောပြောဆိုဆို ရတီ၏ကိုယ်လုံးအား ဆွဲပွေ့သည်။ အစိမ်းလေးမို့ ဖိန်းရှိန်းသွား၏။ နာဘူးကြီးဟုတော့ မအော်။

“အာ ... ဘာလုပ်တာလဲ”

ဥက္ကာစိုးသည် အနမ်းဆိုတာ မသိသေးသော နှုတ်ခမ်းထူပြည့်ပြည့်လေးအား အနမ်းဟူသော ဘာသာရပ်ကို သင်ကြားပို့ချပေးလိုက်လေသည်။

ဝိတ်တွေတော့ လျှော့ဦးမယ် ... ။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အခုခေတ်မှာ မိုးရာသီလူငယ်တွေ ထီးဆောင်းတာ ဖက်ရှင်တစ်ခုလိုပါပဲ။

ဝီရသည်လည်း အစိမ်းပုပ်ရောင် ထီးရွက်အပြန့်ကားကားကြီးကိုဆောင်းပြီး မိုးရွာထဲမှာ လမ်းလျှောက်အလာ ... တစ်နေရာအရောက်ရှေ့မှမြင်ကွင်းကြောင့် သူ့ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်။

အိမ်တစ်အိမ်ထဲမှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးထွက်လာကြသည်။ မသဲမကွဲ မိုးဖွဲတွေကြားမှာ အမျိုးသားက အမျိုးသမီးကိုထီးဖြင့် အုပ်မိုးကွယ်ကာပေးထား၏။ ထိုအမျိုးသားကို သူ မြင်ဖူးသလိုရှိသည်။ အမျိုးသမီးကတော့ သူ့ဘက်အခြမ်းက ကြည့်လျှင် အမျိုးသားကိုယ်နှင့်ကွယ်နေသဖြင့် ကောင်းစွာ မမြင်တွေ့ရချေ။

အမျိုးသားက အမျိုးသမီးကို ကားငှားပြီးတင်ပေးလိုက်သည်။ သူလည်း ကိုယ့်လမ်းကိုယ်ဆက်လျှောက်လာရာ ထွက်ခွာသွားသောကားကို ရပ်ကြည့်နေသော အမျိုးသားအနားသို့ ရောက်လာသည်။

လမ်းလျှောက်မပျက် အမှတ်တမဲ့ ငဲ့ကြည့်လိုက်မိပါ၏။ ထိုအခါတွင် ...

"ဟင်"





အနီးကပ်မြင်လိုက်ရသော မျက်နှာကြောင့် ဝီရ ရင်ထဲ ဒိတ်ခနဲဆောင့်ခုန်သွားသည်။ ဒီ ဒီလူဟာ ... နဒီ အခုလက်ရှိတွဲနေတဲ့လူ ... ။ လတ်တလောမှာ နဒီနှင့်ပတ်သက်၍ အင်မတန် နာမည်ကြီးနေသူဖြစ်သည်။ အပေါင်းအသင်းတွေ၏ သတင်းပေးမှုကြောင့် သူ လိုက်လံစုံစမ်းကြည့်ရင်း ဒီပုဂ္ဂိုလ်ကို ကောင်းစွာ မြင်ဖူးထားသည်။ ရုပ်ကလည်း နှာဘူးရုပ် ... ။

အခု ... ဒီလူ ဘာအချိုးချိုးနေတာလဲ ... ။

ဟိုအမျိုးသမီးနှင့် ဒီပုဂ္ဂိုလ်၏ ဆက်ဆံရေးသည် သမရိုးကျမဖြစ်နိုင်။ ဒါတွေကို နဒီ သိပါရဲ့လား ... ။

ချစ်သူအတွက် စိုးရိမ်ခြင်းတွေ ဝီရကိုယ်ထဲ ရုတ်တရက် တိုးဝင်လာသည်။ နဒီ့ဆီ သူ ဖုန်းခေါ်လိုက်၏။ သို့သော် ဖုန်းမကိုင်။ လက်မှနာရီကို ကြည့်လိုက်၏။

ဒီအချိန်ဆို နဒီ အင်တာနက်ဆိုင်မှာပဲ ရှိပေလိမ့်မည်။ ခြေလှမ်းတွေကို မြန်ဆန်စွာ ဦးတည်ချက်ပြောင်းလဲပစ်လိုက်ပါ၏။

အင်တာနက်ကဖေးသို့ ရောက်သောအခါ ထင်သည့်အတိုင်းနဒီ့ကိုတွေ့ရသည်။ သူ့ကိုမြင်သောအခါ အွန်လိုင်းပေါ်မှာ ဘဲတစ်ပွေနှင့်သံယောဇဉ် လေလံဆွဲနေသော နဒီ၏မျက်နှာအထားအသို တင်းမာသွားသည်။

"နင် ဘာလာရှုပ်တာလဲ"

"ငါ လာရှုပ်တာ မဟုတ်ဘူး နဒီ။ နင့်ကို ပြောစရာရှိလို့လာတာ"

နဒီ မထိတရီ ပြုံး၏။

"ဘာလဲ ... နင့်ရဲ့အသည်းကွဲဓာတ်ပြားကြီးကို ဖွင့်ပြဦးမလို့လား။ တော်ပါတော့ဟာ ... ဟောင်းလွန်းလို့ အပ်ကြောင်းထပ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

နားထောင်ရတာ ဖျင်းစရာကောင်းပါတယ်''

''မဟုတ်ဘူး နဒီ။ ငါ နင့်ကို အသိပေးစရာရှိလို့လာတာ''

အနီးအနားမှာ အခြားလူတွေရှိသဖြင့် ဝီရ အသံအုပ်အုပ်နှင့် ပြောလိုက်သည်။

''နင် အခုတွဲနေတဲ့ ဘဲကြီးက လုံးဝမရိုးသားဘူး။ နင့်အပြင် အခြားတစ်ယောက်နဲ့ပါ ခြေပုန်းခုတ်နေတာ။ သူငယ်ချင်းတစ်ယောက် ဆီသွားရင်း ငါ မြင်ခဲ့တာ''

အပြည့်အစုံ ပြောပြဖို့ ဝီရ ရည်ရွယ်လိုက်သည်။ သို့သော် နဒီ က မျက်မှောင်တွန့်၍ ဝီရကို ခပ်နက်နက် စိုက်ကြည့်ကာ ...

''ဒီမှာ ဝီရ ... နင့်ကိုငါ အရင်တုန်းက ပေါ်နီးတစ်ယောက်လို့ပဲ ထင်ခဲ့တာ။ အခုမှ နင်ဟာ စဉ်းလဲတဲ့ လူတစ်ယောက်ဆိုတာပါ သိလိုက်ရတယ်။ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုတဲ့ စကားပုံကို ရှေးလူတွေ အလကားထားခဲ့တာ မဟုတ်မှန်းလည်း ငါ နားလည်သွားပြီ''

ဝီရ ပျာသွား၏။

''မဟုတ်သေးဘူး။ နဒီ ... ငါ့ကို အထင်မလွဲပါနဲ့ ...။ ငါ နင့်ကို ညာနေတာ မဟုတ်ဘူး။ အမှန် ပြောနေတာ''

''နားလိုက်တော့ ဝီရ။ ငါ စိတ်မပါတော့ဘူး''

ကွန်ပျူတာကို ပိတ်ကာ နဒီ ထထွက်သွားသည်။ ကောင်တာမှာ ငွေရှင်းပြီး ဆိုင်ထဲမှအထွက် အပြင်မှာ မိုးတွေရွာနေတာ တွေ့လိုက်ရ၏။

အိမ်ပြန်ရန် ကူးဖြတ်ဖို့ အခက်အခဲ ဖြစ်နေစဉ်မှာပင် ...

''နဒီ''

ဆိုင်ရှေ့တံစက်မြိတ်အောက်မှာ တွေဝေစွာရပ်နေသော သူမ အနားသို့ ထီးတစ်လက်အားကိုင်လျက် ဝီရ ရောက်လာ၏။





''နင် ဘာထပ်ရှုပ်ဦးမလို့လဲ ဝီရ''

''ငါ ရှုပ်နေတာမဟုတ်ဘူး နဒီ။ အမှန်ကို နင်သိဖို့ ရှင်းပြနေတာ။ ငါ့ကို နင် ပြန်မချစ်ရင်နေပါ။ ဒါပေမယ့် ငါပြောတဲ့စကားကိုတော့ ယုံကြည်ပေးပါဟာ။ ဟိုလူကို နင် အပြည့်အဝ မယုံကြည်မိပါစေနဲ့။ အဲ့ဒါ နင့်ဘဝအတွက် ငါ ပြောတာပါ''

နဒီက ဝီရကို မျက်ဆံနက်ကလေး ထောင့်ကပ်၍ ငဲ့ကြည့်ကာ

''ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားကို နင် ကြားချင်နေတာလား။ အဲ့ဒါဆိုလည်း ငါ ပြောပေးပါမယ်။ ကျေးဇူးပဲဟယ် ... ဒါပေမယ့် ငါ နားငြီးလို့ သွားတော့မယ်''

တံစက်မြိတ်အောက်မှ နဒီ လှမ်းထွက်သွားသည်။ မိုးဖွဲတွေကြားမှ နဒီရှိရာဆီ ဝီရ အပြေးလိုက်သွား၏။ အနားရောက်တော့ သူ့လက်ထဲမှ ထီးကိုဖွင့်၍ နဒီအား ဆောင်းပေးသည်။

နဒီက မာကြောခက်ထန်သော မျက်နှာထားနှင့် ...

''နင် ဘာလိုက်လုပ်တာလဲ ဝီရ''

''နင့်ကို မိုးရေတွေစိုကုန်မှာ စိုးလို့ပါဟာ။ ငါ လိုက်ပို့ပါရစေ''

''မလိုဘူး။ ငါ့ဘာသာ ငါသွားမယ်''

''အရင်တုန်းကလည်း နင့်ကို ဒီလိုမျိုး ငါ လိုက်ပို့နေကျပဲဟာ။ ဘာဖြစ်လို့လဲ''

''အရင်တုန်းကနဲ့ အခု အခြေအနေချင်း မတူတော့ဘူးလေ။ နင်နဲ့ငါ ထီးတစ်ချောင်းတည်း အတူဆောင်းလာတာကို တစ်ယောက်ယောက်မြင်ရင် ငါ့ကို တစ်မျိုးထင်သွားနိုင်တယ်။ အဲ့ဒါကြောင့် လိုက်မပို့နဲ့''

''ဒါဆိုလည်း ထီးယူသွားပါ နဒီရယ်။ နင် နေမကောင်းဖြစ်မှာ စိုးလို့ပါ''


www.burmeseclassic.com

www.burmeseclassic.com

ဝီရက နဒီ့လက်ထဲသို့ ထီးထည့်ပေးသည်။ နဒီက စိတ်ရှုပ်ဟန်ဖြင့် ...

''နင် တော်တော် ဇယားရှုပ်ပါလား ဝီရ။ ဒီမှာ ... နင် ရှင်းအောင် ငါ အပြတ်ပြောမယ်။ နင် ပေးတဲ့ထီးကိုဆောင်းမှ ကျန်းမာမယ်ဆိုရင်တောင် ငါ အအေးမိပြီး အသေပဲခံလိုက်တော့မယ်။ ဟုတ်ပြီလား။ နင် ရှေ့ဆက်လိုက်မလာနဲ့တော့''

နဒီသည် ပြောလည်းပြော ဝီရပေးသော ထီးကိုလည်း လွှင့်ပစ်သည်။ ပြီးနောက် ... မိုးရွာထဲမှာ အကွယ်အကာမဲ့စွာ ထွက်သွားလေသည်။

လမ်းမထက် မိုးသည်းထဲမှာ ထီးကလေးက ပက်လက် ... ။ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ သည်းထန်လာသည့် ဝီရသည်လည်း ရင်ကွဲပက်လက် ... ။

စိတ်နာ့စရာကောင်းသည့် ရည်းစားဟောင်းကို စိတ်မနာနိုင်တာကပဲ သူ့ရဲ့အားနည်းချက်တစ်ခု ဖြစ်ပါသည်။





အခန်း (၁၃)

လပြည့်ဝန်းပလာဇာထဲ၌ လူအချို့ နစ်မြုပ်ဝင်နေကြသည်။ ဘရဏီနှင့် ရတီသည်လည်း ဆိုင်တစ်ဆိုင်ထဲတွင် ရောက်ရှိနေကြ၏။

ဘရဏီက သူမ နှစ်သက်သော အနီရောင်ဝတ်စုံတစ်ခုကို တွေ့တော့ ရတီ့အား ပြသည်။

''ဒါ လှလား''

''လှသားပဲ''

''ငါနဲ့ကော လိုက်ရဲ့လား''

''လိုက်လောက်ပါတယ်။ ဒါပေမယ့် လည်ပင်းက အရမ်းဟိုက်နေသလားလို့။ နင့်ယောက်ျားနဲ့ အဆင်ပြေပါ့မလား''

''သူနဲ့က ဈေးနှုန်းပဲ အဆင်မပြေမှာ''

ဘရဏီ၏ ယောက်ျားကိုအောင်ထူးက ကုပ်ချေးကျ၏။ ရတီက ဈေးနှုန်းကဒ်ကိုကြည့်ပြီး ...

''မဆိုးပါဘူး။ တန်ပါတယ်''

''အေး ... ဒါဆို ငါနဲ့ လိုက်မလိုက် သိရအောင် သွားဝတ်ကြည့်လိုက်ဦးမယ်''

ဘရဏီက ဝတ်စုံကို ချိတ်မှဖြုတ်ယူပြီး အဝတ်လဲခန်းသို့သွား


www.burmeseclassic.com

www.burmeseclassic.com



ကာ ဝတ်ကြည့်သည်။ ခန္ဓာကိုယ်ကို ချာလပတ်လှည့်ကာ မှန်ထဲမှ သူမ ပုံရိပ်ကို ရှေ့ပိုင်းကော နောက်ပိုင်းပါ အသေအချာကြည့်သည်။ (မိန်းကလေးတွေ ဝတ်စုံလဲပြီး မှန်ကြည့်ရင် အဲဒီလိုချည်းပါပဲ)

ထိုစဉ်တွင် သူမ၏လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။ ဘရဏီ ဖွင့်ကိုင်လိုက်ပါသည်။

''ဟယ်လို ... ပြောပါရှင် ... ''

''အဲဒီဝတ်စုံ ခင်ဗျားနဲ့လိုက်တယ်''

''ဟင် ... ''

ဘရဏီ အံ့အားသင့်သွားသည်။ အခန်းကျဉ်းလေးထဲမှာလည်း သူမ တစ်ယောက်တည်း။

''ဘယ်သူလဲ''

''ခင်ဗျား လည်တိုင်က လှရဲ့သားနဲ့ လိပ်လိုမျိုး လည်ပင်းအပိတ်တွေ ဝတ်မနေပါနဲ့။ လည်တိုင်အလှပေါ်စေမယ့် ဝတ်စုံတွေ ဝတ်စမ်းပါ''

သူမ လည်ဟိုက်တွေ ဝတ်လေ့ဝတ်ထမရှိတာပါ ဒီလူက သိနေသည်။ အမာခံ ပရိသတ်တစ်ယောက်များလား ... ။

''အခုပြောနေတာ ဘယ်သူလဲ''

''ကျွန်တော် ဥက္ကာစိုးပါ''

''ဘယ်သူ ... ''

''ဥက္ကာစိုးလေ''

''ဩော် ... နဒီရဲ့ပရိုဂျူဆာလား''

''ဟုတ်ပါတယ်''

''ရှင် ဘယ်လိုလုပ်ပြီး ကျွန်မ ဒီမှာရှိမှန်း သိနေတာလဲ''

''ကျွန်တော်လည်း ဒီပလာဇာထဲမှာ ရောက်နေတယ်။ ခုနက ဘရဏီ ဝတ်စုံရွေးနေတာကိုတောင် ဆိုင်ရှေ့ကနေကြည့်နေတာ။ အနီ





ရောင် ဝတ်စုံကိုပဲ ယူလိုက်ပါ။ အဲ့ဒါ ဘရဏီနဲ့ တကယ်လိုက်တယ်''

ဖုန်းလိုင်းသည် ကျသွား၏။ တစ်ဖက်မှ ပိတ်ပစ်လိုက်ဟန်တူသည်။ ဘရဏီသည် မှန်ထဲမှ သူမလည်တိုင်ကို အကြာကြီး ကြည့်နေမိပါသည်။ ပြီးတော့မှ အဝတ်လဲခန်းထဲက ထွက်လာခဲ့၏။

ရတီက စောင့်ရတာ စိတ်မရှည်ဟန်ဖြင့် ညည်းညူသည်။

''နင့်ဟာကလည်း ကြာလိုက်တာ။ ဘာလုပ်နေတာလဲ''

''သေချာဝတ်ကြည့်နေလို့ပါ''

''အဲ့ဒါကိုပဲ ယူမှာလား''

''အင်း ... ဒါပဲ ယူမယ်''

အနီရောင်ဝတ်စုံကိုသာ ဘရဏီ ယူလိုက်သည်။ ရတီက သူမ လိုအပ်တာလေးတွေ ထပ်ဝယ်သည်။ ပြီးသောအခါ သူတို့ ပြန်လာခဲ့ကြပါ၏။

အတောင်ပံတွေနှင့်တော့မဟုတ်။ ကားနှင့်ဖြစ်သည်။

ရတီ့ကိုပြန်ပို့ပြီး ဘရဏီ အိမ်ပြန်ရောက်တော့ ကိုအောင်ထူးပါ ပြန်ရောက်နေပြီ ဖြစ်သည်။ ဘရဏီက သူမ ဝယ်ယူလာသော ဝတ်စုံအား ကိုအောင်ထူးကို ထုတ်ပြလိုက်၏။

''ဒီမှာ ကြည့်ပါဦး ... ဒင်နာ(Dinner)ပွဲမှာ ဝတ်ဖို့ဝယ်လာတာ။ လှရဲ့လား''

''အပိုတွေကွာ ... အလကား ပိုက်ဆံလျှောက်ဖြုန်းတာ။ အိမ်မှာလည်း ဒင်နာတက်ဖို့ ဝတ်စုံတွေအများကြီး ရှိလိုက်သားနဲ့''

ကိုအောင်ထူးက မြည်တွန်တီးတောက်သည်။ စီးပွားရေးလုပ်ဖို့လောက်သာ သိနားလည်ပြီး(ဒါတောင်မှ မကျွမ်းကျင်ခင်က အရှုံးပေါ်တာတွေ ရှိသေး၏) ခေတ်နှင့်အညီ နေ့ညမပြတ် ရွေ့လျားပြောင်းလဲနေသော ဖက်ရှင်(Fashion) ရေစီးကြောင်းကို မသိနားမလည်သော လင်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားကို ဘရဏီ အာသြောင်းခံပြီး ခွန်းတုံ့ပြန်မနေတော့။

စိတ်ကျေနပ်မှုကို သူမဘာသာ ဖြေဖျောက်ယူနေရသည်မှာ ကြာပြီ။

''ဒီဝတ်စုံက ကျွန်မလည်ပင်းအောက်ခြေကို ကောင်းကောင်းမြင်ရတယ်။ ကျွန်မလည်တိုင်က အရင်လို ကျော့ရှင်းတုန်းပဲ မဟုတ်လား''

''အရိုးချည်းပါပဲကွာ။ ကြက်လည်ချောင်းရိုးကမှ ကိုက်ချင်စိတ်ပေါက်ဦးမယ်''

''ဒါပေမယ့် ဒီဝတ်စုံက ကျွန်မနဲ့လိုက်တယ်လို့ ပြောတယ်''

''ခေါင်းထဲ ထည့်မနေစမ်းပါနဲ့။ ရောင်းတဲ့လူကတော့ ရောင်းရအောင် ဒီလိုပဲ ပြောမှာပဲ''

''ဆိုင်ကပြောတာ မဟုတ်ဘူးရှင့်။ တခြားလူပြောတာ''

''အဲ့ဒါ မင်းကို တမင်မြှောက်လိုက်တာ သေချာတယ်''

''ရှင်ပြောသလိုဆိုရင် ကျွန်မကိုယ်မှာ နုပျိုမှုဆိုတာ မရှိတော့ဘူးလား''

''ရုပ်ကျနေတာတော့ အမှန်ပဲ''

''ကျွန်မက မလှတော့ဘူးပေါ့လေ''

''ဖာတ်ကားရိုက်ဖို့ လာအငှားကျဲသွားတာပဲ ကြည့်လေ''

''ဒါဆို ကျွန်မရဲ့သရုပ်ဆောင်ပညာကို ဘယ်သွားထားမှာလဲ''

''မြောင်းထဲမှာ သွားထားပေါ့''

ပြောလိုက်သမျှ အားရစရာချည်းပါပဲ။ တဝေါဝေါနှင့်အန်ပြီးနေရာမှာတင်လဲသာ သေလိုက်ချင်တော့သည်။ ဒီလိုလူမျိုးသာ စိတ်ရောဂါကုဆရာဝန်လုပ်လျှင် လူနာတွေ အသေအပျောက်များကုန်မှာ သေချာသလောက်ရှိ၏။

ကိုအောင်ထူးက ထိုင်ရာမှထပြီး သူ့အခန်းတွင်းသို့ ဝင်သွားသည်။ ကိုအောင်ထူး၏ကျောပြင်ကို ကြည့်ကာ ဘရဏီ စိတ်ပျက်လက်ပျက် ခေါင်းကို ခါရမ်းပစ်လိုက်ပါ၏။

အရုပ်ကလေးတွေနှင့် ကစားနေသော သားငယ်ထံသို့သာ သူမ သွားလိုက်ပါတော့သည်။

''သားလေး''

''မာမား''

သားငယ်အား ပွေ့ချီပြီး ပါးဖောင်းဖောင်းလေးနှစ်ဖက်ကို ဘရဏီ နမ်းမွှေးပစ်လိုက်သည်။ အထီးကျန်ညများစွာကို ဒီကလေးနှင့်သာ ဖြတ်သန်းခဲ့ရသည်မှာ သူမ အသားကျနေပါပြီ။

ဘရဏီ ရင်မောစွာ သက်ပြင်းချသည်။

သူမလည်း အရွယ်ရှိသေးတဲ့ အသွေးနဲ့အသားနဲ့ တည်ဆောက်ထားသော ပုထုဇဉ်တစ်ယောက်ပဲ မဟုတ်လား ... ။

ထိုညက ဘရဏီ အိပ်မက်တစ်ခု မြင်မက်၏။

အိပ်မက်ထဲတွင် သူမသည် ဆရာဝန်မတစ်ဦးထံသွားကာအကျိုးအကြောင်း ဖွင့်ဟပြောပြ၏။ ဆရာဝန်မက မျက်မှောင်ကြုတ်၍ စဉ်းစားကာ ...

''အင်း ... ဒါ အင်မတန် အရေးကြီးတဲ့အချက်ပဲ။ ကိုယ်ချင်းလည်း စာပါတယ်''

''ဟုတ်ကဲ့''

''ကိုယ့်ဘက်ကတော့ သူ့အပေါ် မယားဝတ္တရားနဲ့ ကျေပွန်ရဲ့လား။ အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်၊ ပျော်အောင်







www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိ၊ ပျင်းရိမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ ဆိုတဲ့ မယားဝတ္တရားငါးဖြာနဲ့လေ''

''ကျေပွန်ပါတယ်ရှင် ကျေပွန်ပါတယ်''

''အင်း ... ဒါဆို လူမှာ ဘာချို့ယွင်းနေလဲ မသိဘူး။ စမ်းသပ်ကြည့်ရအောင်''

ဆရာဝန်မက သူမကို အသေအချာ နှိုက်နှိုက်ချွတ်ချွတ် စမ်းသပ်သည်။ ပြီးသောအခါ ...

''လူမှာတော့ ဘာချို့ယွင်းချက်မှ မရှိပါဘူး။ အမျိုးသားကိုခေါ်လာခဲ့ပါ။ သူ့ကို မေးစမ်းကြည့်ရအောင်''

ကိုအောင်ထူးကို ဆရာဝန်မထံ ခေါ်သွားလိုက်သည်။ ဆရာဝန်မက လွတ်လွတ်လပ်လပ် စကားပြောချင်တယ်ဆိုသဖြင့် သူမ အခန်းအပြင် ထွက်ပေးလိုက်၏။

စိတ်ထဲမှာ သူတို့ပြောတာတွေ သိချင်လာသဖြင့် အခန်းဝသို့သွားကာ သူမ ခိုးကြောင်ခိုးဝှက် နားထောင်လိုက်ပါသည်။

ဆရာဝန်မက ကိုအောင်ထူးကို အိမ်ထောင်ရေးသုခနှင့် ပတ်သက်၍ ပြောဆိုရှင်းပြပြီး ...

''ရှင် ဘာကြောင့် အခုလို ဖြစ်နေသလဲဆိုတာ ကျွန်မကိုပြောပြပါ။ ပွင့်ပွင့်လင်းလင်းပေါ့ရှင်''

ကိုအောင်ထူးက ပြောချင်ပုံမရ။ ဆရာဝန်မက ...

''ရှင့်မှာ အလုပ်တာဝန်တွေ အရမ်းဖိစီးနေလို့လား။ ရှင့်ရဲ့နေ့စဉ်ပုံမှန်ဆောင်ရွက်မှုတွေ ကျွန်မကို ပြောပြပါလား''

ကိုအောင်ထူးက သက်ပြင်းချပြီး ...

''ကျွန်တော် မနက်အိပ်ရာထ ကော်ဖီသောက် Breakfast စားပြီးတာနဲ့ အလုပ်သွားပါတယ်။ လမ်းမှာ ကျွန်တော့်ကားကို နေ့စဉ်ပုံမှန်





တားစီးတဲ့ကောင်မလေးတစ်ယောက်ရှိပါတယ်။ သူက ကားပေါ်တက်ထိုင်ပြီးတာနဲ့ ...

''အစ်ကို ... အလုပ်ကို တန်းသွားမလား။ ဒါမှမဟုတ် ... လို့ မေးပါတယ်။ အဲဒီမှာ ဒါမှမဟုတ်ကို ကျွန်တော် ရွေးချယ်လိုက်ပါတယ်''

''ဩော်''

''ရုံးကိုရောက်တော့ ကျွန်တော့်ရဲ့စက္ကထရီက ... ''ဆရာ ... အလုပ်တွေ တန်းလုပ်မလား။ ဒါမှမဟုတ် ... '' လို့မေးပါတယ်။ အဲဒီမှာလည်း ကျွန်တော် ဒါမှမဟုတ်ကိုပဲ ရွေးချယ်လိုက်ပါတယ်''

''ဟင် ... အင်း ... အင်း ... ဆက်ပြောစမ်းပါဦး''

''ညနေရုံးဆင်းတော့ အလုပ်တွေလုပ်ရတာ ပင်ပန်းတာကြောင့် အပြန်မှာ အနှိပ်ခန်းကို ဝင်ပါတယ်။ အနှိပ်ခန်းက ကောင်မလေးက ကျွန်တော့်ကိုတွေ့တာနဲ့ ... ''ကိုကြီး ... အညောင်းပြေ အညာပြေ အကြောလျှော့မလား။ ဒါမှမဟုတ် ... '' လို့ မေးပါတယ်။ အဲဒီမှာလည်း ဒါမှမဟုတ်ကိုပဲ ရွေးချယ်လိုက်ပါတယ်။ ဒီလိုနဲ့ အိမ်ပြန်ရောက်တော့ ပင်ပန်းတာကြောင့် ညစာစားပြီးတာနဲ့ ကျွန်တော် အိပ်ရာထဲတန်းဝင်ပါတယ်''

''ဩော် ... ဩော် ... ပင်ပန်းမှာပေါ့လေ ပင်ပန်းမှာပေါ့ ... ။ မပင်ပန်း ဘယ်ရှိမလဲ ... ''

ဆရာဝန်မက ကိုအောင်ထူးကို အသေအချာစိုက်ကြည့်ပြီး ခပ်ဖွဖွပြောသည်။

''အခုလည်း ရှင် ဆေးကုမှာလား ... ။ ဒါမှမဟုတ် ... ''



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မှ လန့်နိုးတော့ ဘရဏီ ဖောချွေးတွေ စိမ့်ပျံနေပါသည်။
ဩော် ... တော်တော် ဒုက္ခပေးပါလား ... ဒါမှမဟုတ်ရယ် ...။





## အခန်း (၁၄)

ညနေဆည်းဆာသည် နီစွေးအုံ့ပြာနေ၏။ ဘရဏီတို့လင်မယား ယနေ့ည ညစာစားပွဲတစ်ခုသို့ သွားရမည်။ စားကြောဆိုတော့ ဂွင်ပေါ့။

ဘရဏီက တက်ကြွစွာဖြင့် ဖြီးလိမ်းခြယ်သကာ အဝတ်အစားလဲလှယ်ပြီးချိန်မှာ ကိုအောင်ထူးက ရေပင်မချိုးရသေးချေ။

''သွားဖို့ပြင်တော့လေ။ တော်ကြာ နောက်ကျနေဦးမယ်''

''အေးပါကွာ။ ငါက မြန်ပါတယ်''

ကိုအောင်ထူး ရေချိုးခန်း ဝင်သွားသည်။ အေးစက်စက်လုပ်နေသော ကိုအောင်ထူးကို ဘရဏီ စိတ်မရှည်ဘဲဖြစ်နေ၏။

ထိုစဉ်မှာပင် ...

အိမ်တွင်းသို့ လူတစ်ဦး ဝင်လာသည်။ ဘရဏီကြည့်လိုက်ရာ ဥက္ကာစိုး ဖြစ်နေလေသည်။ ငတိတော့ လာပြန်ပြီ ... ။

''ကိုဥက္ကာစိုးပါလား ... အလည်လာတာလား''

''ဒီဘက်ရောက်တာနဲ့ ဘရဏီတို့အိမ်ကို မရောက်ဖူးလို့ ဝင်လာတာပါ''

တော်ကီက ... တော်ကီက ... ။



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာစိုးက စကားရောဖောရောလုပ်ရင်း အနီရောင်ဝတ်စုံအား ဝတ်ဆင်ထားသော ဘရဏီကို အသေအချာကြည့်၏။

''ဘရဏီရဲ့ကိုယ်လုံးနဲ့ အဲဒီဝတ်စုံ သိပ်လိုက်တာပဲ။ အရမ်းလှတယ်''

''တော်စမ်းပါ။ ကလေးအမေတွေရဲ့ ကိုယ်လုံးက မလှတော့ပါဘူး''

''မဟုတ်ဘူး။ ကျွန်တော်ပြောတာ ယုံ။ ခင်ဗျားကိုယ်လုံးက ညီအစ်မသုံးယောက်ထဲမှာ ဆွဲဆောင်မှုအဖြစ်ဆုံးပဲ''

''ရှင် နောက်နေတာလား''

''တကယ် ပြောတာပါဗျာ''

ဘရဏီ ကျေနပ်သွားသည်။ မြှောက်မှန်းသိသိကြီးနဲ့တောင် မြှောက်ကြတာကိုက လူ့သဘာဝတစ်ခုပဲလေ။

ဥက္ကာစိုးက ဘရဏီအား ထပ်မံစိုက်ကြည့်ပြီး ...

''ဘရဏီက နာမည်နဲ့လူနဲ့ လိုက်တယ်နော်''

''ဘာလို့ အဲ့လို ပြောတာလဲ''

''မြန်မာစာပေ ကဗျာလင်္ကာတွေမှာ အမျိုးသမီးတွေရဲ့အချော အလှကို တင်စားချင်ရင် 'အလှစံမို၊ ဘရဏီ'လို့ ပြောကြတယ်လေ။ ရှင်အဂ္ဂသမာဓိရဲ့ 'နေမိဘုံခန်း' မှာဆိုရင် 'ရွှင်မူးပြုံးပြုံး၊ မျက်လုံးမျက်ခွက်၊ လရောင်စက်သို့၊ နားရွက်ဖြန့်ကား၊ ညွှန့်ညွှန့်ထွားမျှ၊ မေးပါးသွယ်ကပ်၊ အာစပ်ဝင်းရွှေ၊ ချေလည်း မပြောက်၊ ကြန်လျောက် နှာယောင်၊ မျက်တောင် ကော့မြူး၊ နဖူးပြင်လှ၊ ရင်ဝလည်း မောက်၊ ဖိတ်ဖိတ်တောက်မျှ၊ ပြောက်ပြောက်စွန်းစွန်း၊ ဆေးထင်းပန်းသို့၊ လက်သန်းလက်ချောင်း၊ ရှိုးပြောင်းနုနု၊ ပီစွာထုလည်း၊ ရုပ်တုမရ ...'' ဆိုပြီး ဘရဏီနတ်သမီးရဲ့ ထူးခြားလှပတဲ့ အချိုးအဆစ် ကျနပြေပြစ်ပုံကို တခမ်းတနား ဖွဲ့ဆိုထား





ပါတယ်''

(ဘရဏီနတ်သမီးအား ကျမ်းစာများတွင် ''ဗီရဏီနတ်သမီး'' ဟု ရေးသားဖွဲ့ဆိုကြတာလည်း တွေ့ဖူးပါသည်)

ဘရဏီက နားထောင်နေရင်းမှ ...

''အဲဒီလင်္ကာရဲ့ အဓိပ္ပာယ်က ဘယ်လိုလဲ။ ကျွန်မ မရှင်းလို့ ပြောပြစမ်းပါဦး''

''ဩော် ... ဒီလိုပါ။ ဘရဏီ နတ်သမီးဟာ နတ်ကညာရဲ့ လရောင်ကူးစက်နေသလို အရောင်ထွက်သော မျက်လုံး၊ ရွှင်ပြုံးသောမျက်နှာ၊ ကားပြန့်သော နားရွက်၊ သွယ်သပ်သော မေး၊ ကြန်ညီသော နှာယောင်၊ ကော့မြူးသော မျက်တောင်၊ ပြေပြစ်သော နဖူး၊ လုံးမောက်သော ရင်၊ နီထွေးသော လက်ချောင်း ... အစရှိသည်တို့ကို တင့်တင့်တယ်တယ် ပိုင်ဆိုင်တယ်လို့ ဆိုလိုတာပါ''

''ကိုဥက္ကာစိုးက တော်တော် ဗဟုသုတရှိတာပဲ''

ဥက္ကာစိုး ဘာမှပြန်မပြော။ ပညာရှိစတိုင်လ်နှင့် မင်သေသေ ထင်နေသည်။ ပညာရှိတွေဟာ မလိုအပ်ဘဲ စကားမပြောဘူးလေ ... ။ ဟုတ်ဟုတ်မဟုတ်ဟုတ် အထင်ကြီးခံရနည်းလားပေါ့ ... ။

ခဏအကြာမှာ ရေချိုးအဝတ်လဲပြီး ကိုအောင်ထူး ထွက်လာသည်။ ဥက္ကာစိုးကို မြင်တော့ ...

''ဩော် ... ညီ့သည်ရောက်နေတာကိုး''

ဥက္ကာစိုးက ပြန်ပြုံးပြလိုက်၏။ သူများအိမ်လာလည်တာ ... ပြုံးမပြလို့ ဘယ်ဖြစ်မလဲ ... ။

''နှစ်ယောက်သားဝတ်စုံအသစ်တွေနဲ့ဘယ်သွားကြမလို့လဲဗျ''

''ဒင်နာလေ''

''ကလေးကကော ... ခေါ်သွားမှာလား''



www.burmeseclassic.com

www.burmeseclassic.com

ဉက္ကာစိုးက အရုပ်တွေနှင့် ကစားနေသော ကလေးအားကြည့်ကာ မေးတော့ ဘရဏီက ခေါင်းခါပြသည်။

''ခေါ်မသွားဘူး ... သူ့အဘွားဆီပို့ခဲ့မှာ''

''ခေါ်သွားတော့ ဘာဖြစ်လို့လဲ''

''ပွဲကလူကြီးတွေချည်းဆိုတော့ ကိုယ့်ကလေးကြောင့် စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ''

''နဒီရဲ့ရတီကို ဒီခေါ်ပြီး အိမ်စောင့်ခိုင်းရင်ကော မရဘူးလား''

''မရဘူး။ ဒင်နာက ကျွန်မတို့ညီအစ်မသုံးယောက်စလုံးကို ဖိတ်တာ။ သူတို့ပါလိုက်မှာ''

''ဒါဆို သူ့အဘွား အလုပ်ရှုပ်နေပါဦးမယ်။ ကလေးကို ကျွန်တော် ထိန်းပေးရမလား''

''ရပါတယ်။ နေပါ''

''အားမနာပါနဲ့။ ကျွန်တော်လည်း ဒီည ဘာအလုပ်မှ မရှိပါဘူး။ အိမ်စောင့်ရင်း ထိန်းပေးပါ့မယ်''

ဉက္ကာစိုးက သဘောတွေ စွတ်ကောင်းပြနေရာ ဘရဏီက ကိုအောင်ထူးကို ကြည့်သည်။ ကိုအောင်ထူးက ...

''ကောင်းသားပဲ။ သူ အိမ်စောင့်ပေးတော့ ပိုအဆင်ပြေတာပေါ့။ သွားတာကလည်း သိပ်ကြာမှာမှ မဟုတ်တာ''

''အေးဆေးသာ သွားပါဗျာ''

ပြောတာဆိုတာကလည်း လူကြီးလူကောင်းစတိုင်လ်အပြည့်။

ဘရဏီနှင့် ကိုအောင်ထူး ထွက်သွားတော့ ဉက္ကာစိုးသည် အိမ်အတွင်းမှာ လှည့်ပတ်ကြည့်ရှုသည်။ ပြီးသောအခါ ကလေးငယ်အနားသို့ ချဉ်းကပ်သွားပါသည်။

''ဟင်''





ကလေးငယ်၏ အနီးဝန်းကျင်မှာ ပြန့်ကျဲနေသော ဂျာနယ်တစ်စောင်ကို မြင်တော့ ဉက္ကာစိုး မျက်နှာပျက်သွားသည်။ ထိုဂျာနယ်မှ တစ်ရွက်ကို ယူကာ ခေါက်၍ သူ့ဘောင်းဘီနောက်အိတ်ထဲသို့ ထိုးထည့်လိုက်၏။

ထိုစဉ်အခိုက်မှာပင် ...

''မမဘရဏီရေ... ကိုအောင်ထူး ... ဘယ်သူမှ မရှိကြဘူးလားဗျ ...''

အော်၍ခေါ်ဝေါရင်း အိမ်ထဲသို့ လူငယ်တစ်ဦး ဝင်လာသည်။ ဉက္ကာစိုးကို မြင်သောအခါ ...

''ဩော် ... ဧည့်သည်ရောက်နေပါလား''

ဟိုဒီ လျှောက်ကြည့်ပြီး ...

''အိမ်ရှင်တွေ မရှိကြဘူးလား''

ဉက္ကာစိုးက ဟန်မပျက် ထိုင်ခုံရှိရာ သွားထိုင်ကာ ...

''သူတို့ ဒင်နာပွဲ သွားကြတယ်''

''ဩော် ... ဟုတ်လား''

လူငယ်က အရုပ်တွေနှင့် ကစားနေသော ကလေးငယ်ထံသွားသည်။ ကလေးငယ်၏နံဘေးမှာ ပြန့်ကျဲနေသော ဂျာနယ်စာရွက်တွေကို ကြည့်ကာ ...

''သားသားရယ် ... မင်း ဘေးမှာလည်း ရှုပ်ပွနေတာပဲ။ မင်း တော်တော်ဆော့တဲ့ကောင်ပဲ''

ပြောပြောဆိုဆို လူငယ်က ဂျာနယ်စာရွက်တွေကို တစ်ခုချင်းစီ ကောက်ပြီး အထပ်လိုက် စီ၏။ ပြီးတာနှင့် ကလေးငယ်နှင့်အတူ ကူဆော့ပေးနေလေသည်။

တစ်ညတာ၏ အချိန်တွေ တဖြည်းဖြည်း ယုတ်လျော့လာသည်။


www.burmeseclassic.com

www.burmeseclassic.com


ညဥ့်က နက်သထက် နက်လာချေ၏။ လူငယ်က သူ့လက်မှ နာရီကိုကြည့်ပြီး ...

''အချိန်မရှိတော့ဘူးဗျာ။ ပြန်တော့မယ်''

ဥက္ကာစိုးက လူငယ်ကို ကြည့်ကာ ...

''ဟိုလူတွေ ပြန်အလာကို မစောင့်တော့ဘူးလား''

''မစောင့်တော့ပါဘူး။ နောက်နေ့မှပဲ လာတော့မယ်''

''သူတို့ပြန်ရောက်ရင် ဘယ်သူလာသွားတယ်လို့ ပြောလိုက်ရမလဲ''

''ရပါတယ်ဗျာ။ သိပ်အရေးမကြီးပါဘူး။ ဘာမှပြောမနေပါနဲ့''

ထိုင်ရာမှထပြီး အိမ်ထဲမှ လူငယ် ထွက်သွားလေသည်။ လူငယ်၏ ကျောပြင်ကိုကြည့်ကာ ဥက္ကာစိုး အသေအလဲ စဉ်းစားသည်။

သူ့ကို ငါ မြင်ဖူးတယ် ...။ ဘယ်မှာ မြင်ဖူးတာလဲ ...။

စဉ်းစားစမ်း ...။ စဉ်းစားစမ်း ...။

အဖြေကို ဥက္ကာစိုး သိသွားလေသည်။



## အခန်း (၁၅)

''ဟေ့ ... ငါ့လက်ကို အသားယူပြီး ကိုင်နေတာဘယ်သူလဲ''

''အသားယူပြီး ကိုင်နေတာ မဟုတ်ဘူးရှင့်။ ရှင်လဲမှာစိုးလို့ တွဲထားတာ''

''ဘာကိစ္စ ငါ့ကိုတွဲရတာလဲ။ မဖားနဲ့။ မုန့်ဖိုးမပေးနိုင်ဘူး။ ဖယ်''

''ဖယ်လိုက်ရင် ရှင် လဲသွားမှာပေါ့။ ပြောမရဆိုမရ အရက်တွေကို နင်းကန်သောက်တယ်။ အခုတော့ မူးပြီမို့လား''

ဘရဏီတို့ ဇနီးမောင်နှံ တွဲတီတွဲလဲ ပြန်ရောက်လာကြ၏။ ကိုအောင်ထူးသည် တော်တော်ပဲမူးလာပုံရသည်။ သူ့ကို ဘရဏီက မနိုင်မနင်း ဖေးမလာရ၏။ အလကားရသမျှ မညှာမတာ မျိုချလာပုံပါပဲ။

''လာပါဦး ကိုဥက္ကာစိုးရယ် ... သူ့ကို အိပ်ခန်းထဲ တွဲပို့ပေးပါဦး။ ကျွန်မ မနိုင်တော့ဘူး''

ဘရဏီက ဥက္ကာစိုးကို အကူအညီတောင်းလိုက်သည်။ ဥက္ကာစိုးက ကိုအောင်ထူးကို မ,ချီပြီး အိပ်ခန်းထဲရှိ ခုတင်ပေါ်သို့ ပို့ပေးလိုက်သည်။ ထိုခုတင်မှာ တစ်ယောက်အိပ်ခုတင်ဖြစ်ပြီး ခေါင်းအုံးတစ်လုံးတည်းသာရှိကြောင်း ဥက္ကာစိုး သတိပြုမိသွားပါ၏။

ခဏကြာတာနှင့် ကိုအောင်ထူး တခူးခူးနှင့် အိပ်မောကျသွား


www.burmeseclassic.com

www.burmeseclassic.com


နေသည်။ ကလေးငယ်ကိုလည်း ဘရဏီက သူမ အိပ်ခန်းထဲသို့ သွား သိပ်လေသည်။ ပြီးမှ ဥက္ကာစိုးရှိရာ ဧည့်ခန်းထဲသို့ ပြန်ထွက်လာ၏။

''နဒီတို့ကိုတောင် ရှင် အိမ်စောင့်ပေးနေတဲ့အကြောင်း ပြောခဲ့သေးတယ်''

''သူတို့ကော ပြန်သွားပြီလား''

''ဟင့်အင်း ... မပြန်သေးဘူး။ စားတုန်းသောက်တုန်းပဲရှိသေးတယ်။ ကိုအောင်ထူး အရမ်းမူးနေတာကြောင့် ရုပ်မပျက်ချင်လို့ ပြန်လာတာ။ သူမူးရင် အရမ်းစကားများတာပဲ''

''ဖော်ရွေတတ်တာ ဖြစ်မှာပါ''

ဥက္ကာစိုး၏ ပြုမူပြောဆိုပုံကို ကြည့်ကာ စိတ်သဘောထား မြင့်မြတ်သူတစ်ယောက်ဟု ဘရဏီ သတ်မှတ်မိ၏။

''ဘရဏီတို့ အပြင်သွားနေချိန် အိမ်ကိုတောင် လူတစ်ယောက် လာသေးတယ်''

''ဟုတ်လား ... ဘယ်သူလဲ''

''မသိဘူးဗျ။ လူငယ်တစ်ယောက်ပဲ။ နာမည်တော့ ပြောမသွားဘူး။ နောက်နေ့မှ လာခဲ့မယ် ပြောတာပဲ''

''သြော်''

ထိုလူငယ်ကိုသိပေမယ့် ဥက္ကာစိုး တမင်မပြောလိုက်တာ ဖြစ်သည်။ ဘရဏီကလည်း သိပ်အရေးမထားဘဲ ဥက္ကာစိုးကိုသာ အားနာဟန်ဖြင့် ကြည့်ကာ ...

''အလည်လာတဲ့လူကို ဒုက္ခပေးသလို ဖြစ်နေပြီ။ ရှင်လည်း ဆာနေမှာပေါ့။ တစ်ခုခု စားဦး''

တစ်ခုခုစီစဉ်ရန် မီးဖိုခန်းထဲ ဘရဏီ ဝင်လာခဲ့၏။ ဥက္ကာစိုးကလည်း ဟိုလိုလို ဒီလိုလိုနှင့် နောက်မှ လိုက်လာသည်။



''ဘရဏီ့ကို တစ်ခု မေးချင်တယ်။ ရမလား''

''မေးလေ ... ဘာမေးမှာလဲ''

''ဘရဏီနဲ့ ကိုအောင်ထူး အတူတူ မအိပ်ကြဘူးလား''

ဥက္ကာစိုး၏ မေးခွန်းကြောင့် ဘရဏီ ခဏငိုင်သွားသေးသည်။ ပြီးမှ လေးပင်စွာ ဖြေ၏။

''ကျွန်မတို့နှစ်ယောက် အတူမအိပ်တာ ကြာပြီ''

''အဆင်မပြေဘူးလား''

''ဒီလိုပါပဲ''

''ဘယ်လို ဒီလိုပါပဲလဲဟင်''

''သူက မိန်းမယူထားပြီး ကော်ပတ်ရုပ်လို သဘောထားတဲ့ လူမျိုးရှင့်။ အဲဒီမိန်းမက သရုပ်ဆောင်တစ်ယောက် ဆိုတာလည်း သူမေ့နေပုံရတယ်''

ဘရဏီက စိတ်ဆင်းရဲဟန်ဖြင့် ပြောပြီး တစ်ဖက်လှည့်သွား၏။ ဥက္ကာစိုးသည် ညို့မင်းသမီးဟု သတင်းကြီးသော ဘရဏီ၏အချိုးအဆစ်တွေအား မျက်စိကစား၍ ကြည့်သည်။ ပြီးနောက် ... သူ့ခန္ဓာကိုယ်သည် လျင်မြန်စွာ ရိပ်ခနဲ ရွေ့လျားသွားပြီး ဘရဏီအား နောက်ကျောဘက်မှ သိုင်းဖက်လိုက်လေသည်။

''ဘရဏီရဲ့အထီးကျန်ခြောက်သွေ့မှုကို ကျွန်တော် စိုပြေအောင် လုပ်ပေးပါရစေ''

''အို''

ဘရဏီ၏ခန္ဓာကိုယ် တွန့်ခနဲ တုန်သွားသည်။ ရင်သည်လည်း ဂျောင်ကဲ့သို့ ခုန်သွား၏။

သူမ၏ နှုတ်ခမ်းသားတွေ ရုတ်တရက် စွတ်စိုပူနွေးသွားသည်။ ညင်သာကျွမ်းကျင်သော အနမ်းတစ်ခု ... ။



www.burmeseclassic.com

www.burmeseclassic.com

''အဲဒီလို မလုပ်ပါနဲ့ ...''

ဘရဏီသည် ရှန်းဖယ်၏။ သူမ ကျဉ်စက်နှင့် အတို့ခံရသလိုမျိုး ဖြစ်နေသည်။ လှုပ်ရှားနေသော ဥက္ကာစိုး၏လက်တွေကို ဖမ်းချုပ်၍ ဆွဲဖယ်သည်။ သို့သော် မလွယ်ကူဘဲ ဖြစ်နေပါသည်။

ဥက္ကာစိုး၏ လက်တွေသည် နွယ်ရှင်ထက်ပင် ဆိုးနေ၏။

ထိုစဉ် ...

''တူ ... တူ ... တူ ...''

ဖုန်းမြည်သံကြောင့် ဥက္ကာစိုး၏လှုပ်ရှားမှုများ ရပ်တန့်သွားသည်။ ဖုန်းက မလှမ်းမကမ်းရှိ ဘေစင်ပေါ်မှာ ...။ ဖုန်းထံသွား၍ ဥက္ကာစိုး ကောက်ကိုင်လိုက်ပါ၏။

''ဟယ်လို ... နဒီ ... ပြော ...''

''ကို ဘာလုပ်နေတာလဲ''

''အဲ ... ကော်ဖီ သောက်နေတာပါ''

''အခု ဘယ်မှာလဲ။ မမတို့အိမ်မှာပဲလား''

''အင်း ... ဟုတ်တယ်''

''အဲ့ဒါဆို နဒီတို့ကို လာကြိုပေးပါလား။ နဒီ ခေါင်းတွေမူးနေလို့''

''အိုကေလေ ... လာခဲ့မယ်။ ဘယ်မှာလဲ''

''ရွှေပန်ဆိုင်းမှာ။ အခုချက်ချင်းလာခဲ့နော်''

''အင်းပါ''

ဖုန်းချပြီးတာနှင့် ဥက္ကာစိုးသည် ဘရဏီကို စိုက်ကြည့်သည်။ ဘရဏီကလည်း ဥက္ကာစိုးကို ဝေရီစွာဖြင့် ပြန်စိုက်ကြည့်သည်။ သူတို့ရင်တွင် မီးတောက်နေသော ပန်းတစ်ပွင့်စီ ရှိကြပါ၏။

''နဒီတို့ လာကြိုခိုင်းလို့ သွားရဦးမယ်။ နောက်မှ ဆုံမယ်နော်''





လက်ပြ၍ နှုတ်ဆက်ကာ ဥက္ကာစိုးထွက်သွားသည်။ ဘရဏီသည် ဥက္ကာစိုး၏ ကျောပြင်ကို ဝေးရင်းနှင့် ဆတ်ခနဲ ခြေတစ်လှမ်း ရွှေ့လိုက်သေးသည်။ ပြီးတော့မှ သူမ၏အောက်နှုတ်ခမ်းအား သွားဖွေးဖွေးတွေနှင့် ဖိကိုက်၍ ရပ်နေလိုက်ပါသည်။

အဲသည်အခိုက်မှာပင် ...

ကလေးငိုသံတစ်ခု စူးစူးဝါးဝါး မြည်လာသည်။ မိခင်ကို နံဘေးမှာ မတွေ့သဖြင့် လန့်ငိုသော တစ်ရေးနိုးကလေးတစ်ယောက်၏ ငိုသံဖြစ်၏။

အနက်ရောင်ညတစ်ည ...

အမှားအယွင်းတွေသည် ကမောက်ကမဖြင့် ချောက်နက်ထဲတွင် ပျက်ကျလျက်ရှိပါသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကော်ဖီဆိုင်တွင်ထိုင်၍ ဉက္ကာစိုး တစ်ယောက်တည်း ကော်ဖီ သောက်နေလေသည်။ သူ့ခေါင်းထဲမှာ ပလုံစီ အတွေးတွေ ယှက်ဖြာယိမ်း ထိုးနေချေ၏။

ထိုစဉ်မှာပင် ...

လူငယ်တစ်စု သူ့ဝိုင်းသို့ ရောက်လာသည်။

''အစ်ကို ... ထိုင်မယ်နော်''

''ဩော် ... အင်း ... ထိုင်ပါ ထိုင်ပါ''

ယောင်နနဖြင့် ဉက္ကာစိုး ခေါင်းညိတ်ပြလိုက်သည်။ ကောင်လေး သုံးယောက် ထိုင်ခုံတွေမှာ အသီးသီးဝင်ထိုင်ကြ၏။ သူတို့ကို ဉက္ကာစိုး တစ်ခါမှမမြင်ဖူးပါ။

မျက်နှာစိမ်းကောင်လေးတစ်ယောက်က ...

''အစ်ကို့ကို ကျွန်တော်တို့ အကူအညီတောင်းချင်လို့ပါ''

''အကူအညီ ... ဟုတ်လား ...''

''ဟုတ်ပါတယ် အစ်ကို။ ပြောရရင်တော့ အစ်ကို့ကို ဆရာတင် ပြီး အစ်ကို့ဆီက နည်းပညာလေးတွေ လိုချင်လို့ပါ''

''ဘယ်လို ... နည်းပညာ ... ဟုတ်လား ...''





ဉက္ကာစိုး မရှင်းမလင်းဖြစ်သွားသည်။ အခြားကောင်လေး တစ်ယောက်က ...

''ဒီလိုပါ အစ်ကို ... ကျွန်တော်တို့ဟာ အင်မတန်မှ ချစ်ကြခဲ့ ပါတယ်။ အချစ်ရေးမှာ ဘယ်တော့မှ အဆင်မပြေပါဘူး။ အဲ့ဒါကြောင့် အစ်ကို့ဆီက အကြံဉာဏ်လာယူတာပါ။ အစ်ကို့ကိုကြည့်ရတာ အချစ် ကိစ္စတွေမှာ မှော်အောင်နေသလိုပဲ''

ထိုင်နေလျက်မှ ဉက္ကာစိုး မြောက်သွားသည်။ နောက်ကောင်လေး တစ်ယောက်က ...

''ကျွန်တော်တို့က အစ်ကို့အခုနေတဲ့ အိမ်ရဲ့လမ်းထိပ်က လက် ဖက်ရည်ဆိုင်မှာ ပုံမှန်ထိုင်လေ့ရှိပါတယ်။ အဲဒီမှာ အစ်ကို့ရဲ့ထူးခြားချက် ကို သတိပြုမိတာပါ။ အစ်ကိုဟာ ပြောင်းလာတာ မကြာသေးပေမယ့် အစ်ကို့အိမ်ကို မိန်းမချော မိန်းမလှလေးတွေ မပြတ်ဝင်ထွက်နေတာ သတိ ထားမိပါတယ်။ အဲ့ဒါကြောင့် အင်မတန် စန်းပွင့်တဲ့ အစ်ကို့မှာ နည်းစနစ် ကောင်းကောင်းနဲ့ အဆောင်ကောင်းကောင်း ရှိမှာပဲဆိုပြီး လာမေးတာ ပါ''

''ဩော်''

ဉက္ကာစိုး သဘောပေါက်သွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း နောက်ဆို အနေအထိုင် ဆင်ခြင်ရမည်ဟု သတိပေးလိုက်မိ၏။

''ကျွန်တော်တို့ကို သနားသောအားဖြင့် ပြောပြပါ အစ်ကို ရယ် ...''

''ကျွန်တော်ဆို ကောင်မလေးတစ်ယောက်ကို အရမ်းချစ်နေ တာဗျ။ သူက ပြန်မချစ်လို့ အရမ်းစိတ်ညစ်နေတာ''

''ကျွန်တော်ကျတော့ ရည်းစားလိုချင်တာ တစ်ပိုင်းသေနေပြီ။ ဘယ်သူမှ မကြိုက်လို့ ဒုက္ခရောက်နေတာ။ ကူညီပါဦးဗျာ''


www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တစ်ပေါက်ပြော၍ မရမက ဝိုင်းမေးကြသည်။ ဥက္ကာစိုးက ဆရာအထာနှင့် ပြုံး၍ ...

''ငွေကြေး အောင်မြင်ကျော်ကြားမှုနဲ့ အရှိန်အဝါ ဟိတ်ဟန်ကောင်းကောင်းရှိရင် မိန်းကလေးအများစုက သဘောကျကြလေ့ရှိပါတယ်။ ဒါပေမယ့် ဂုဏ်သိက္ခာ ဖြူစင်ရိုးသားမှုနဲ့ ရင်ဘတ်ထဲက လာတဲ့အချစ်ကို တန်ဖိုးထားကိုးကွယ်တဲ့ မိန်းကလေးတွေလည်း တစ်ပုံတစ်ပင်ရှိပါတယ်။ မိန်းမတွေဟာ နှလုံးသားနဲ့လည်း ချစ်တတ်တယ်။ အတွေ့နဲ့လည်း ချစ်တတ်တယ်။ အချစ်ကြောင့် အတွေ့ဖြစ်နိုင်သလို အတွေ့ကြောင့်လည်း အချစ်ဖြစ်နိုင်တယ်။ ချစ်စိတ်ကြောင့်ပဲ လင်ရယ်မယားရယ်ဆိုပြီး ပေါင်းသင်းကြတယ်။ အရင်က မချစ်ဘဲ လင်ရယ်မယားရယ်ဆိုပြီး ဖြစ်လာမှ ချစ်သွားကြတာတွေဟာ ဒီသဘောတွေပေါ့။ မိန်းကလေးတွေဟာ စိတ်ပိုင်းဆိုင်ရာအရ သူတို့ကို လူအများ စိတ်ဝင်စားခံရတာ၊ အရေးပေးဆက်ဆံတာတွေကို နှစ်သက်လိုလားကြတယ်။ ကိုယ့်ရဲ့ပိုးပန်းမှုဟာ သူတို့ကြောက်လန့်မသွားဖို့ အရေးကြီးတယ်။ အဓိကတော့ မိန်းကလေးတွေဟာ သူတို့ မရိပ်မိအောင် မသိမသာမြှောက်ပင့်ခြင်းနဲ့ သူတို့အလိုကို လိုက်လျောခြင်းတွေမှာ သာယာတတ်ကြလေ့ရှိတယ်''

''ဟာ ... အစ်ကို့သီအိုရီတွေက လန်းတယ်ဗျာ''

''ပြီးတော့ မိန်းကလေးတွေမှာ နေ့ရက်အလိုက် အချစ်စိတ်ဖြစ်ပေါ်တဲ့နေရာတွေရှိတယ်''

''ဘယ်နေရာတွေလဲ အစ်ကို''

''ကျွန်တော်တို့ ဗဟုသုတရအောင် ပြောပြပါဦး''

ကောင်လေးတွေ တက်ကြွသွား၏။ သူတို့နားတွေကို အစွမ်းကုန်စွင့်ထားလိုက်ပါသည်။

''လဆန်း ၁ – ရက်နေ့ဆိုရင် ပါးပြင်မှာ





လဆန်း ၂ – ရက်နေ့ဆိုရင် ငယ်ထိပ်မှာ
လဆန်း ၃ – ရက်နေ့ဆိုရင် မျက်မှောင်မှာ
လဆန်း ၄ – ရက်နေ့ဆိုရင် မြင်ခေါင်းမှာ
လဆန်း ၅ – ရက်နေ့ဆိုရင် ပါးပြင်မှာ
လဆန်း ၆ – ရက်နေ့ဆိုရင် ချက်မှာ
လဆန်း ၇ – ရက်နေ့ဆိုရင် ခါးမှာ
လဆန်း ၈ – ရက်နေ့ဆိုရင် သားမြတ်မှာ
လဆန်း ၉ – ရက်နေ့ဆိုရင် ကိုယ်အင်္ဂါကြီးငယ်မှာ
လဆန်း ၁၀ – ရက်နေ့ဆိုရင် နှုတ်ခမ်းမှာ
လဆန်း ၁၁ – ရက်နေ့ဆိုရင် ခါးစောင်းမှာ
လဆန်း ၁၂ – ရက်နေ့ဆိုရင် ကျောနဲ့မျက်စိမှာ
လဆန်း ၁၃ – ရက်နေ့ဆိုရင် ပခုံးနဲ့နားမှာ
လဆန်း ၁၄ – ရက်နေ့ဆိုရင် လည်ကုတ်မှာ
လဆန်း ၁၅ – ရက်နေ့ဆိုရင် လည်ပင်းမှာ

ကောင်လေးတွေ အလုပ်ရှုပ်သွားသည်။ စာအုပ်နှင့်ဘောလ်ပင်တွေထုတ်ကာ လိုက်မှတ်ကြ၏။

ဥက္ကာစိုးက ဆက်ပြောသည်။

''လဆုတ် ၁ – ရက်နေ့ဆိုရင် ငယ်ထိပ်မှာ
လဆုတ် ၂ – ရက်နေ့ဆိုရင် နဖူးနဲ့ လည်ကုတ်မှာ
လဆုတ် ၃ – ရက်နေ့ဆိုရင် လက်ဝဲပခုံးမှာ
လဆုတ် ၄ – ရက်နေ့ဆိုရင် ကျောမှာ
လဆုတ် ၅ – ရက်နေ့ဆိုရင် ခါးစောင်းမှာ
လဆုတ် ၆ – ရက်နေ့ဆိုရင် သားမြတ်နဲ့နှုတ်ခမ်းမှာ
လဆုတ် ၇ – ရက်နေ့ဆိုရင် လည်ပင်းမှာ


www.burmeseclassic.com

www.burmeseclassic.com



လဆုတ် ၈ – ရက်နေ့ဆိုရင် ရင်ညွန့်မှာ

လဆုတ် ၉ – ရက်နေ့ဆိုရင် သားမြတ်နဲ့ခါးမှာ

လဆုတ် ၁၀ – ရက်နေ့ဆိုရင် ပေါင်နဲ့ချက်မှာ

လဆုတ် ၁၁ – ရက်နေ့ဆိုရင် ဆီးစပ်မှာ

လဆုတ် ၁၂ – ရက်နေ့ဆိုရင် မြင်ခေါင်းမှာ

လဆုတ် ၁၃ – ရက်နေ့ဆိုရင် ချက်၊ တင်ပါးနဲ့ ခါးမှာ

လဆုတ် ၁၄ – ရက်နေ့ဆိုရင် ခြေမျက်စိမှာ''

ဥက္ကာစိုးက ကော်ဖီကို တစ်ငုံသောက်သည်။ ကောင်လေးတွေကတော့ ထပ်မေးလိုက် မှတ်လိုက်နှင့် သဘောတွေကျနေ၏။

''အစ်ကို့ဆီလာရတာ ဟန်တယ်ဗျာ။ ဒါတွေ သိရတာအမြတ်ပဲ''

ဥက္ကာစိုးက ထပ်ပြောပြန်သည်။

''နေ့အလိုက် မှတ်ချင်ရင်တော့ ...

တနင်္ဂနွေနေ့ဆိုရင် လည်ပင်းမှာ

တနင်္လာနေ့ဆိုရင် သားမြတ်မှာ

အင်္ဂါနေ့ဆိုရင် ချက်မှာ

ဗုဒ္ဓဟူးနေ့ဆိုရင် အင်္ဂါဇာတ်မှာ

ကြာသပတေးနေ့ဆိုရင် ကျောမှာ

သောကြာနေ့ဆိုရင် ဆံပင်မှာ

စနေနေ့ဆိုရင် လက်ဖျားမှာ''

ကောင်လေးတွေ တကုတ်ကုတ်နှင့် လိုက်မှတ်ပြန်သည်။ (ဤအချက်တွေကို ဖော်ပြရခြင်းမှာ ... စာဖတ်သူ အမျိုးသမီးတွေအနေနှင့်လည်း၊ သွေးသားအပြောင်းအလဲနှင့် ဆင်ခြင်အပ်သည်တို့ကို ဆင်ခြင်၍ ရအောင် ဗဟုသုတအဖြစ် ဖော်ပြခြင်းဖြစ်ပါသည်။ ။ စာရေးသူ)





ဥက္ကာစိုးက ကောင်လေးတွေ မှတ်ပြီးသောအခါ ...

''အဲ့ဒါနဲ့ ပတ်သက်တဲ့ နေ့အလိုက်တေးထပ်ရှိတယ်။ မှတ်ဦးမလား''

''မှတ်မယ် အစ်ကို ... မှတ်ကို မှတ်ဦးမှာ ...''

''အေးကွာ ... မှတ် ...''

''ဘာလဲဟင် ... တေးထပ်က ...''

''ရွှေဂဠုန်ရက်တွင်း၊ လည်ပင်း၌မှတ်ပါ၊ သားမြတ်ကင်း၀င်းပဒါ၊ တနင်းလာငွေကျား၊ နှုတ်ဆီးစပ် အထက်ခေါ်သည်၊ ချက်တော်မှာ ခြသေ့နှင့်ခြား၊ ပဿာ၀ယောနိအိမ်မှာ၊ ဆင်နာဂိန်ပျော်ပါး၊ ခင်ညာစိန် ခက်ပတ္တမြားရယ်က၊ ကြွက်မမှားကျောနေ၊ ပိတုန်းရောင် ကေသီမြတ်မှာတော့၊ ရွှေဖူးနတ် ရက်မှတ်မသွေ၊ ပြည်ဘောဂ နဂါးမြွေမှာ၊ မမှားစေလက်ခြားပ၊ သက်ထားမေကညာ စိတ်ဓာတ်တည်ရာ၊ ချိပ်စပ်သို့ ဤစာမှာ မဒီမြာ ချစ်ဆုံးပလေး ... တဲ့ ...''

ကောင်လေးတွေ တော်တော် ကြွေနေပုံရ၏။ မှတ်ပြီးတာနှင့် ဥက္ကာစိုးကို အထင်ကြီးသော မျက်လုံးတွေနှင့်ကြည့်ကြသည်။ သူတို့အကြည့်တွေမှာ ဒီလောက်နှင့် မတင်းတိမ်သေးဘဲ ထူးဆန်းသော အသစ်အသစ်တွေကို ထပ်မံမျှော်လင့်နေဟန်ရှိ၏။

ဥက္ကာစိုးကလည်း ဖီးလ်တွေတက်ပြီး ပညာဖြန့်ဝေသည့်အနေနှင့် နောက်တစ်ခု ထပ်ပြောဖို့ပြင်သည်။ သို့ရာတွင် ... ထိုစဉ်မှာပင် သူ့ဖုန်းက မြည်လာ၏။

ဥက္ကာစိုး ကိုင်လိုက်သည်။

''ဟယ်လို ... ဩော် ... ရတီ ... အင်း ... အဲ့ဒါဆို အိမ်ကပဲ စောင့်နေလေ။ ကိုယ် အခုလာခဲ့မယ်။ လူချင်းတွေ့မှ ပြောကြတာပေါ့''

ဖုန်းချပြီးတာနှင့် ဥက္ကာစိုးသည် ကော်ဖီဖိုး ငွေရှင်းသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ထသွားမည့်ဟန်ပြင်တော့ ကောင်လေးတွေ မချင့်မရဲ ဖြစ်နေ၏။

ကောင်လေးတစ်ယောက်က မဝံ့မရဲနှင့် ...

''အစ်ကို ... ဟိုလေ ... ''

''ဘာလဲ။ ပြောပါ''

''ဟိုဥစ္စာ ... အဆောင်လေ ... ပီယအဆောင်လေး ဘာလေး များ ရနိုင်မလားလို့ ... အဟဲ ... ''

ဥက္ကာစိုး ပြုံးသည်။ မြောက်ပြုံး ... ။ (မျောက်ပြုံးမဟုတ်ပါ) ပြီး နောက် ... သူ့အိတ်ထဲမှ ပစ္စည်းတစ်ခု ထုတ်၍ ကောင်လေးတွေအား ပေးလိုက်သည်။

ဟောခနဲ အော်ကာ ကောင်လေးတွေ ပျော်သွားကြလေသည်။ ဆိုင်အတွင်းမှာ လူရှင်းသဖြင့် တော်ပါသေး၏။

''အဲ့ဒါ ပီယအဆောင်ရယ်လို့တော့ မဟုတ်ဘူး။ ကံကောင်း စေတဲ့ အဆောင်ပေါ့။ ဘက်စုံသုံးလို့ရတယ်။ ချစ်ရေးချစ်ရာကိစ္စတွေမှာပဲ ဖြစ်ဖြစ်၊ အမှုအခင်းကိစ္စတွေမှာပဲဖြစ်ဖြစ်၊ ဟောရေးပြောရေးကိစ္စတွေမှာ ပဲဖြစ်ဖြစ်၊ စီးပွားလာဘ်လာဘကိစ္စတွေမှာပဲဖြစ်ဖြစ် ... ကိုယ် ကြံစည် ပြောဆိုသမျှ အောင်မြင်နိုင်တယ်''

ဥက္ကာစိုးက အသုံးပြုပုံနှင့် အသစ်ထပ်မံပြုလုပ်နည်းကိုပါ သေချာ ပြောပြသည်။ ပြီးတာနှင့် ဆိုင်ထဲမှ ထွက်သွားလေသည်။





ဥက္ကာစိုးထွက်သွားပြီး ခဏအကြာ ...

ထိုဆိုင်ထဲသို့ လူငယ်တစ်ဦး ဝင်လာသည်။ ထိုလူငယ်က စော စောက ဥက္ကာစိုးနှင့် အတူထိုင်နေသည့် ကောင်လေးသုံးယောက်ထံ တန်း သွား၏။

''ဟိတ်ကောင်တွေ ... အခြေအနေ ဘယ်လိုလဲ''

''မင်းထင်တဲ့အတိုင်းပဲ ... သေချာတယ်။ အဲဒီလူပဲ''

''ဒါဆို ငါ အချိန်မီ တားမှ ဖြစ်မှာပေါ့''

ထိုလူငယ် ဆိုင်ထဲမှ ကသုတ်ကရက် ပြန်ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

''ရှင် အဲ့ဒါ ဘာသဘောလဲ။ နဒီ ညကပြောမှ ကျွန်မသိရတာ။ ရှင်က နဒီနဲ့လည်း ချစ်သူတွေ၊ နဒီ့ကိုလည်း လက်ထပ်မယ်လို့ ရှင်ပြောထားတယ်။ ကျွန်မနဲ့ကျတော့လည်း ... ''

စကားမဆက်နိုင်ဘဲ ရတီ၏မျက်ဝန်းမှာ မျက်ရည်တွေ စိမ့်ဖိုင်လာတာကို မှန်အကြည်သားအားဖောက်၍ မြင်တွေ့နေရသည်။

''ရှင် မရှိးသားလို့ပဲ ညက ကျွန်မတို့ လာကြိုနိုင်းတာကို လာမကြိုတာမို့လား''

ဉက္ကာစိုးက ဘာမှပြန်မပြောဘဲ ရေခဲသေတ္တာဆီသွားကာ ဘီယာတစ်ဘူးယူ၍ အေးအေးဆေးဆေး ဖောက်သောက်နေသည်။ ရတီ့ထံ လျှောက်လာပြီးတော့လည်း တိုက်၏။

''အလေ့အကျင့်ရှိသွားပြီဆိုတော့ သောက်ပါလား။ မင်း စကားပြောရတာ မောနေပြီ''

''မသောက်ဘူး။ အရမ်းတိုက်ချင်နေရင် ရှင့်သတို့သမီးလောင်းကိုပဲ သွားတိုက်''

ပြောရင်းနှင့် ရတီ မျက်ရည်တွေ စီးကျလာသည်။





''ကျွန်မကတော့ ရှင့်ကို ချစ်လိုက်ရတာ။ ရှင်ကတော့ နဒီနဲ့ယူတော့မယ်။ အဲ့ဒါဆို ကျွန်မပဲ အသည်းကွဲပြီး ကျန်ခဲ့မှာပေါ့''

ရတီက ဉက္ကာစိုးရင်ဘတ်ကို လက်သီးဆုပ်နှင့် တအုံးအုံးထုနက်သည်။ ဉက္ကာစိုးက မရုန်းဖယ်ဘဲ ရတီ၏ကိုယ်လုံးကို အလိုက်သင့် ပွေ့ဖက်ထားလေသည်။

ထိုအခါ ရတီ ရှိုက်ကြီးတငင် ငိုကြွေးပါတော့၏။

''ကျွန်မ ဘာတွေ တွေးခဲ့မိသလဲ သိလား ... ရှင် ကျွန်မဘဝထဲ စဝင်လာတုန်းက အရာအားလုံးဟာ အဆင်ပြေသွားမှာပဲလို့ ထင်ခဲ့တာ။ အခုတော့ အလကားပဲ''

''ရတီ ... ကိုယ်ပြောတာကို စိတ်အေးအေးထားပြီး နားထောင်ပါ။ ရတီ့ကို ကိုယ်အရမ်းချစ်ပါတယ်။ ဒါပေမယ့် ... ''

''တော်ပါတော့ရှင် ... တော်ပါတော့ ... ဘာမှမပြောပါနဲ့တော့။ ကျွန်မ အခုလာတာ ရှင်ရဲ့ပုံပြင်တွေကို နားထောင်ဖို့လာတာ မဟုတ်ပါဘူး။ ရှင့်ကို ကျွန်မ လာနှုတ်ဆက်တာပါ။ ရှင် ကျွန်မနဲ့ဆက်ပြီး မပတ်သက်ပါနဲ့တော့။ ကျွန်မကိုလည်း နောက်ဘယ်တော့မှ မဆက်သွယ်ပါနဲ့တော့။ ရှင့်ကို ကျွန်မ အရမ်းချစ်ပါတယ်။ ဒါပေမယ့် ကိုယ့်ညီမရဲ့ချစ်သူကို ဖြတ်ခုတ်ရလောက်တဲ့အထိ ကျွန်မ မမိုက်မဲသေးပါဘူး။ ကျွန်မကို သွားခွင့်ပြုပါတော့ ... ''

မျက်ရည်စက်လက်နှင့် ဉက္ကာစိုး၏ရင်ခွင်ထဲမှ ရုန်းထွက်ပြီး ရတီ ပြေးထွက်သွားလေသည်။ သူမနောက်မှ ဉက္ကာစိုး ပြေးလိုက်လာပြီး ချော့မော့လေဦးမလား ... ဟု တွေးမိသေးသည်။

သို့ရာတွင် ... လိုက်မလာပါ။

ရတီ လှည့်ကြည့်တော့ ...



www.burmeseclassic.com

www.burmeseclassic.com

ဥက္ကာစိုးသည် ရပ်မြဲအတိုင်းရပ်လျက် လက်ထဲမှ ဘီယာဘူးကို မော့သောက်နေတာတွေ့လိုက်ရလေသည်။

"ဟင်"

မြင်ကွင်းကြောင့် ဘရဏီ အံ့အားသင့်သွားသည်။

သားငယ်ကို မုန့်ကြိုပို့ပြီးတာနှင့် စိတ်အလိုဆန္ဒအလျောက် ဥက္ကာစိုး၏ နေအိမ်ရှိရာသို့ သူမ ထွက်လာခဲ့မိသည်။ အိမ်ရှေ့နားရောက်တော့ တွေ့ဝေမှု ဒွိဟစိတ်တို့ဖြင့် သူမ တုံ့ဆိုင်းနေမိ၏။ သားငယ်မျက်နှာကို မြင်ယောင်လိုက် ... ၊ လင်ယောကျ်ားမျက်နှာကို မြင်ယောင်လိုက်နှင့်။

နောက်ဆုံးမှာတော့ ကားကိုပြန်ကွေ့ရန် ဆုံးဖြတ်လိုက်မိပါသည်။

ထိုစဉ်မှာပင် ...

ဥက္ကာစိုး၏ နေအိမ်အတွင်းမှ ထွက်လာသော ရတီကို တွေ့မြင်လိုက်ရခြင်းဖြစ်သည်။ ရတီကတော့ သူမကို မြင်ဟန်မရှိဘဲ အငှားကားတစ်စီးကို တားပြီးတက်ကာ ထွက်သွားလေသည်။

လွတ်လပ်မှုတစ်ခုမှာ ဘာတွေစွန်းပေနေမလဲဟု ဘရဏီအလိုအလျောက် တွေးဖြစ်လေ၏။ ခွဲခြမ်းစိတ်ဖြာရခက်ခဲသော ဝေဒနာသည် ပူလောင်ကျွမ်းမြစွာဖြင့် ရုတ်တရက် သူမအား အလန့်တကြား ဖမ်းစားပစ်လိုက်ပါ၏။

ရတီ ထွက်သွားတာနှင့် ဘရဏီသည် အိမ်အတွင်းဝင်၍ ဥက္ကာစိုးထံ သွားလိုက်သည်။

"ရတီ ဒီကိုဘာလာလုပ်တာလဲ"





ဘရဏီ မေးတာကို ဥက္ကာစိုးက မဖြေ။ အေးစက်စက် ရပ်နေသော ဥက္ကာစိုးအနားသို့ ဘရဏီ တိုးကပ်သွားလိုက်သည်။

"ရှင်က ဘယ်လိုလူလဲ။ နဒီနဲ့လည်း တွဲတယ်။ ရတီနဲ့လည်း တွဲတယ်။ ကျွန်မကိုကျတော့လည်း ..."

"အအေးသောက်မလား"

"စကားကို ဖြတ်မပြောပါနဲ့။ ရှင် အခု နဒီနဲ့ကြိုက်နေတာလား။ ရတီနဲ့ကြိုက်နေတာလား ..."

"ကော်ဖီဆိုရင်ကော"

"ဘာကိစ္စ အအေးတွေ ကော်ဖီတွေအကြောင်း ပြောနေတာလဲ။ ကျွန်မ မေးတာကိုသာ ဖြေစမ်းပါ။ ရှင်က ဘာလာလာဒေါင်းလား"

ဘရဏီက ဥက္ကာစိုး၏ရင်ဘတ်မှ အင်္ကျီစကို ဆွဲသည်။ ဥက္ကာစိုးက တုန်လှုပ်ဟန်မရှိဘဲ ...

"လင်ကွန်းပြောတဲ့ စကားတစ်ခွန်းရှိတယ်။ "သင့်မြင်းကို ရေကန်ဆီရောက်အောင် ခေါ်သွားလို့ရပေမယ့် သူ ရေသောက်အောင်တော့ သင် မတတ်နိုင်ပါဘူး" တဲ့။ အဲဒီလိုပဲပေါ့ ..."

မြင့်မားသော အရပ်ပိုင်ရှင် ဥက္ကာစိုးသည် မျက်လုံးများမှေးစင်း၍ ဘရဏီကိုကြည့်၏။ ဘရဏီသည် ဥက္ကာစိုး၏ ရင်ဘတ်ကို ကိုင်လျက်သားဖြင့် မော့မော့လေး ဖြစ်နေလေသည်။

ဥက္ကာစိုးက ပြုံးထေ့ထေ့ဖြင့် ...

"ဘရဏီလည်း အခု ရေကန်ဆီ ရောက်နေပြီလေ။ ဘာလုပ်မှာလဲ ... ကဲ ... ပြော ..."

ဘရဏီသည် ဥက္ကာစိုး၏ မျက်နှာအား သေချာစိုက်ကြည့်သည်။ မှိုင်းမိသွားသလို တိုးဖွတုန်ခါသော အသံနှင့် ...

"ကျေးဇူးပြုပြီး ရှင့်မျက်လုံးတွေကို ခဏပိတ်ပေးပါလားဟင်"


www.burmeseclassic.com

www.burmeseclassic.com

ဥက္ကာစိုးက သူမျက်လုံးတွေကို ညင်သာစွာပိတ်ပေးသည် ...။ ဘရဏီက မူနွဲ့စွာ နောက်တစ်ခု ထပ်မံတောင်းဆိုပြန်သည်။

"ရှင့်အရပ်ကြီးက သိပ်မြင့်တာပဲ။ ခေါင်းလေးပါ နည်းနည်းငုံ့ပေးပါလား"

ဥက္ကာစိုးက ခေါင်းပါငုံ့ပေး၏။ ရင်ခုန်စွာဖြင့် သူနှုတ်ခမ်းတွေကို အသွက်လက်ဆုံး ဖွင့်ဟလှုပ်ရှားရန် အသင့်ပြင်ထားလိုက်လေသည်။

ဘရဏီက ပိုမိုသေချာအောင် ခြေဖျားထောက်သည်။

နောက် ...

"အနမ်းတစ်ခုအတွက် လျော်ကြေးပေါ့ရှင်"

လွင့်လာသည်။

နှုတ်ခမ်းတော့မဟုတ်။ လက်တစ်ဖက် ရိုပ်ခနဲ ...

"ဖျန်း"

ဥက္ကာစိုးမျက်နှာ ဇက်မှ အနိုင်လိုက် လည်ထွက်သွားသည်။

"သရုပ်ဆောင်ပညာဆိုတာ အဲ့ဒါပဲ"

ပြောလည်းပြော ဘရဏီ တစ်ချိုးတည်းပြေးလေသည်။

ဥက္ကာစိုးအဖြစ်ကတော့ နာကျင်ဟတ်ကော့ ...။

ဒါ ... ဟိုအဆောင်ကို သူများပေးပစ်လို့ ဖြစ်ရမယ်ဟူ၍ အယူတွေသီးကာ နောင်တတွေ အကြီးအကျယ် ရနေပါသည်။

ငါသာလူမိုက်၊ ဒုစရိုက်ဟု ဘာညာပေါ့လေ ...။





ဘရဏီသည် ကားမောင်းရင်းတန်းလန်း ရင်တုန်ပန်းတုန် ဖုန်းခေါ်သည်။

"ဟယ်လို ... နဒီလား ... နင် အခု ဘယ်မှာလဲ ...။ အင်တာနက်ဆိုင်မှာဆိုလည်း အဲ့ဒါကိုထားပြီး အခုချက်ချင်း ငါ့အိမ်လာခဲ့။ ရတီကိုပါ ဖုန်းဆက်ပြီး ငါ့အိမ်လာခဲ့လို့ ပြောလိုက်။ အခုချက်ချင်းနော် ... အရေးကြီးတယ်။ ငါ အိမ်က စောင့်နေမယ် ... ဒါပဲ ..."


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ပြေးလွှားနေသော လေစီးကြောင်းထဲမှာ မိုး၏အငွေ့အသက်တို့ လွင့်ပါနေသည်။ တိမ်တို့သည် အလှယုတ်ကာ ညှိုးပုပ်နေကြ၏။

အမှတ်မထင် ကိုယ့်ကိုယ်ကိုယ် ခုတ်ဖြတ်မိသလို ဖြစ်ကြရသော ညီအစ်မသုံးယောက် ... ဝဲဂယက်တစ်ခု၏ အလယ်ဗဟိုဆုံချက်ပမာ မျက်နှာချင်းဆိုင်မိကြလေပြီ။

''နင်တို့နှစ်ယောက်ထဲမှာ ဘယ်သူက ဥက္ကာစိုးရဲ့ချစ်သူလဲ''

ဘရဏီ၏အသံက တင်းမာနေသည်။ နဒီက ...

''ငါလေ ... ငါနဲ့ ဥက္ကာစိုး ချစ်သူတွေဖြစ်နေတာ ကြာပြီပဲဟာ။ ဘာဖြစ်လို့လဲ''

ဘရဏီက ရတီ့ကို စိုက်ကြည့်၏။

''ရတီ ... နင်နဲ့ဥက္ကာစိုးကကော ဘာတွေလဲ''

မဖြေ ... ။ ရတီ ခေါင်းလေးငုံ့နေသည်။

''ဒီမှာ နဒီ ... ဥက္ကာစိုးဟာ နင်နဲ့တင် မဟုတ်ဘဲ ရတီနဲ့ပါ ရှုပ်နေတာ''

''ဘာ ... ''

အံ့သြထိတ်လန့်သွားသလို ရတီ့ကို နဒီကြည့်သည်။ ရတီက





ရင်မဆိုင်ရဲသလိုမျိုး မျက်နှာလွှဲထား၏။ သူမ ကိုယ်လုံးလေး တဆတ်ဆတ် တုန်ယင်နေပါသည်။

ဘရဏီက ...

''ရတီ့ကို အပြစ်မတင်ပါနဲ့ နဒီ။ ဒီကိစ္စမှာ သူ့ အပြစ်ရှိတယ်ဆို ရင်တောင် တစ်ဖက်လူကြောင့် ဖြစ်ရတာပါ။ ဥက္ကာစိုးဟာ မိန်းမကိစ္စတွေ မှာ သိပ်ကျွမ်းကျင်တဲ့လူ။ ရတီ့လို အတွေ့အကြုံမရှိတဲ့ မနုမနပ်မိန်းကလေး မျိုး မပြောနဲ့ ... ငါတောင်မှ သူ့စက်ကွင်းထဲက မလွတ်ခဲ့ဘူး ... ''

''ဘယ်လို ... မမ ... နင်ပါ သူ့စက်ကွင်းက မလွတ်ဘူး ... ဟုတ်လား ... ''

နဒီ သွေးပျက်ချောက်ချားသွားသည်။ ဘရဏီက (ရတီ့အပေါ် နဒီ အမုန်းမပွားအောင်) ဥက္ကာစိုး၏ လုပ်ဆောင်မှုတွေကို ပြောပြလိုက် ပါသည်။

နဒီသာမက ရတီပါ အံ့အားသင့်သွားသည်။

''ဒီလူ ဘယ်လိုလူလဲ ... ။ သူ သူက ... ငါ့ကိုလည်း ... ''

ရတီကလည်း သူမ ဖြစ်စဉ်ကို ပြောပြသည်။ ပြီးတာနှင့် နဒီ့ကို တောင်းပန်၏။

''ငါ့ကိုခွင့်လွှတ်ပါ နဒီရယ် ... ''

ထိုရက်ပိုင်းမှာ နဒီနှင့် ရတီ ကတောက်ကဆဖြစ်ကာ တစ် ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြပါ။ ဒါကြောင့် ဥက္ကာစိုး အကွက်ရွှေ့ရတာ ပိုမိုလွယ်ကူသွားတာ ဖြစ်၏။

နဒီကလည်း ရတီ့ကို အပြစ်မတင်ပါ။ သူမ သက်ပြင်းချ၍ ...

''ဒါဆို ... ငါတို့ညီအစ်မသုံးယောက်အပေါ်မှာ သူ့ရဲ့သဘော ထားက ဘာလဲ''

ဘရဏီက နဒီ့ကို ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com


"နင်နဲ့သူ စီးရီးကိစ္စကကော ဘယ်လိုလဲ"

"ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ရသေးပါဘူး။ သူ မသိတာတွေ လိုက်လေ့လာဦးမယ်ဆိုပြီး အဲ့ဒါနဲ့ပဲ အချိန်ကုန်နေတာ"

"နင် သူနဲ့ အလုပ်ဆက်မလုပ်နဲ့တော့"

"စိတ်ချပါ။ ငါလည်း စိတ်ပျက်သွားပါပြီ"

တစ်ခါက ဝီရလာသတိပေးတုန်းက အလေးအနက်မထားခဲ့မိသည့်အတွက် နဒီ သူမကိုယ်သူမ အပြစ်တင်မိသည်။ ဝီရ၏စေတနာကို ပင် သူမ ရိုင်းပျစွာ တုံ့ပြန်စော်ကားခဲ့မိ၏။

အခုတော့ ... ဥက္ကာစိုး ရုပ်တာက ရိုးရိုးတောင်မဟုတ်။ ညီအစ်မသုံးယောက်စလုံးနှင့် ပတ်ရှုပ်တာ ဖြစ်သည်။

နောင်တတွေကို နဒီ နင့်သီးစွာမွေ့ပိုက်မိလေပြီ။

ထိုစဉ်အခိုက်မှာပင် ...

အိမ်တွင်းသို့ လူငယ်တစ်ဦး ဝင်လာသည်။

"ဟင် ... ဝီရ"

အိမ်တွင်းသို့ ဝင်လာသည့်လူငယ်မှာ ဝီရ ဖြစ်၏။ နဒီက ...

"နင် ဒီကို ဘာလာလုပ်တာလဲ ဝီရ"

"ငါ နင့်ကို လိုက်ရှာနေတာ။ အိမ်ကိုလည်းရောက်ပြီးပြီ။ အင်တာနက်ဆိုင်လည်း ရောက်ပြီးပြီ။ ဘယ်မှာမှ မရှိလို့ ဒီကိုလိုက်လာတာ"

ဝီရက သူ့လက်မှာ ကိုင်လာသော ဂျာနယ်အား နဒီ့ရှေ့သို့ချပေးပြီး ...

"အဲဒီမှာ ကြည့်လိုက် နဒီ ... နင် ဘုရားမှတ်ပြီး ကိုးကွယ်နေတဲ့ အုတ်နီခဲကြီးက ဘာကောင်ကြီးလဲဆိုတာ နင် သိလိမ့်မယ်"

"ဘာကိုပြောတာလဲ ဝီရ"

"နင် အထင်တကြီး ကိုးကွယ်နေတဲ့ ဥက္ကာစိုးဆိုတဲ့ ဘဲကြီးက



ရုပ်အမျိုးမျိုး နာမည်အမျိုးမျိုးနဲ့ နယ်တကာလှည့်ပြီး လိမ်စားနေတဲ့ လူလိမ်အကြီးစားကြီး။ လိမ်တဲ့ညာတဲ့ဘက်မှာ တော်လွန်းအားကြီးလို့ သူ့ကို လူလိမ်နေလို့တောင်တင်စားထားကြတာ။ မကြာသေးခင်လပိုင်းလောက်ကမှ မန္တလေးဘက်မှာ အချိုးကြီးလိမ်ပြီး ခြေရာဖျောက်သွားတာ။ သူဟာ ရုပ်ဖျက်ပညာနဲ့ ဟန်ဆောင်ကောင်းလွန်းလို့ သူ့ကို ဒီကနေ့အထိ ဖမ်းလို့မမိကြသေးဘူး။ အဲ့ဒါကြောင့် သူ့ရဲ့ပင်ကိုယ်ရုပ်နဲ့ သူရုပ်ဖျက်တဲ့အခါ သုံးတတ်တဲ့ ပုံစံတွေကိုပါ ဂျာနယ်ထဲမှာထည့်ပြီး ကြော်ငြာထားတာ"

ဝီရက ဂျာနယ်မှ ထိုကြော်ငြာပါသော စာမျက်နှာအားပြလိုက်သည်။ ညီအစ်မသုံးယောက်သား အလုအယက်ပင် ကြည့်ရှုကြ၏။

"သူ အခုနေတဲ့ အိမ်ကလည်း ငှားထားတာ။ သူ စီးတဲ့ကားတွေကလည်း အချိန်ပိုင်းနဲ့ ငှားစီးတာတွေ။ သူကိုင်တဲ့ ဖုန်းကအစ အကုန်သူများပစ္စည်းတွေချည်းပဲ။ ငါ အားလုံး စုံစမ်းပြီးပြီ"

"ဒီဂျာနယ်ကို နင် ဘယ်ကရလာတာလဲ"

နဒီက မေး၏။ ဝီရက ...

"ဒီငနဲကြီးကို မသင်္ကာလို့ သူ့ကိုငါ အမြဲ နောက်ယောင်ခံလိုက်ကြည့်နေတာ။ တစ်နေ့ ညနေပိုင်းမှာ အစ်မဘရဏီတို့အိမ် သူဝင်သွားတော့ ငါလည်း မလှမ်းမကမ်းမှာပဲ ရပ်ကျန်ခဲ့တာ။ ခဏကြာတော့ အစ်မဘရဏီတို့လင်မယား အပြင်ထွက်သွားပေမယ့် သူကတော့ ပြန်ထွက်မလာဘူး။ ငါ မသင်္ကာတာနဲ့ သူ့ကို သွားချောင်းတော့ သူက အိမ်ထဲမှာ လှည့်ပတ်ကြည့်ပြီး ကလေးဆီသွားတယ်။ သူ့ပုံစံက ကလေးကိုတစ်ခုခု လုပ်တော့မယ့်ပုံ။ ဒါပေမယ့် ကလေးနားရောက်တော့ ပြန့်ကျဲနေတဲ့ ဂျာနယ်တွေထဲက တစ်ရွက်ကိုမြင်ပြီး သူ မျက်နှာပျက်သွားတယ်။ အဲဒီဂျာနယ်စာရွက်ကိုလည်း သူ့ဘောင်းဘီအိတ်ထဲ ထည့်ယူသွားတယ်။ အဲ့ဒါနဲ့ ငါလည်း အိမ်လည်လာသလိုလိုနဲ့ အိမ်ထဲဝင်ပြီး ရှုပ်ပွနေတာကို ရှင်းပေး


www.burmeseclassic.com

www.burmeseclassic.com

သလိုလိုနဲ့ ဂျာနယ်က နေ့စွဲနဲ့ ဂျာနယ်အမည်ကို မှတ်ပြီးတော့ အပြင်မှာ ရှာဝယ်လိုက်တာ''

''ဒါဆို ... အဲဒီနေ့က အိမ်ကိုလာတဲ့လူဆိုတာ မင်းပေါ့ ဟုတ်လား''

ဘရဏီမေးတော့ ဝီရက ခေါင်းညိတ်ပြသည်။

''ဟုတ်ပါတယ် အစ်မ။ ကျွန်တော်ပါ''

''ဘုရား ... ဘုရား ... မြွေပွေးကိုမှ ခါးပိုက်ပိုက်မိတာပါလား။ အဲဒီနေ့က သူ့ကို အိမ်စောင့်ထားခဲ့မိတာ ... မတော်တဆ ကလေးကို များ တစ်ခုခုလုပ်ပြီး ရှိတာ အကုန်မ,သွားရင် ငါးပါးမှောက်ပြီပဲ''

''ကျွန်တော်လည်း သူ့ပုံစံက မရိုးသားတာကြောင့် အဲ့လိုမျိုး တွေးမိလို့ ကလေးနဲ့အတူတူ ကူဆော့ပေးသလိုလိုနဲ့ နေလိုက်တာ ... အစ်မတို့ ပြန်လာခါနီးလောက်ပြီထင်မှ အိမ်ထဲက ထွက်တာ။ ဒါတောင် စိတ်မချလို့ မပြန်ဘဲ သူ မသိအောင် အိမ်ဘေးပြတင်းပေါက်ကနေ သူ့ အရိပ်အခြေကို စောင့်ကြည့်နေပါသေးတယ်။ အစ်မတို့လင်မယား ပြန် ရောက်မှ ကျွန်တော်လည်း ပြန်သွားတာပါ''

''ကျေးဇူးတင်လိုက်တာ ငါ့မောင်ရယ် ... ''

ဝီရကိုကြည့်ကာ ဘရဏီ လှိုက်လှိုက်လှဲလှဲပြော၏။ ရတီက ဘရဏီ၏လက်ထဲမှ ဂျာနယ်စာရွက်ကို ဆွဲယူပြီး ...

''အိမ်မှာ ဂျာနယ်ရှိလိုက်သားနဲ့တောင် ဒီသတင်းကို မတွေ့မိဘူးလား''

ဘရဏီက ခေါင်းခါသည်။

''ငါက စာဖတ်မှ ဝါသနာမပါတာ။ အိမ်မှာရှိတဲ့ ဂျာနယ်တွေကလည်း သတင်းထောက်တွေ လက်ဆောင်ပေးလို့သာ ယူလာတာ။ ကိုယ့်သတင်းပါတာကလွဲရင် ကျန်တာ သိပ်ဖတ်ဖြစ်တာ မဟုတ်ဘူး။





ကိုအောင်ထူးကလည်း ငါ့လိုပဲ စာဖတ်ဝါသနာ မပါဘူးလေ။ အဲ့ဒါကြောင့် သတိမထားမိတာ''

''ကံကောင်းလို့ ... ကံကောင်းလို့ ... ဝီရသာ လာမပြောရင် ငါတို့သူ့အကြောင်း သိမှာမဟုတ်ဘူး။ တကယ်ပိရိတဲ့လူပဲ။ အခုတောင် သူ့လက်ချက်နဲ့ ငါတို့ နည်းနည်းစီ ပွန်းသွားကြသေးတယ်''

''ဘာပဲဖြစ်ဖြစ် ဒီလောက်နဲ့ အချိန်မီသိပြီး သူနဲ့ဇာတ်လမ်းပြတ် သွားတာ တော်ပါသေးတယ်ဟာ''

ရတီနှင့် ဘရဏီ ရင်တမမနှင့် သက်ပြင်းချကြ၏။ နဒီက ဝီရကို ကြည့်ကာ ...

''ဒီလောက် အရေးကြီးတာကိုတောင် နင်က အစောကြီးတည်းက ဒီဂျာနယ် ဘာလို့ လာမပြလဲ''

''ဂျာနယ်က အဟောင်းဆိုတော့ ရှာရတာမလွယ်လို့ပါ။ ပြီး တော့ မသေချာဘဲနဲ့ လာပြောရင် နင်က ငါ့ကို မစားရတဲ့အမဲ သဲနဲ့ပက် တယ်လို့ ပြောဦးမယ်လေ။ ဂျာနယ်တွေ့တော့တောင် ပိုသေချာအောင် ဆိုပြီး ငါ့သူငယ်ချင်းတွေကို သူ့ရုပ်နဲ့တူမတူ သွားကြည့်ခိုင်းသေးတယ်။ အခုတောင်မှ အစစအရာရာသေချာလို့ နင့်ကိုငါ လာပြောရဲတာပါဟာ''

ဝီရကိုကြည့်ကာ နဒီ သနားသွားသည်။ သူမဘက်မှ နာကျင် စရာဝေဒနာတွေ ဆက်တိုက်ပေးခဲ့တာတောင်မှ ... ဝီရသည် သူမကို စိတ်မနာသည့်အပြင် ဒုက္ခတွင်းမှ လွတ်မြောက်အောင် ကယ်တင်နိုင်ဖို့ အကောင်းဆုံး ကြိုးစားစွမ်းဆောင်ပြခဲ့၏။

ဒီကမ္ဘာမှာ ဝီရလောက် သူမကိုချစ်တဲ့သူ ရှိပါဦးမည်လား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

''~×~×~''

မြူးဇစ်သံနှင့်တကွ ဖုန်းမြည်သံ ထွက်ပေါ်လာသည်။ ဘရဏီ၏ ဖုန်းမှဖြစ်သည်။

ဘရဏီက ဖုန်းကိုကိုင်ပြီး နံပါတ်ကိုကြည့်ကာ ...

''ဥက္ကာစိုး ဆက်တာ''

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

နဒီက ...

''စပီကာဖွင့်လိုက်''

ဖုန်းမှ Loud Speaker ခလုတ်ကို နှိပ်ပြီး ဘရဏီ ပြောလိုက်၏။

''ရှင် ဘာကိစ္စ ဖုန်းဆက်တာလဲ ... ဥက္ကာစိုး အမည်ခံလူလိမ် ဖိုးတွမ်းတီးကြီး ... ။ မုယာမာယာတွေနဲ့ အာလူးတွေ ဖုတ်ပြီး ဘာလိမ်ဆင်တွေ ထပ်ပေးဦးမလို့လဲ ... ။ မရတော့ဘူး ... ရှင် ဘာကောင်လဲဆိုတာ ကျွန်မတို့အားလုံးသိသွားပြီ။ ထောင်နန်းစံချင်လို့ ဖုန်းဆက်တာလား''

ဘရဏီ၏အသံက စွာလန်နေသည်။ ရတီက စိုးရိမ်ဟန် လေသံအုပ်အုပ်နှင့် ...

''ဘာလို့ အဲဒီလို ပြောရတာလဲ။ ငါတို့ ဘာမှမသိတဲ့ပုံစံမျိုးနဲ့





သူ့ကိုထောင်ဖမ်းရမှာလေ။ စုံထောက်ဝတ္ထုတွေထဲမှာဆို အဲ့လိုပဲလုပ်တာ''

''အရေးထဲ နင်က တစ်မျိုး ... ။ ငြိမ်ငြိမ်နေစမ်းပါ''

နဒီက ရတီ့ပါးစပ်ကို ပိတ်ထားလိုက်သည်။ ဖုန်းထဲမှ ဥက္ကာစိုး၏ ရယ်သံသဲ့သဲ့ ထွက်ပေါ်လာပြီး ...

''ဝိရဆိုတဲ့ကောင် ဂျာနယ်ကိုင်ပြီး အိမ်ထဲဝင်သွားတာတွေ့ တည်းက ခင်ဗျားတို့ ကျုပ်အကြောင်း သိတော့မှာပဲဆိုတာ တွက်ဆပြီး သားပါ။ ခင်ဗျားတို့က ကျုပ်ကို ထောင်ထဲ ပို့ချင်လို့လား ... ။ ဟား ဟား ဟား ... အဲဒီလောက်လွယ်နေရင် ကျုပ် ဒီနေ့အထိ အသက်ရှင် နေမှာတောင် မဟုတ်ဘူး။ ဒီမှာ ဘရဏီ ... ''

''ဘာလဲ''

''ခင်ဗျားတို့ညီအစ်မဆီကနေ ကျုပ်တစ်ခုတောင်းစရာရှိတယ်''

''ဘာတောင်းမှာလဲ ... ။ ရှင်တောင်းတိုင်း ကျွန်မတို့က ပေးရ မှာလား''

''ငြင်းတာ မစောပါနဲ့ ဘရဏီ။ ပြီးမှ နောင်တရနေပါဦးမယ်။ ခင်ဗျားရဲ့အိမ်ရှေ့ခြံတံခါးမှာ ကျုပ် ပစ္စည်းတစ်ခု ထားခဲ့တယ်။ အဲ့ဒီပစ္စည်း ကို အရင်ဖွင့်ကြည့်လိုက်ပါဦး။ ပြီးတော့မှ ဆုံးဖြတ်ပေါ့''

တစ်ဖက်မှ ဖုန်းချသွားသည်။ ညီအစ်မသုံးယောက်သား အိမ် ရှေ့ခြံတံခါးသို့ ပြေးကြသည်။ ဝိရလည်း နောက်မှ လိုက်သွား၏။

ခြံတံခါးသို့ ရောက်သောအခါ သံတိုင်ကြားမှာ ညှပ်ထားသော စက္ကူအိတ်တစ်လုံးကို တွေ့ရ၏။ ထိုစက္ကူအိတ်ကို ဖွင့်ကြည့်လိုက်သော အခါတွင် ...

''ဟင် ... အခွေတစ်ခွေ''

စက္ကူအိတ်ထဲမှ ထွက်လာတာက CD ခွေတစ်ခွေဖြစ်သည်။ အားလုံး အိမ်ထဲပြန်ဝင်ပြီး ထိုအခွေကို စက်ထဲထည့်ကာ ဖွင့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ထိုအခါ ...

''ဟင်''

''အို''

အားလုံး မျက်စိမျက်နှာတွေ ပျက်သွားကြ၏။ တီဗီဖန်သားပြင်ပေါ်မှ တဖျတ်ဖျတ် လှုပ်ရှားနေသည့် ပုံရိပ်တွေက ...

ဥက္ကာစိုးနှင့် နဒီ ...

ဥက္ကာစိုးနှင့် ရတီ ...

ဥက္ကာစိုးနှင့် ဘရဏီ ...

ယစ်ယစ်မူးမူး လူးလူးလွန့်လွန့် ဖြစ်နေသော အနမ်းစက်ဝိုင်းတစ်ခု ... ။

လှိုင်းထန်နေသည့် အသံတွေပါ ပါသည်။

ဘုရား ... ဘုရား ...

အားလုံးတုန်လှုပ်သွားကြ၏။ တစ်ယောက်မျက်နှာကို တစ်ယောက် ထိတ်လန့်စွာ ကြည့်ကြ၏။ ပြီးတော့ ... ရင်မဆိုင်ရဲသလိုမျိုး မျက်နှာလွှဲပစ်ကြသည်။

တီဗီပင် မပိတ်နိုင်ဘဲ ဥက္ကာစိုးဆီ ဘရဏီ ဖုန်းခေါ်လိုက်သည်။ ဝီရ အနားကပ်လာပြီး ...

''စပီကာ ဖွင့်လိုက်ပါ အစ်မ''

တဆတ်ဆတ်တုန်ယင်နေသော လက်ချောင်းတွေနှင့် Loud Speaker ခလုတ်ကို ဘရဏီ ကြိုးစားပမ်းစား နှိပ်လိုက်ရသည်။

ဥက္ကာစိုးက ဖုန်းပြန်ဆက်မှာကို ကြိုသိနေသည့်အသံမျိုးနှင့်

''ဘယ်လိုလဲ ဘရဏီ ... ကျုပ်တောင်းဆိုတာကို လိုက်လျောမယ် မဟုတ်လား''





''ရှင် ... ရှင်က ... ဘာ ... ဘာတောင်းဆိုမှာလဲ ...''

''သိပ်မများပါဘူး ဘရဏီရယ်။ သိန်းငါးရာထဲပါ''

''ဘာ ... သိန်းငါးရာ ... ဟုတ်လား ...''

''ဘာလဲ ... ငြင်းချင်လို့လား ... ။ ဒါတောင် ညှာညှာတာတာ တောင်းလိုက်တာပါ။ ဒီသတင်းကိုသာ အင်တာနက်ပေါ် တင်လိုက်မယ်၊ အခွေတွေ ဖြန့်လိုက်မယ်ဆိုရင် ... ဟင်း ဟင်း ... ခင်ဗျား ယောကျ်ားလည်း သိမယ်။ ခင်ဗျားတို့ ပတ်ဝန်းကျင်က လူတွေလည်းသိမယ်။ အနုပညာအလုပ်လုပ်နေတဲ့ ခင်ဗျားတို့ ညီအစ်မသုံးယောက်ရဲ့အကြောင်းကို အားလုံး သိသွားကြမှာ။ ခင်ဗျားသားလေး အရွယ်ရောက်လာရင်လည်း ဒီကိစ္စကို သူ ပြန်ကြားမှာပဲလေ။ အဲဒီလိုအခြေအနေတွေ ရင်ဆိုင်ရမှာနဲ့စာရင် ကျုပ်တောင်းတဲ့ သိန်းငါးရာက မများပါဘူးဗျာ''

ဘရဏီ သွေးပျက်လာ၏။

''အဲဒီလောက် ပိုက်ဆံကို ... ကျွန်မ ဘယ်က ရမှာလဲ''

ဥက္ကာစိုးက ညစ်ကျယ်ကျယ်ရယ်သည်။

''ကျုပ်ကို လာပတ်ဖို့ မကြိုးစားနဲ့ ဘရဏီ။ ခင်ဗျားရဲ့ဘဏ်စာရင်းထဲမှာ ငွေဘယ်လောက်ရှိတယ်ဆိုတာ ကျုပ် သိတယ်။ အခု လောလောဆယ်မှာ ကျုပ်တောင်းတဲ့ ငွေအားလုံးကို ခင်ဗျားပဲ စိုက်ထားပေးပေါ့။ ပြီးရင် ... နဒီက သူ့ရဲ့အခွေကြမ်းကို ရတဲ့ဈေးနဲ့ ရောင်းလိုက်။ ရတီကလည်း စာအုပ်တိုက်တစ်တိုက်နဲ့ စာချုပ်အသစ်ချုပ်ပြီး ကြိုတင်ငွေယူလိုက်ပေါ့။ အချိုးအစား မမျှတရင်လည်း အစ်မအကြီးဆုံးဖြစ်တဲ့ ခင်ဗျားကပဲ ပိုပိုသာသာ အနစ်နာခံလိုက်ပေါ့ဗျာ။ ပါးတစ်ဖက်လျော်ကြေးအနေနဲ့ ဒီလောက်တော့ ပြန်ပေးဆပ်သင့်ပါတယ်လေ''

ဘရဏီ နှုတ်ခမ်းကို ဖိကိုက်ပြီး ...

''ငွေကို ရှင်က ဘယ်တော့ လိုချင်တာလဲ''



www.burmeseclassic.com

‘‘အမြန်ဆုံးပေါ့ဗျာ။ မြန်လေကောင်းလေပဲပေါ့။ အရမ်းကြာနေရင်တော့ ကျုပ်ရဲ့ လက်တော့ပ်ဖိုင်ထဲက ခင်ဗျားတို့ညီအစ်မသုံးယောက် အချစ်နလန်ထနေတဲ့ပုံတွေ ပျံ့နှံ့သွားမှာ သေချာတယ်။ ရဲတိုင်ဖို့လည်း မစဉ်းစားနဲ့နော်။ ခင်ဗျားတို့ ညီအစ်မသုံးယောက်ရဲ့ အရှက်နဲ့ဘဝက ကျုပ် လက်ထဲမှာ ရှိတာ’’

ဥက္ကာစိုး ဖုန်းချသွားသည်။ ညီအစ်မသုံးယောက်စလုံး မျက်စိမျက်နှာတွေ ပျက်ကျန်ခဲ့ကြ၏။ ကဗျာဆန်ဆန်ပြောရလျှင် သူတို့အဖြစ်က မိအေးနှစ်ခါနာဆိုသလိုပါပဲ။

ရတီက …

‘‘ငါတို့ ဘယ်လိုလုပ်ကြမလဲ’’

ဘရဏီက သက်ပြင်းချ၍ …

‘‘သူတောင်းတဲ့ငွေကို ပေးလိုက်ရုံပဲ ရှိတော့တာပေါ့ဟာ။ ငါတို့မှ ဘာမှ မတတ်နိုင်တာ’’

‘‘ဒီလိုတွေဖြစ်ရတာ ငါ စလို့ပါဟာ။ ငါ့အပြစ်တွေပါ … ’’

နဒီ၏မျက်ဝန်းမှ မျက်ရည်တွေ စီးကျလာလေသည်။



www.burmeseclassic.com



အမှားကိုမည်သူမှ မကင်းနိုင်တာ အမှန်တရားတစ်မျိုးဖြစ်သည်။ လူမှန်လျှင် အမှားနှင့် ကင်းလွတ်သူ ရှိမည် မထင်ပါ။

သို့ရာတွင် …

မိမိတို့ ကြုံတွေ့သည့် အမှားများထံမှ သင်ခန်းစာယူတတ်ဖို့တော့ လွန်စွာ အရေးကြီးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

တောက်လောင်စူးရဲသော နေရောင်ခြည်အား ဖြတ်သန်း၍ ဥက္ကာစိုး ရှိရာနေအိမ်သို့ ဝီရ ရောက်ရှိလာသည်။ သူ့လက်ထဲမှာ လက်ဆွဲအိတ်တစ်လုံးနှင့် ... ။

ဝီရကို မြင်သောအခါ ဥက္ကာစိုးက ပြုံးသည်။

''ဘယ်လိုလဲ အချစ်ရဲ့ကျေးကျွန်ကြီး ... ငွေလာပို့ပေးတာလား''

''အပိုစကားတွေ မပြောနဲ့ဗျာ။ ဒီမှာကြည့်''

ဝီရက သူ့လက်ထဲမှ အိတ်ကို ဖွင့်ပြလိုက်သည်။ အထဲမှာ ငါးထောင်တန်အုပ်တွေက အထပ်လိုက် ... ။

''ဟုတ်ပြီလေ ... အဲဒီအိတ် ငါ့ကိုပေး''

ဥက္ကာစိုးက လက်လှမ်းသည်။ ဝီရက ငွေအိတ်ကိုပြန်ပိတ်လိုက်ပြီး ...

''ဒီအတိုင်း တန်းပေးလို့ ဘယ်ဖြစ်မလဲ။ ခင်ဗျားရဲ့လက်တော့ပ်ထဲက နဒီတို့ညီအစ်မသုံးယောက်ရဲ့ဖိုင်ကို ဖျက်ပေးလေ။ အဲ့ဒါမှ အပေးအယူက မျှတမှာပေါ့''

''ကောင်းပြီလေ ... မင်းရှေ့မှာပဲ ငါဖျက်ပေးမယ်''





ဥက္ကာစိုးက လက်တော့ပ်ထဲမှ ဖိုင်ကို ဖျက်ပေးသည်။ ဝီရက

''ခင်ဗျား ဖုန်းခဏလောက်''

''ဘာလုပ်မလို့လဲ''

''ခင်ဗျားကို မယုံလို့၊ ခင်ဗျား Handsetကို စစ်ချင်လို့''

ဥက္ကာစိုးက ဟက်ခနဲရယ်ကာ ...

''မင်း တော်တော်စေ့စပ်တာပဲ။ ရော့ကွာ ... စိတ်ကျေနပ်အောင် စစ်ချင်စစ်''

ဥက္ကာစိုးက ဖုန်းကို ထုတ်ပေးသည်။ Handsetထဲမှ ဖိုင်တွေ အားလုံးကိုဖွင့်ပြီး ဝီရ စစ်ကြည့်လိုက်၏။ ပြီးသောအခါ သေချာအောင် Memory Card ကိုပါ ထုတ်ယူလိုက်၏။

အချို့Handsetတွေ၏ My Folders ဖိုင်မှာ Phone Memory နှင့် Memory Card ကို ချိန်း၍ သိမ်းဆည်းချင်တာတွေ သိမ်းဆည်း၍ရသောကြောင့် ဖြစ်သည်။

''သိန်းငါးရာတောင် ရတာဆိုတော့ မက်မိုရီကတ်ကလေးတော့ အဆုံးခံလိုက်ပေါ့ဗျာ''

ဥက္ကာစိုးက ဘာမှမပြောဘဲ ငွေအိတ်ကိုဆွဲယူလိုက်သည်။ ဝီရက ဥက္ကာစိုးကို ဖုန်းပြန်ပေးပြီး ...

''ခင်ဗျားမှာ တခြားသိမ်းထားတဲ့ CDတွေ file တွေရှိရင်လည်း နဒီတို့ညီအစ်မကို ငွေထပ်ညှစ်ဖို့ မကြိုးစားပါနဲ့။ အဲ့ဒါဆို ကျွန်တော်ကလည်း ခင်ဗျားကို ငွေပြန်ညှစ်ပြီး အကြွပ်ကိုင်ရလိမ့်မယ်''

''ဘယ်လို ... မင်းက ငါ့ကို ငွေညှစ်ပြီး အကြွပ်ကိုင်ဦးမယ် ဟုတ်လား ... ဟား ... ဟား ... ''

ဥက္ကာစိုးက ရယ်သည်။ လူမိုက်လိုလို ဘာလိုလိုပေါ့လေ။ ဝီရက သူ့အိတ်ထဲမှ ဖုန်းကိုထုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com

''ခင်ဗျား မယုံရင် ဒီမှာ နားထောင်ကြည့်လေ''

ဝီရက Sound Clips ထဲမှ အသံကို ဖွင့်ပြလိုက်သည်။

**''ဘယ်လိုလဲ ဘရဏီ ... ကျုပ် တောင်းဆိုတာကို လိုက်လျောမယ် မဟုတ်လား ...။ ရှင် ... ရှင်က ... ဘာ ... ဘာတောင်းဆိုမှာလဲ။ သိပ် မများပါဘူး ဘရဏီရယ် ... သိန်းငါးရာထဲပါ ...''**

ဖုန်းခလုတ်ကိုနှိပ်၍ ဝီရ ပိတ်ပစ်လိုက်သည်။

''ဒီလောက်ဆို လုံလောက်ပါပြီနော်။ ဆုံးအောင် ဖွင့်မပြတော့ပါဘူး။ ဒီအသံတွေကိုသာ ရဲလက်အပ်လိုက်မယ်ဆိုရင် ... ဟင်း ဟင်း ... လူကြီးလူကောင်းဟန်ဆောင်ပြီး ဒီမှာ လာနိုအောင်းနေတဲ့ ခင်ဗျား ... ဘာဖြစ်သွားမလဲဆိုတာ သိတယ်မလား ...''

''ဟင် ... မင်း ... မင်း ...''

ဉက္ကာစိုး တုန်လှုပ်သွားပုံရ၏။ ဝီရက ပြုံးပြီး ...

''အခုအချိန်မှာ ခင်ဗျား ကျွန်တော့်ကို တစ်ခုခုလုပ်လိုက်မယ်ဆိုရင်တောင် ... ဒီအသံတွေ အားလုံးဟာ ကျွန်တော် Bluetooth နဲ့ ပို့ထားလို့ နဒီတို့ ညီအစ်မသုံးယောက်စလုံးဆီမှာ ရှိနေတယ်။ နောက်နောင် ခင်ဗျားနဲ့ ပတ်သက်ပြီး သူတို့ရဲ့လုံခြုံရေးအတွက် စိတ်ချရအောင်ပေးထားတာ။ ဒါကြောင့် နဒီတို့ ညီအစ်မသုံးယောက်ကို ခင်ဗျား ငွေထပ်ညှစ်ဖို့ မကြိုးစားပါနဲ့။ နဒီနဲ့ပတ်သက်ပြီး ခင်ဗျားတစ်ခုခု ရှေ့ဆက်တိုးလာရင်လည်း ကျွန်တော်က အသက်ချင်း အလဲအလှယ်လုပ်ပစ်လိုက်မှာ''

ရဲရင့်ပြတ်သားစွာပြောပြီး အိမ်ထဲမှ ဝီရ ထွက်သွားလေသည်။





ဝီရ ထွက်သွားတာနှင့် ...

သိန်းငါးရာလည်း နည်းလားဆိုသော စိတ်နှင့် ငွေအိတ်ကိုဖွင့်ကာ အထဲမှ ငွေများကို ဉက္ကာစိုး စစ်ကြည့်လိုက်၏။

ထိုအခါတွင် ...

''ဟင်''

ဉက္ကာစိုး အကြီးအကျယ် မျက်နှာပျက်သွားသည်။ ဒီတစ်ချီမှာတော့ သူ ပယ်ပယ်နယ်နယ် အတွယ်ခံလိုက်ရလေပြီ။

အိတ်ထဲမှ ထွက်လာတာတွေက ...

(ရုပ်ရှင် ဗီဒီယို ရိုက်ကွင်းတွေမှာ အသုံးပြုလေ့ရှိသည့်)

အပေါ်ဆုံးတစ်ရွက်သာ ငွေစက္ကူအစစ်ဖြစ်ပြီး၊ အောက်ကအထပ်လိုက် အထပ်လိုက်မှာ တိတိရိရိ လှီးဖြတ်စည်းနှောင်ထားသော အပေါစားစက္ကူတွေ ဖြစ်နေလေသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

''ဒီအချိန်လောက်ဆိုရင်တော့ ဥက္ကာစိုး ဆိုတဲ့လူ ဖျတ်ဖျတ်လူး နေလောက်ပြီ''

''ကောင်းတယ်။ အဲ့လိုလူမျိုး အဲ့လိုဖြစ်မှ''

''ကြောင်သူတော်ဆို ယိုတော့ကြွက်မွေးဆိုတာ အဲ့လိုလူမျိုး ပေါ့''

ညီအစ်မသုံးယောက်သာ၊ နှစ်ထောင်းအားရဖြစ်နေကြသည်။

''ဟဲ့ ... နဒီ ... နင် ပြောတော့ ဝီရက ငပိန်းဆို။ အခုကျတော့ လည်း အရာရာကို သူပဲ ဦးဆောင်လုပ်သွားတာ။ သူ့ခေါင်းထဲက ဒီလို မျိုး အကြံဉာဏ်သာ ထွက်မလာဘူးဆိုရင် ငါတို့တွေ ဘဝပျက်ပြီပဲ''

''ဟုတ်တယ်။ ငါ ဖုန်းပြောနေတုန်းကလည်း သူ အနားမှာ လာရပ်နေတာကိုသာ သိတာ။ သူ့ဖုန်းက Recorder နဲ့ အသံဖမ်းထား တာကို သတိမထားမိလိုက်ဘူး။ အဲဒီကောင်လေး တော်တော်အမြော် အမြင်ရှိတယ်''

ဘရဏီနှင့် ရတီ၏စကားတွေကြောင့် နဒီ ငိုင်တွေသွားမိ၏။ အခုအချိန်မှာ ဝီရသည် သူမတို့ညီအစ်မသုံးယောက်စလုံး၏ အရှက်နှင့် ဘဝကို ကာကွယ်ကယ်တင်ပေးလိုက်သည့် ကျေးဇူးရှင်သူရဲကောင်းဖြစ်





နေလေပြီ။

လူတစ်ယောက်၏ အရည်အသွေးကို ခဏတာအမြင်နှင့် ဆုံး ဖြတ်၍မရကြောင်း နဒီ သဘောပေါက်သွားမိ၏။

ရတီက ...

''ဟဲ့ ... ငါတို့ရဲ့ပုံတွေကို ဥက္ကာစိုးက ဘယ်လိုလုပ် ရိုက်ထား တာလဲ မသိဘူးနော်''

''ဖုန်းကင်မရာနဲ့ ရိုက်တာ ဖြစ်မှာပေါ့ဟာ။ အခုခေတ်မှာ အဲဒီ စနစ်တွေက အရမ်းရေပန်းစားနေတာကို။ သူမောင်းတဲ့ကားနဲ့ သူနေတဲ့ အိမ်မှာလည်း ကင်မရာတွေ ကြိုဆင်ရင် ဆင်ထားမှာပေါ့။ သူ့လိုလူမျိုး အတွက် ဒါတွေက သိပ်ခက်ခဲတဲ့ကိစ္စတွေမှ မဟုတ်တာ။ ဘာပဲဖြစ်ဖြစ် ငါကတော့ အဲဒီကောင်ပါးကို မလိမ့်တပတ်နဲ့ ဆော်ပလော်တီးလိုက်ရတာ အမြတ်ပဲ''

ပြန်တွေးရင်းပင်အရသာရှိနေသလိုမျိုး ဘရဏီကပြော၏။ ရတီက သူမလည်း ပါးမချလိုက်ရသဖြင့် စိတ်မကောင်းဖြစ်နေသည့်ဟန်နှင့်။

''ဟဲ့ ... ငါတို့တွေ သူ့ကို ဒီအတိုင်းပဲ လွှတ်ပေးလိုက်မှာလား''

''နင်က ဘယ်လို စိတ်ကူးရလို့လဲ''

''အဲ့လိုလူမျိုးကို လွှတ်ပေးလိုက်ရင် တခြားလူတွေ ထပ်ပြီး ဒုက္ခရောက်ဦးမှာဟ။ ငါတို့ဝင့်ကျွတ်ပြီးရောဆိုပြီးတော့ မလုပ်ချင်ဘူး''

''ဘာလဲ ... နင်က ရဲတိုင်ချင်တာလား''

''အေး ... ဟုတ်တယ်။ အဲ့လိုလုပ်တာ အကောင်းဆုံးဖြစ်မယ် ထင်တယ်။ အခုအချိန်လောက်ဆို သူ့လက်ထဲက ငါတို့ရဲ့ဖိုင်တွေကိုလည်း ဝီရ ဖျက်ဆီးပြီးလောက်ပြီ။ အဲဒါကြောင့် ငါတို့ အရှက်ကွဲစရာအကြောင်း လည်း မရှိတော့ဘူး။ ပြီးတော့ သူ့လိုလူမျိုး ထောင်ထဲရောက်နေမှ စိတ် ချရမှာ။ မဟုတ်ရင် ငါတို့ကို တစ်နည်းမဟုတ်တစ်နည်းနဲ့ ဒုက္ခပြန်ပေးနိုင်


www.burmeseclassic.com

www.burmeseclassic.com

တယ်''

''ဒါဆိုလည်း လုပ်ဟာ ... ဆော်သာဆော်ပစ်''

ဘရဏီ၏ထောက်ခံချက်ရတာနှင့် ရတီက ရဲစခန်းကို ဖုန်းဆက်ပြီး သတင်းပေးသည်။ ဥက္ကာစိုး ယခုလက်ရှိ နေထိုင်ရာ အိမ်လိပ်စာပြောပြပြီး အမြန်ဆုံး သွားဖမ်းရန် တိုက်တွန်း၏။

''မြန်မြန်လေး သွားဖမ်းလိုက်ပါနော် ... ။ အဲဒီလူက ဂျာနယ်ထဲမှာပါတဲ့ လူလိမ်နဲ့တူလို့ ... တာဝန်သိပြည်သူတစ်ဦးအနေနဲ့ ဖုန်းဆက်လိုက်တာပါ။ အခု ဆက်ဆက်သွားဖမ်းနော် ... မေ့မနေနဲ့ ...''

''ဟုတ်ကဲ့ပါဗျာ ... ဟုတ်ကဲ့ ...''

ကျောင်းသားကို ကျောင်းဆရာမက ပြောသလိုပြောပြီး ရတီ ဖုန်းချလိုက်၏။ ပြီးတော့ ကျေနပ်ဟန်မရှိသေးဘဲ မျက်မှန်လေးကို ပင့်တင်ကာ ...

''ဟဲ့ ... ဘရဏီ''

''ဘာလဲ''

''ဥက္ကာစိုးက လူလည်ဟ။ တော်ကြာ သူ မဟုတ်ပါဘူး ဘာညာဆိုပြီး ဟိတ်ဟန်ကောင်းကောင်းနဲ့ လိမ်နေရင် လွတ်သွားဦးမယ်''

''အဲဒီတော့ နင်က ဘာလုပ်ချင်လို့လဲ''

''ငါတို့ အဲဒီအိမ်ကို လိုက်သွားမယ်ဟာ။ ပို့မယ့်ပို့ ကတို့ရောက်အောင် ပို့ကြတာပေါ့''

''ငါပါ လိုက်ရမှာလား''

''အေးပေါ့ ... နင်ပါတော့ ပိုကောင်းတာပေါ့''

''ဒါဆိုလည်း သွားဟာ''

ဘရဏီနှင့် ရတီ ကောက်ကာငင်ကာ အပြင်သွားဖို့ပြင်သည်။ တစ်ချိန်လုံး ငိုင်တွေနေသည့် နဒီက ရုတ်တရက် ထိုင်ရာမှထပြီး ...





''ငါပါ လိုက်မယ်ဟာ။ ဝီရကို ငါ စိတ်မချဘူး။ သူ့ကို ဥက္ကာစိုးတစ်ခုခုလုပ်မှာ ငါ့စိတ်ထဲ ထင့်နေတယ်''

ဤသို့ဖြင့် ...

သူတို့ညီအစ်မသုံးယောက် ဥက္ကာစိုးနေထိုင်ရာအိမ်သို့ တက်ညီလက်ညီ ထွက်လာခဲ့ကြပါသည်။

ဥက္ကာစိုးနေထိုင်ရာ အိမ်ရှေ့သို့ ရောက်သောအခါ ...

''ဟဲ့ ... ရတီ ... နင် ဖုန်းဆက်ထားတဲ့ပုဂ္ဂိုလ်တွေ မရောက်သေးပါလား''

''ဇာတ်သိမ်းခန်းကျမှ လာမှာထင်တယ်''

''ပြင်ရဆင်ရနဲ့ လာရတာခရီးထောက်လို့ ကြာနေတာ ဖြစ်မှာပါဟာ''

အိမ်ဆီ လှမ်းကြည့်တော့ ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်။ နဒီက ...

''ဝီရ ပြန်သွားပြီလား မသိဘူး''

''ဒီအချိန်ဆို ပြန်သွားရောပေါ့ဟာ''

ဘရဏီက ပြော၏။ ရတီက ...

''ဟဲ့ ... ငါတို့တွေ အိမ်ထဲဝင်ရအောင် ...''


www.burmeseclassic.com

www.burmeseclassic.com

''အမယ်လေး ... တော်ကြာ ဥက္ကာစိုး မကျေမနပ်နဲ့ ငါတို့ကို တစ်ခုခု လုပ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲဟဲ့''

''သုံးယောက်တစ်ယောက်ပဲဟာ။ ငါတို့မှာလည်း ခြေတွေလက်တွေပါတာပဲ။ သူလုပ်ရင် ပြန်လုပ်မှာပေါ့။ လာစမ်းပါဟာ ... တာဝန်ရှိ ပုဂ္ဂိုလ်တွေ ရောက်မလာခင် ဥက္ကာစိုး ဇွေဇွေခုန်နေတာကို အရသာခံ ကြည့်ချင်လို့ပါ။ ငါတို့ သူ့အနားမှာရှိတော့ သူ ထွက်မသွားအောင် မုယာမာယာတွေနဲ့ ထိန်းထားလို့ရတာပေါ့''

ရတီက ပြောပြောဆိုဆို ကော့လန်ကော့လန်နှင့် ရှေ့မှဦးဆောင် ထွက်သွားသည်။ ဘရဏီနှင့်နဒီလည်း နောက်မှ လိုက်လာခဲ့ကြ၏။

ထိုစဉ်အနိုက်မှာပင် ...

ဥက္ကာစိုးနေထိုင်ရာ ခြံဝင်းထဲမှ စုတ်စုတ်ပြတ်ပြတ် အဘိုးကြီး တစ်ဦး ထွက်လာသည်။ ပခုံးပေါ်မှာလည်း တောင်းကြီးတစ်တောင်းကို ထမ်းထား၏။

ရတီက ထိုအဘိုးကြီးကို တွေ့တာနှင့် သွက်သွက်လက်လက်ပင်

''အဘ ... အဘ ... အိမ်ထဲမှာ ဥက္ကာစိုးဆိုတဲ့လူရှိလားဟင်''

အဘိုးကြီးက သူတို့ညီအစ်မသုံးယောက်ကို ငေ့ကြည့်ပြီး ...

''ရှိပါတယ်ကွယ် ရှိပါတယ်။ အိမ်ထဲဝင်သွားလိုက်ပါ''

''ရှိတယ်တဲ့ဟဲ့။ လာ ... လာ ... အချိန်မီသေးတယ်''

မြောက်ကြွမြောက်ကြွနှင့် ရတီ ခြံဝင်းထဲလှမ်းဝင်သွားသည်။ သူမနောက်မှ နဒီနှင့် ဘရဏီလည်း ထပ်ချပ်မကွာ လိုက်ပါသွားကြ၏။

''အင်း ... ဒီကိစ္စတွေပြီးရင်တော့ တန်အောင် ခေတ်ရတီကိုယ်တွေ့ဆိုပြီး အမိုက်စား အချစ်စုံထောက်ဝတ္ထုတစ်ပုဒ် ရေးပစ်လိုက်ဦးမယ်။ အဲဒီဝတ္ထုထဲမှာ ဇာတ်လိုက်မင်းသမီးက ချစ်သူလူဆိုးကို သူကိုယ်တိုင် ဖမ်းပေးလိုက်တာပေါ့ဟာ ... ဟဲ ဟဲ ... ''





ရတီ၏စကားသံကိုကြားတော့ အဘိုးအိုကပြုံးသည်။ ထို့နောက် သူ့ပခုံးပေါ်မှ တောင်းကြီးကို ဘယ်ညာ ပခုံးပြောင်းထမ်းပြီး အေးအေးဆေးဆေး ထွက်ခွာသွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ညီအစ်မသုံးယောက် အိမ်ထဲသို့ ရောက်သောအခါ ...

ဥက္ကာစိုးကို မတွေ့။

''ဒီလူ ဘယ်ရောက်သွားတာလဲ မသိဘူး''

''ရေချိုးခန်းဝင်နေတာ ထင်တယ်''

သုံးယောက်သား ရေချိုးခန်းဆီ သွားလိုက်ကြသည်။ ရေချိုးခန်းမှာ ရေကျသံမကြားရ ... ။ တံခါးကို ဆွဲဖွင့်ကြည့်လိုက်ရာ ... မည်သူမှ မရှိချေ။

''တစ်အိမ်လုံး အနှံ့လိုက်ရှာဟာ။ အဆင်မသင့်ရင် ဆော်သင့်ဆော်ရအောင် လက်နက်တွေယူထား ... ရော့ ... ''

ရတီက ဘယ်ကဘယ်လို ရှာယူလာမှန်းမသိသေ နှစ်တစ်လက်မအရွယ်ရှိ သစ်သားတုတ်တိုနှစ်ချောင်းကို နဒီနှင့်ဘရဏီအား ပေး၏။ သူမကိုယ်တိုင်လည်း လက်ထဲမှာ ဝါးရင်းတုတ်တစ်ချောင်းကို အားပါးတရ ဆုပ်ကိုင်ထားသည်။

ဦးအောင်ဇေယျ၏ တပ်သားလိုလို ဘာလိုလို ... ။

သူမပုံစံက တကယ့်ကိုပဲ ချစ်သူလူဆိုးကို ဖမ်းတော့မည့်ဇာတ်လိုက်မင်းသမီးဟန် အပြည့်နှင့် ... ။





အရေးထဲမှာ မျက်မှန်ကျွတ်မကျအောင်လည်း သူမခမျာ သတိထားရသေး၏။ မှန်ကြောင်ဖြစ်ရတာလည်း အဲ့ဒါ တစ်ဒုက္ခနော် ... ။

ညီအစ်မသုံးယောက်သား တုတ်တွေတကားကားနှင့် တစ်အိမ်လုံးအနှံ့ပတ်ရှာပေမယ့် ဥက္ကာစိုး၏ အရိပ်အယောင်ကိုပင် မတွေ့မြင်ရပါ။ ဒါနှင့် နောက်ဆုံး လက်လျှော့ပြီး ဧည့်ခန်းဆိုဖာပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်ကြ၏။

ဒီတော့မှ ...

''ဟယ် ... ဒီမှာ စာတစ်စောင်''

နဒီက စားပွဲခုံလေးပေါ်မှ စာကိုတွေ့သွားသည်။ သုံးယောက်သား ခေါင်းချင်းဆိုင် ဖတ်ကြည့်လိုက်ရာ ...

**အလာကောင်းပေမယ့်**
**အခါနှောင်းသွားပါပြီ။**

''ဟာ ... သေပြီ ဆရာ''

ရတီက သူ့နဖူးသူ လက်ဝါးနှင့် ဖြန်းခနဲရိုက်သည်။ ဘရဏီက

''ဒါဆို ... ဒီအိမ်ကနေ ဥက္ကာစိုး ထွက်သွားပြီပေါ့''

နဒီက ...

''သူ ဘယ်အချိန် ထွက်သွားတာလဲ မသိဘူး။ ဝီရနဲ့လည်း ပိုက်ဆံအပေးအယူလုပ်ဖို့ ချိန်းထားတာဆိုတော့ ... သူသွားတာ မကြာလောက်သေးဘူး''

''အင်း ... ဒီကွင်းဆက်တွေကို ဆက်စပ်ကြည့်မယ်ဆိုရင် ...''


www.burmeseclassic.com

www.burmeseclassic.com

မျက်မှန်ကို ပင့်တင်ကာ မျက်မှောင်ကြုတ်ပြီး ရတီ အားသွန်ခွန်စိုက် စဉ်းစားသည်။ သူမကို မြင်ရသည်မှာ အရွယ်တွေကျတော့မလား ပင် စိုးရိမ်ရ၏။

''ငါ သိပြီ''

''လုပ်ပြန်ပြီ ... ဘာသိတာလဲ''

''ခုနက ဒီခြံထဲကထွက်သွားတဲ့ ပေစုတ်စုတ် အဘိုးကြီးဆီကနေ ငါ ရေမွှေးနံ့ရလိုက်တယ် ...''

''ဟင် ... ဒီလောက်စုတ်ပြတ်နေတဲ့ အဘိုးကြီးက ရေမွှေးဆွတ်ပါ့မလား''

''သူလည်း ကိုယ်နဲ့ထိန်းချင်လို့ ဖြစ်မှာပေါ့ဟယ်''

''သူငယ်ပြန်နေတာလည်း ဖြစ်နိုင်တာပဲ''

''တော်စမ်း ...''

ရတီက ဘရဏီနှင့် နဒီကို ဟောက်သည်။

''နင်တို့ထင်ရာမြင်ရာတွေ စွတ်ပြောနေတာနဲ့ တရားခံက လွတ်သွားဦးမယ်။ အဲဒီအဘိုးကြီးဟာ ဥက္ကာစိုးပဲဖြစ်ရမယ်။ ဒီခြံထဲကနေ အဘိုးကြီးတစ်ယောက် ထွက်လာစရာဘာအကြောင်းမှမရှိဘူး''

''အင်း ... ဟုတ်တယ်နော်''

''ဒါဆို ငါတို့ဘာဆက်လုပ်မလဲ''

''ဘာလုပ်ရမလဲ ... အများပြည်သူ ဒုက္ခမရောက်ဖို့အတွက် တရားခံကို အမိဖမ်းရမယ်။ ထ ... နားမနေနဲ့ ... အဲဒီအဘိုးကြီးနောက် ဆက်လိုက်မယ် ...''

ညီအစ်မသုံးယောက်သား တုတ်တွေကိုဝင့်ပြီး အိမ်ထဲမှ ပြေးထွက်လိုက်ကြသည်။ ကွန်မန်ဒိုတပ်သားတွေသဖွယ်။

ထိုအချိန်မှာပဲ ...





ရပ်ကွက်လူကြီး၊ လမ်းလူကြီးနှင့် ရဲတပ်ဖွဲ့ဝင်တွေ ခြံထဲဝင်လာကြသည်။

''ဟာ ... ဟိုမှာ ...''

အိမ်ထဲမှ တုတ်ကိုယ်စီကိုင်ပြီး ပြေးထွက်လာသော ညီအစ်မသုံးယောက်ကိုမြင်တော့ ရဲတွေလန့်သွားသည်။ လက်နက်တွေကိုပင် ကပျာကယာ အသင့်ပြင်လိုက်ကြ၏။

''ဟော့ ... မလှုပ်နဲ့ ... ရှေ့ဆက်မတိုးနဲ့နော် ... မင်းတို့လူလိမ်အဖွဲ့ကို ရဲတွေဝိုင်းထားပြီ''

''ဟင်''

သေနတ်တွေနှင့် အချိန်ခံလိုက်ရသဖြင့် ညီအစ်မသုံးယောက်စလုံး တွန့်သွားကြသည်။ ပြေးနေရာမှ ရပ်၍ ကြက်သေသေသွားကြ၏။

''လက်နက်တွေ ချလိုက်ပါ''

ကြောက်ကြောက်လန့်လန့်နှင့် တုတ်တွေကို လွှတ်ချလိုက်ကြ၏။ လူကြီးတစ်ယောက်က ဘရဏီကို ခြေဆုံးခေါင်းဆုံး သေချာကြည့်ပြီး

''ခင်ဗျားက ရုပ်ရှင်မင်းသမီး မဟုတ်လား''

ဘရဏီ ပျော်သွားသည်။ အားကိုးရပြီ အထင်နှင့် ...

''ဟုတ်ပါတယ်ရှင် ... ဟုတ်ပါတယ် ...။ ကျွန်မ ရုပ်ရှင်မင်းသမီးပါ''

''သြော် ... ခင်ဗျားလည်း လူလိမ်အဖွဲ့ဝင်ပဲပေါ့လေ။ မထင်ရဘူးနော်''

''အင်''

ဘရဏီ နင်သွားသည်။

''ကျွန်မ လူလိမ် မဟုတ်ပါဘူးရှင်''

''ဒါဆို တုတ်တွေနဲ့ ခင်ဗျားတို့ ဒီမှာဘာလုပ်နေတာလဲ။ ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်နေကြတာလား''

''မဟုတ်ပါဘူးရှင် ... ရုပ်ရှင်ရိုက်နေတာလည်း မဟုတ်ပါဘူး''

''ဒါဆို ဘာလုပ်နေကြတာလဲ''

''ဟို ... ဟို''

အထစ်ထစ် အငေါ့ငေါ့နှင့် ဘရဏီ ဘာဆက်ပြောရမှန်းမသိဖြစ်သွားသည်။ နဒီဆိုလျှင် ကြောက်လွန်းသဖြင့် ဘာမှဝင်မပြောနိုင်ဘဲ ငူးတွေပင် တုန်နေသည်။

ရတီက မျက်စိပျက်မျက်နှာပျက်နှင့် ဝင်ပြော၏။

''ကျွန်မ ... ကျွန်မ ... ရှင်းပြပါရစေဦးရှင် ...''

''ရှုတ်ရှုတ် ရှုတ်ရှုတ်တော့ မလုပ်နဲ့နော်။ ထွက်ပြေးတာနဲ့ ပေါင်ကို သေနတ်နဲ့ ပစ်ချိုးပစ်မှာ ...''

''အမယ်လေး ... မ ... မပစ်ပါနဲ့ရှင် ...။ ကျွန်မ ထွက်မပြေးပါဘူး ...။ ဒီနေရာမှာပဲ ငြိမ်ငြိမ်လေး ရပ်ပြီးတော့ ပြောမှာပါ''

''ဘာပြောမှာလဲ ... ပြော''

ရတီက ရင်ဘတ်ကလေးကိုဖိပြီး အသက်ကို အနိုင်နိုင်ရှူရင်း

''ကျွန်မနာမည်က ခေတ်ရတီပါ။ ဒါက ကျွန်မညီမ ခေတ်နဒီ။ သူကတော့ ကျွန်မအစ်မ ခေတ်ဘရဏီ''

''ဩော် ... ခေတ်မျိုးခေတ်နွယ်တွေပဲ''

''ဟုတ်ပါတယ်ရှင် ... ဟုတ်ပါတယ် ... ခေတ်မျိုးခေတ်နွယ်တွေပါ''

''ဒါကြောင့် ခေတ်ကာလသားသမီးတွေ မကောင်းဘူးလို့ ပြောတာပေါ့''

''ဟင်''

ပြောနေရင်း ရတီ ဆန့်ငင်ဆန့်ငင် ဖြစ်သွား၏။ သူမ ဖျစ်ညှစ်





အားယူပြီး ...

''ဒီလိုပါရှင် ... ကျွန်မ အစ်မ ဘရဏီက မင်းသမီးဆိုတာ ဟုတ်ပါတယ်။ ကျွန်မ ညီမလေးက အဆိုတော်ပါ။ ကျွန်မကတော့ စာရေးဆရာမပါရှင်''

''အနုပညာသမားတွေလည်း လူလိမ်တွေ ဖြစ်နေပါလား''

''မ ... မဟုတ်ပါဘူးရှင် ... ကျွန်မတို့က လူကောင်းတွေပါ''

''ဒါဆို ဒီကို ဘာလို့ ရောက်နေတာလဲ''

''အဲ့ဒါက ဒီလိုပါရှင် ... စခန်းကို ဖုန်းဆက်ပြီး သတင်းပေးတဲ့ တာဝန်သိပြည်သူတစ်ဦးဆိုတာ ကျွန်မပါ ...''

ရတီက သူမတို့ညီအစ်မသုံးယောက် အိမ်ကထွက်လာသည်မှစ၍ ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်ပါသည်။

ထိုအချိန်တွင် ...

ရန်ကုန်မြို့၏ အများသုံးအိမ်သာတစ်ခုအတွင်းသို့ တောင်းကြီးတစ်တောင်းအား ထမ်းလျက် အဘိုးကြီးတစ်ဦး ဝင်သွားသည်။

ခဏကြာသောအခါ ...

ထိုအိမ်သာထဲမှ ခေတ်မီကျော့ရှင်းသော အမျိုးသမီးတစ်ဦး ထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုနေ့က …

ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ပွားသည်။ စစ်ဆေးမေးမြန်းခြင်းတွေ ပြုလုပ်ကြသည်။ ဝေါကီတော်ကီ မြည်သံများ၊ အရေးပေါ် ကားဟွန်းသံများ ဆူညံလှုပ်ရှားနေပါသည်။

အထူးခြားဆုံးအချက်မှာ …

သက်ကြီးရွယ်အို အဘိုးကြီးများ ဖမ်းဆီးစစ်ဆေးခံရခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ ရုတ်ရုတ်သဲသဲ အခြေအနေများအားကြည့်၍ အမျိုးသမီးတစ်ဦးက ပြုံးနေပါသည်။

လူကွယ်ရာသို့ရောက်သောအခါ …

သူ့ရင်ဘတ်မှ ပန်းသီးကို ထုတ်၍ ဝွပ်ခနဲ ကိုက်စားလိုက်လေသည်။



အနမ်းဆိုတာ … မြေဆိုးတစ်ကောင်ရဲ့ အာနိသင်ပြင်းတဲ့ အဆိပ်ရည်လိုပါပဲ … ။ ဆေးအဖြစ်နဲ့ မှိဲဝဲနိုင်သလို ဘေးအန္တရာယ်လည်း သင့်ရောက်နိုင်ပါတယ်။

သေချာတာကတော့ … အနမ်းမှာ ထူးခြားတဲ့ စွမ်းရည်သတ္တိတွေ တကယ်ကို ရှိနေခြင်းပါပဲ … ။


www.burmeseclassic.com

www.burmeseclassic.com

## ( နိဂုံး )

မှော်ဆန်သော အနက်ရောင် အခိုးအငွေ့တွေနှင့် ချောက်ချားစရာ ပဉ္စလက်ပြကွက်များ ဖြစ်ပွားပြီး ရက်ကာလအတန်ကြာသောအခါတွင် ...

ရန်ကုန်မြို့၏ သင့်တင့်လျောက်ပတ်သော ဟိုတယ်တစ်ခုတွင် မင်္ဂလာဧည့်ခံပွဲတစ်ခု ကျင်းပပါသည်။ ထိုမင်္ဂလာဧည့်ခံပွဲသို့ ရုပ်ရှင် ဗီဒီယို အသိုင်းအဝိုင်းမှ လူပုဂ္ဂိုလ်များ၊ စာပေနယ်မှ လူပုဂ္ဂိုလ်များ၊ ဂီတလောကမှ လူပုဂ္ဂိုလ်များ ... အစရှိသဖြင့် ဧည့်ပရိသတ် စုံလင်စွာ တက်ရောက် ချီးမြှင့်ကြပါသည်။

ထိုမင်္ဂလာဦးညတွင် ...

သတို့သမီးက ရှက်ကိုးရှက်ကန်းဖြစ်နေသော သတို့သားအား ခွင့်ပန်၏။

''ဝိရ''

''ပြောလေ နဒီ''

''နင့်ကိုငါ နမ်းပါရစေ''

''ဟင်''

သတို့သားလှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သတို့သမီးက သတို့သားကို ကြည့်ကာ ...





''အဲဒီလိုပြောလို့ နင် ငါ့ကို အထင်သေးသွားလားဟင်''

''မသေးပါဘူး နဒီရယ်။ ငါ အံ့ဩမိတာပါ''

''နင်က ငါ့ကို ပထမဆုံးနမ်းရှိုက်ခွင့် မရခဲ့ဘူးလေ။ အဲဒီအတွက် ငါ့ကိုငါ အပြစ်ရှိသလို ခံစားရတယ်။ ဒါပေမယ့် ငါ့ဘဝမှာ ဘယ်သူ့စိမ်းယောက်ျားကိုမှ ငါ့ဘက်ကစပြီး မနမ်းခဲ့ဘူး။ အဲ့ဒါကြောင့် ငါ့ရဲ့ပထမဆုံး အနမ်း နင့်ကို ပေးချင်လို့ပါ''

သတို့သား အိုးတိုးအမ်းတမ်းတွေ ဖြစ်နေသည်။ သတို့သမီးက ပြုံး၍ ...

''မျက်စိမှိတ်''

''ဟင် ... ဘာလုပ်မလို့လဲ''

''ဘာလုပ်လုပ်ပေါ့ဟာ ... နင်နဲ့ငါ လင်မယားတွေပဲ''

''ဟင်''

''တဟင်ဟင်နဲ့ ဘာဖြစ်နေတာလဲ။ မျက်စိမှိတ်ပါဆို''

တုန်တုန်လှုပ်လှုပ်နှင့် သတို့သား မျက်စိမှိတ်သည်။ သတို့သမီးက သူမ၏ ဖောင်းဖောင်းအိအိ လက်ချောင်းသွယ်သွယ်လေးတွေနှင့် သတို့သား မျက်နှာအနှံ့ ကိုင်ကြည့်ပြီး ...

'''အနမ်းနဲ့ ပတ်သက်ပြီး အမိပ္ပာယ် ဖွင့်ဆိုချက်တွေရှိတယ်။ အဲ့ဒါတွေကို နင် သိလား''

''ဟင့်အင်း ... မ ... မသိဘူး ...''

သတို့သား အသံတွေပါ တုန်လာသည်။

''နင် မသိရင် ငါ ပြောပြမယ်။ နားထောင်နော်''

''အင်း ...''

''မှတ်လည်း မှတ်ထားပေါ့''

''အင်း ... အင်းပါ ...''

www.burmeseclassic.com

''နဖူးကို နမ်းတာက မြတ်နိုးခြင်းလို့ အဓိပ္ပာယ်ရတယ်''

''အင်း ... ''

''ဆံပင်ကို နမ်းတာက ကြည်နူးခြင်းလို့ အဓိပ္ပာယ်ရတယ်''

''အင်း ... ''

''ပါးပြင်ကို နမ်းတာက နှစ်သက်ခြင်းလို့ အဓိပ္ပာယ်ရတယ်''

''အင်း ... ''

''နှုတ်ခမ်းကို နမ်းတာက ချစ်ခင်စုံမက်ခြင်းလို့ အဓိပ္ပာယ်ရတယ်''

''အင်း ... ''

''အခု နင့်ကိုငါ ဘယ်နေရာနမ်းမယ်ထင်လဲ''

''မ ... မသိဘူး ... ''

''အဲ့ဒါဆို ငြိမ်ငြိမ်လေးနေ''

သတို့သမီးက သတို့သားအား နမ်း၏။

နဖူး ...

ဆံပင် ...

ပါးပြင် ...

နှုတ်ခမ်း ...

ရယ်ချင်စိတ်နှင့် အံကြိတ်ခံနေရသည့် သတို့သားခမျာမှာတော့ ကြက်သီး တွေ ဖြန်းခနဲ ... ဖြန်းခနဲ ... ။

နူးညံ့တဲ့အထိအတွေ့တွေ တအိအိပြိုကျလာတိုင်း ဂုဏ္ဍေကြီး တစ်ခွဲသားနဲ့ ပီတိတွေ ရွှန်းရွှန်းဝေလို့ပေါ့ ... ။





ခင်ဗျားတို့လည်း ဝါသနာပါရင် မှတ်ထားကြပါလား ... ။ လောကီရေးရာမှာ ဟန်ဆောင်ကောင်းရင် အမြတ်ချည်းပဲဆိုတာလေ။

ဒါပေမယ့် ... ကိုယ့်ရဲ့လုပ်ဆောင်မှုကြောင့် တစ်ဖက်မှာ ဆိုးကျိုးဖြစ်မသွားဖို့တော့ အရေးကြီးတာပေါ့ဗျာ ... ။


www.burmeseclassic.com

www.burmeseclassic.com



(နောက်ဆက်တွဲ ဖြစ်ရပ်)

နယ်စပ်မြို့လေးတစ်မြို့ ... ။

ကြယ်စင်များ ဖွေးခဲနေသော ညဦးယံတွင် မြို့ကလေးသည် မအိပ်စက်သေးဘဲ များပန်းခတ်မျှ တက်ကြွနိုးကြားလျက် ရှိတုန်းပင်။

လူစည်ကားရာ Restaurant တစ်ခုတွင် အကင်စားချင်သူများ၊ အဖျော်ယမကာ ဘီယာ သောက်သုံးချင်သူများ၊ ဇာတ်ကွဲဇာတ်တူ ဆိုက်စုံ ဝိုက်စုံ ရှုစားချင်သူများ၊ ပစ္စည်းလဲလှယ်ရောင်းဝယ်လိုသော မြေပေါ် မြေအောက် လောကသားများ ... အစရှိသဖြင့် လူရောင်စုံ ရောက်ရှိနေကြပါ၏။

ညကာလ၏ ပွဲတော်တစ်ခုပမာ စည်ကားမှုကို မီးရောင်ဝါဝါတို့က အားဖြည့်ပေးထားသည်။ ဂီတသံနှင့် လူတို့၏ ဆူညံမှုများသည် ယမကာရနံ့ ဩဇာနံ့တွေနှင့်အတူ လေထုထဲမှာ ပျံ့လွင့်နေလေသည်။

ချောင်ကျသော ထောင့်တစ်ထောင့်တွင် သက်လတ်ပိုင်းအရွယ် စုံတွဲတစ်တွဲထိုင်နေ၏။ သူတို့အမူအရာတွေကို သတိထားပြီး ကြည့်မည်ဆိုပါက အချင်းများနေတာမှန်း သိသာသည်။

နှစ်ယောက်စလုံး ကြေကွဲနေပုံလည်း ရ၏။





"နင်နဲ့ငါ ပြတ်ပြီ"

အမျိုးသား၏စကားကြောင့် အမျိုးသမီး၏နှုတ်ခမ်းသည် အနီရောင် ဝလုံးတစ်လုံး ဖြစ်သွား၏။

"ဘာ ... ဘာကြောင့်လဲ ... "

"ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့ဟာ။ အရစ်ရှည်မနေနဲ့တော့။ ပြတ်ချင်လို့ ဖြတ်တာ ... ရှင်းလား ... "

အမျိုးသားက ပြတ်သား၏။ အမျိုးသမီးက အတွယ်အတာတွေ များနေ၏။

"အကြောင်းပြချက်ကလေးတောင် မပေးတော့ဘူးလားဟင်"

"ငါ့မှာ ကလေးတွေရှိတယ်"

"ဟင် ... ဒါနဲ့ အစကပြောတော့ လူပျိုသိုးကြီးဆို"

"အဲ့ဒါ ညာခဲ့တာ"

"ဟင့်အင်းဟာ ... မရတော့ဘူး ... ။ အခုမှတော့ လူပျိုသိုးကြီးပဲဖြစ်ဖြစ် လူအိုသိုးကြီးပဲဖြစ်ဖြစ် ချစ်မှာပဲ"

အမျိုးသမီးက ဖွတ်လုပ်နေတော့ အမျိုးသား စိတ်ရှုပ်လာသည်။

"နင်လည်း ပိုက်ဆံချမ်းသာတာပဲဟာ။ နင်နဲ့ အဆင်ပြေမယ့် ယောက်ျားမျိုးပဲ ရှာတော့။ ငါသွားတော့မယ်"

"အဲဒီလို ပစ်ပစ်ခါခါကြီး မထားခဲ့ပါနဲ့။ ဒီက မခွဲနိုင်ဘူး။ စွဲနေပြီ"

"လျှောက်ပြောမနေနဲ့။ နင့်ပါးစပ်ပေါက်ကို ဖင်ဆီပူးနဲ့ ဆို့ထားလိုက်"

အမျိုးသားသည် အကင်ပန်းကန်ထဲမှ ကြက်အဆီပူးကို နှိုက်ယူပြီး အမျိုးသမီးပါးစပ်ပေါက်ထဲ ထိုးထည့်ကာ ထထွက်သွားလေသည်။ အမျိုးသမီးခမျာ ဖင်ဆီပူးတန်းလန်းနှင့် ဝမ်းပမ်းတနည်း ဖြစ်ကျန်ခဲ့ရှာ၏။



www.burmeseclassic.com

www.burmeseclassic.com


သူတို့နှစ်ဦး၏ ဖြစ်စဉ်ကို မလှမ်းမကမ်းမှ လူတစ်ဦးက အသေအချာ စိုက်၍ကြည့်နေသည်။ မျက်ဝန်းတွေက လျှို့ဝှက်မှုများနှင့် သိုသိပ်နက်နဲကာ စူးစူးရဲရဲရှိလှသည်။ နှုတ်ခမ်းထောင့်မှာတော့ အပြုံးတစ်ခု တွဲလဲခိုနေပါ၏။

ထိုအပြုံးက သားကောင်ကိုတွေ့သော မုဆိုး၏ ရိထေ့ထေ့အပြုံး ဖြစ်လေသည်။



# သတိ!

ကျော့ကွင်းတစ်ခု ရှိသည်။

ထိုကျော့ကွင်းသည် မနသကျော့ကွင်း ဖြစ်၏။

ကံကြမ္မာဆိုသည်မှာ သင်၏ပစ္စုပ္ပန်လုပ်ဆောင်မှုနှင့်လည်း သက်ဆိုင်ပါသည်။

လင်းညို့သွေ


**20.August.201**


www.burmeseclassic.com

 www.burmeseclassic.com

( အချုပ်ပို )

လူငယ်တစ်ယောက်အား ဥက္ကာစိုး ပေးခဲ့သော အဆောင်ပစ္စည်းတွင် အောက်ဖော်ပြပါ ပုံပါရှိပါသည်။



BURMESE CLASSIC .com

ဤပုံသည် လောကီအစီအရင်တစ်ခုဖြစ်၍ ၎င်း၏လုပ်ဆောင်ချက်များမှာ ခက်ခဲရှုပ်ထွေးလှပါသည်။ အဖက်ဖက်မှ အကျိုးအပြစ်တို့ကို ထောက်ထား၍ ဤပုံနှင့်ပတ်သက်ပြီး အသေးစိတ် ရှင်းမပြသည့်အချက်အား နားလည်ခွင့်လွှတ်စေလိုပါသည်။

ပရိသတ်ကိုအစဉ်လေးစားလျက်
လင်းညို့သွေး

**The End**

[illegible]

www.burmeseclassic.com